# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်**

စိတ်သည် လျင်မြန်၏။ အလိုရှိရာ အာရုံတို့၌ ကျလေ့ရှိ၏။ ထိုစိတ်ကို နှိမ်နင်းရန် ခက်ခဲလှ၏။ ထိုစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ နိဗ္ဗာန်သို့ သွားရာ အကျင့်ကောင်းဖြစ်၏။ ဆုံးမပြီး၍ ယဉ်ကျေးသော စိတ်သည် နိဗ္ဗာန်ချမ်းသာကို ရွက်ဆောင်နိုင်၏။

စိတ္တဝဂ် (ဓမ္မပဒ - ၃၅)


၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက် | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၁၇)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဗဟိုအဆင့်အင်္ဂလိပ်ဘာသာစွမ်းရည်ပြိုင်ပွဲ တက်ရောက်



**နေပြည်တော် ဇန်နဝါရီ ၂၄**

တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်တို့မှ ကျောင်းသား ကျောင်းသူများ၏ ဗဟိုအဆင့်အင်္ဂလိပ်ဘာသာစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-II) ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်အားပေး ချီးမြှင့်သည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❁


**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူတို့ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်တို့မှ ကျောင်းသား ကျောင်းသူများ၏ ဗဟိုအဆင့် အင်္ဂလိပ်ဘာသာစွမ်းရည် ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်**

(သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဘူတန်နိုင်ငံဘုရင်မင်းမြတ်၏ခွေးတော်တို့ ပုဂံ၌ ကြည့်ရှုလေ့လာ

**နေပြည်တော် ဇန်နဝါရီ ၂၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်၏ခွေးတော် (ယခင်ဘူတန်ဘုရင်၏ ပထမမြောက်မိဖုရား) Her Majesty the Queen Mother Ashi Dorji Wangmo Wangchuck နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း လှည့်လည်ကြည့်ရှုလေ့လာပြီး ပုဂံမြို့၏ အထင်ကရဘုရားများသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဘူတန်နိုင်ငံဘုရင်မင်းမြတ်၏ ခွေးတော်တို့သည် ရှေးဦးစွာ အာနန္ဒာဘုရားသို့ သွားရောက်ဖူးမြော်ပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဂူပြောက်ကြီး(မြင်းကပါ)ဘုရားသို့ရောက်ရှိကြကာ ပန်း၊ ဆီမီး၊ ရေချမ်းတို့ကို ကပ်လှူပူဇော်ကြပြီး ဘုရားပရိဝုဏ်အနီး သဲပန်းချီလက်မှုအနုပညာလုပ်ငန်း ဆောင်ရွက်နေမှုအား ကြည့်ရှုအားပေးသည်။


*စာမျက်နှာ ၇ ကော်လံ ၃* ●




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်၏ခွေးတော်တို့ ရိုးရာလက်မှုအနုပညာ ယွန်းထည်များအား ကြည့်ရှုလေ့လာစဉ်**

(သတင်းစဉ်)


KBZ BANK

STRENGTH OF MYANMAR

သန္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

## မြန်မာစာပေလှုပ်ရှားမှု တစ်ခေတ်ဆန်းချိန်

နိုဘယ်လ်-မြန်မာစာပေပွဲတော်ကို ဇန်နဝါရီလ ၂၂ ရက်မှ ၂၄ ရက်နေ့အထိ ကျင်းပခဲ့သည်ကို တွေ့ရသည်။ ဤစာပေပွဲတော်ကို နှစ်စဉ်ဇန်နဝါရီလအတွင်း ကျင်းပခဲ့ရာ ယခု (၃) ကြိမ်မြောက်ဖြစ်သည်။ ပထမအကြိမ်ကို နိုင်ငံရေး၊ စာပေနှင့်ငြိမ်းချမ်းရေး၊ ဒုတိယအကြိမ်ကို ကလေးစာပေ၊ ယခုတစ်ကြိမ်ကိုတော့ ရသစာပေဟုခေါင်းစဉ်တပ်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ခြင်းဖြစ်သည်။

ပထမအကြိမ်တွင် နိုဘယ်လ်ဆုရစာပေများကို အဓိကထား၍ ဖော်ပြခဲ့သည်။ နိုဘယ်လ်ဆုရ မူရင်းစာအုပ်များနှင့် မြန်မာဘာသာပြန်များကို ပြသခဲ့သည်။ နိုဘယ်လ်ဆုရ စာအုပ်၊ စာပေမြန်မာဘာသာပြန် အုပ် ၁၀၀ ကျော်ကို ပြန်လည်ပုံနှိပ်ထုတ်ဝေခဲ့ရာ ဝယ်ယူအားပေးသူ များပြားခဲ့သည်။ ဒုတိယအကြိမ်တွင်လည်း ကလေးစာပေခေါင်းစဉ်နှင့်လျော်ညီစွာ ကလေးစာပေစာအုပ်များစွာ ရိုက်နှိပ်ထုတ်ဝေနိုင်ခဲ့သည့်အပြင် ကလေးများကိုယ်တိုင်ပါဝင်ဆင်နွှဲနိုင်မည့် အစီအစဉ်ပေါင်းများစွာ ထည့်သွင်းခဲ့ရာ ကျောင်းနေအရွယ်ကလေးငယ်များစွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။ ယခုအကြိမ်တွင်မူ ရသစာပေဟုခေါင်းစဉ်ပေးထားရာ မြန်မာနိုင်ငံ၏ အစဉ်အလာ ထွန်းတောက်ခဲ့သော ရသစာပေများကို ပြန်လည်ဖော်ထုတ်ခြင်း၊ ရသစာပေဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲများ၊ ကဗျာရွတ်ပွဲများ၊ စာအုပ်မိတ်ဆက်ပွဲများစသဖြင့် အစီအစဉ်များစုံလင်စွာ ထည့်သွင်းထားသည်ကို တွေ့ရသည်။ ထို့ပြင် စာအုပ်ဆိုင်ပေါင်း ၁၀၀ကျော် ပါဝင်ရောင်းချကြသဖြင့် လာရောက်သူပရိသတ်များအတွက် တစ်နေရာတည်းတွင် လိုချင်သော စာအုပ်များ အစုံအလင်ရရှိနိုင်သည်။

အနှစ် ၁၀၀၀ ခန့် သက်တမ်းရှိခဲ့သော မြန်မာစာပေသည် ကြွယ်ဝသော အမွေအနှစ်များဖြင့် အဆင့်အတန်းရှိခဲ့သည်ကို အသိအမှတ်ပြုရမည် ဖြစ်ပါသည်။ အင်းဝခေတ်မှစ၍ ထွန်းကားခဲ့သော ပျို့၊ ကဗျာ၊ လင်္ကာ၊ အဲချင်း၊ သီချင်းကြီး၊ သီချင်းခန့်၊ တေးတပ်၊ မေတ္တာစာ စသဖြင့် စာပေတစ်ရပ်၏ ဂုဏ်အင်္ဂါများ အစုံအလင်ပြည့်ဝစွာရှိခဲ့သည်ကို တွေ့ရှိနိုင်ပါသည်။ ယခုစာပေပွဲတော်တွင် အနီးခေတ်သမိုင်းတွင် ထင်ရှားခဲ့သော၊ ရသမြောက်သော၊ စာပေတန်းဝင်သော မြန်မာဝတ္ထုစာအုပ် ၁၀၀ နှင့် မြန်မာကဗျာ ၁၀၀ စာရင်းကို ထုတ်ပြန်ခဲ့သည်။ ထိုဝတ္ထုစာအုပ်များကို စာရေးဆရာများ၏ ရုပ်ပုံများနှင့်တကွ ခင်းကျင်းဖော်ပြထားသည်ကို ဂုဏ်ယူစွာတွေ့မြင်ရသည်။

နိုင်ငံတကာတွင်လည်း စာရေးဆရာများနှင့်သူတို့၏ လက်ရာများနှင့် သူတို့၏ ဇာတ်ကောင်များကို တမြတ်တနိုးတန်ဖိုးထား ဖော်ပြကြသည်။ ကမ္ဘာတွင်ဂန္ထဝင် ၁၀၀ ဝတ္ထုများ ရွေးချယ်ဖော်ပြထားခြင်းများ ရှိသည်။ နိုင်ငံအလိုက်လည်း နိုင်ငံတစ်နိုင်ငံ၏ အမှတ်လက္ခဏာ၊ လူမျိုးဂုဏ်၊ အစဉ်အလာများကို ဖော်ညွှန်းနိုင်သော စာအုပ် ၁၀၀ စာရင်းမျိုးလည်း ရှိသည်။ တရုတ်နိုင်ငံ ပေကျင်းစာရေးဆရာအသင်းတိုက်တွင် တရုတ်နာမည်ကြီးစာရေးဆရာများ၏ ပုံတူရုပ်တုများအပြင် ၎င်းတို့၏ နာမည်ကြီး ဇာတ်ကောင်များပါဝင်သည့် နံရံဆေးရေးပန်းချီကားများ တခမ်းတနားရေးဆွဲပြသထားသည်။ ၎င်းစာရေးဆရာအသင်းတွင် စာကြည့်တိုက်၊ စာဖတ်ခန်း၊ ပြတိုက်သင်တန်းခန်းမများ၊ နားနေဆောင်များစသဖြင့် အဆောင်ဆောင်အခန်းခန်း ဖွဲ့စည်းတည်ဆောက်ထားသည်ကိုလည်း တွေ့ရသည်။

ယခုအစိုးရလက်ထက်တွင် စာပေလှုပ်ရှားမှုများကို ခပ်စိတ်စိတ် တွေ့မြင်လာရသည်မှာ အားတက်ဖွယ်ဖြစ်ပါသည်။ ပြီးခဲ့သောနှစ်ပတ်က ဖွင့်လှစ်ခဲ့သည့် ရန်ကုန်မြို့လယ် စာအုပ်ဈေးတန်းသည်လည်း အောင်မြင်စွာလည်ပတ်လျက်ရှိသည်။ စနေ၊ တနင်္ဂနွေနှစ်ရက်သာ ဖွင့်လှစ်သည့် စာအုပ်ဈေးတန်းတွင် ယခုဆိုင်ခန်း ၂၀၀ လောက်အထိ လာရောက်ဖွင့်လှစ်လျက်ရှိသည်ကို တွေ့ရသည်။ ထို့ပြင် ၎င်းစာအုပ်တန်းနှင့် မျက်နှာချင်းဆိုင်တွင်ရှိသော ပြန်ကြားရေးဝန်ကြီးဌာန ဗဟိုပုံနှိပ်စက်ရုံ အဆောက်အအုံအတွင်း မိုးရာသီနှင့် ဆောင်းရာသီစာအုပ်ရောင်းပွဲနှင့် စာတမ်းဖတ်ပွဲများကိုလည်း ကျင်းပနိုင်ခဲ့သည်။

စာပေမြင့်မှ လူမျိုးမြင့်မည်ဆိုသည့်အတိုင်း နိုင်ငံတော်အစိုးရ၏ အားပေးမှု၊ တတ်ကျွမ်းနားလည်သူ စာပေအသိုင်းအဝိုင်းများ၏ အားတက်သရော ပူးပေါင်းပါဝင်မှုများကြောင့် မြန်မာစာပေလှုပ်ရှားမှု တစ်ခေတ်ဆန်းလာပြီဟု ဆိုနိုင်ပါသည်။ ယခုစာပေပွဲများတွင် လူငယ်အများအပြား လာရောက်အားပေး ပါဝင်ကြသည်ကိုတွေ့ရရာ အနာဂတ်မြန်မာစာပေလှုပ်ရှားမှုနှင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေး၊ လူမျိုးဂုဏ်မြင့်တင်ရေးတို့အတွက် အားရစရာကောင်းလှပါကြောင်း တင်ပြရပါသည်။ ။

## မြေနီကုန်းခုံးကျော်တံတားအောက်၌ ပြည်သူအပန်းဖြေနေရာမကြာမီဖွင့်လှစ်မည်

**ရန်ကုန် ဇန်နဝါရီ ၂၄**

ပြည်သူများ လွတ်လပ်စွာအပန်းဖြေအနားယူနိုင်ရန်အတွက် ရန်ကုန်မြို့ မြေနီကုန်းခုံးကျော်တံတားအောက်၌ တည်ဆောက်ထားသည့် ပြည်သူများအပန်းဖြေနေရာ ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်တွင် အဆိုပါ ခုံးကျော်တံတားအောက်၌ ကျင်းပသွားမည်ဖြစ်ကြောင်း မြေနီကုန်းခုံးကျော်တံတား စီမံကိန်း မန်နေဂျာထံမှ သိရသည်။

### ပြည်သူတွေသိစေချင်

"ပြည်သူပိုင်နေရာတွေမှာ ပြည်သူတွေအပန်းဖြေအနားယူနိုင်ဖို့ ဘယ်လိုဖော်ထုတ်မလဲဆိုတာ ပြည်သူတွေ သိစေချင်တယ်။ အဲ့ဒီအတွက် အခမ်းအနားနဲ့ ဖွင့်လှစ်သွားပါမယ်။ ရန်ကုန်မှာ ခုံးကျော်တံတားငါးစင်းရှိတယ်။ အဲ့ဒီ ခုံးကျော်တံတားတွေမှာလည်း ဆက်လုပ်ဖို့ရှိတယ်။ လှည်းတန်းခုံးကျော်တံတားကိုတော့ လုပ်ဖို့စီစဉ်နေတယ်"ဟု မြေနီကုန်းခုံးကျော်တံတား စီမံကိန်း မန်နေဂျာ ကိုအဲလက်စ်က ပြောသည်။

### ပထမဆုံးတည်ဆောက်

ပြင်သစ်ယဉ်ကျေးမှုဌာနက တာဝန်ယူတည်ဆောက်နေသည့် ခုံးကျော်တံတားအနုပညာစီမံကိန်းတွင် ရန်ကုန်မြို့ရှိ ခုံးကျော်တံတားများအနက် မြေနီကုန်းခုံးကျော်တံတားအောက်တွင် တည်ဆောက်ထားသည့် ပြည်သူများအပန်းဖြေနေရာသည် ပထမဆုံးတည်ဆောက်ခြင်း ဖြစ်သည်။

အဆိုပါစီမံကိန်းသည် မြို့တော်ရှိ ပြည်သူပိုင်နေရာများ၊ အနုပညာ၊ အားကစားနှင့် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်တို့၏ အရေးပါပုံတို့ကို မီးမောင်းထိုးပြရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။ ရန်ကုန်မြို့သည် လွန်ခဲ့သည့်နှစ်များအတွင်း ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် မော်တော်ယာဉ်များနှင့် မော်တော်ယာဉ်သုံးစွဲသူဦးရေများလာပြီး ပြည်သူများ အပန်းဖြေအနား ယူနိုင်သည့် အများပိုင်နေရာများဆုံးရှုံးကာ မြို့တော်ရှိလမ်းများပေါ်တွင် လမ်းလျှောက်စရာနေရာပင် မရှိသည့်အဖြစ်များ ကြုံတွေ့နေကြရကြောင်း၊ ယခုခုံးကျော်တံတား အနုပညာစီမံကိန်းသည် ရန်ကုန်မြို့ပြအတွင်း ပြန်လည် အသွင်ဆန်းခြင်းလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း မြေနီကုန်းခုံးကျော်တံတားစီမံကိန်းက သုံးသပ်ထားသည်။

ခုံးကျော်တံတားအနုပညာစီမံကိန်းကို တာဝန်ယူဆောင်ရွက်နေသည့် ပြင်သစ်ယဉ်ကျေးမှုဌာနအနေဖြင့် အနာဂတ်တွင် အလားတူစီမံကိန်းများအား ရန်ကုန်မြို့ရှိ အခြားသော ခုံးကျော်တံတားများ၌ အကောင်အထည်ဖော်ဆောင်သွားရန် ဆန္ဒရှိနေသည်။ ယင်းဆန္ဒ အကောင်အထည်ပေါ်လာစေရန် ပြင်သစ်ယဉ်ကျေးမှုဌာနသည် မြန်မာနိုင်ငံ ဗိသုကာပညာရှင်များအသင်းနှင့် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့ဖြင့် ပူးပေါင်းကာ မြန်မာလူငယ်များ၏ အနာဂတ်ရန်ကုန်မြင်ကွင်းဆိုင်ရာ ဗိသုကာဒီဇိုင်းပုံစံငယ်များ ပေါ်ထွက်လာစေရန် အားပေးဆောင်ရွက်နေကြောင်း သိရသည်။

### ပြည်သူများ အသုံးပြုနေ

မြေနီကုန်းခုံးကျော်တံတား စီမံကိန်းအား ဒီဇင်ဘာ ၄ ရက် မင်္ဂလာပွဲတော်ရက်မှစတင်ကာ အများပြည်သူအတွက် စတင်ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါ မြေနီကုန်းခုံးကျော်တံတား အောက်ရှိ အများပိုင်နေရာများအား ပြည်သူများ အသုံးပြုနေပြီဖြစ်သည်။

စီမံကိန်းအတွက် ပြင်ဆင်မှုများ ပြုလုပ်ရာတွင် ထိုနေရာရှိဒေသခံပြည်သူများ အထူးသဖြင့် လူငယ်များထံ ဤစီမံကိန်းအပေါ်ထားရှိသည့် ၎င်းတို့၏ဆန္ဒများနှင့်လိုအပ်ချက်များအား နားလည်သဘောပေါက်ရန် ဦးစွာချဉ်းကပ်လေ့လာခဲ့ကြောင်းလည်း သိရသည်။

မြေနီကုန်းခုံးကျော်တံတားစီမံကိန်း တည်ဆောက်ရာတွင် ယခင်အကာအရံ အတားအဆီးအဟောင်းများအား ဖယ်ရှားပြီး အုတ်ခုံတန်းရှည်များပါဝင်သည့် ဘောလုံးကွင်း၊ ခြင်းလုံးကွင်းနှင့် အကနေရာများ၊ အနုပညာလက်ရာမြောက် လျှောက်လမ်းများ၊ အပင်များနှင့် ရေပေးစနစ်ပါဝင်သည့် စိမ်းလန်းစိုပြည်သော တံတားတိုင်များ၊ လူကူးမျဉ်းကျားများ၊ ယာဉ်အန္တရာယ်ကင်းဝေးစေရန် လမ်းအမှတ်အသားများနှင့် လမ်းသွားလမ်းလာများ အန္တရာယ်ကင်းဝေးစေရေးအတွက် အပင်များစိုက်ပျိုးထားသည့် လမ်းလယ်ကျွန်းများ၊ အများပြည်သူများအတွက် အုတ်ခုံရှည်များဖြင့် ပုံစံရေးဆွဲတည်ဆောက်ထားပြီး တံတားအောက်နှင့် အနီးရှိပန်းခြံများတွင် အမှိုက်ပုံးများထားရှိခြင်း၊ သတင်းအချက်အလက်ပြဆိုင်းဘုတ်များ တပ်ဆင်ခြင်း၊ ပဒုမ္မာပန်းခြံအတွက် ဝင်ပေါက်အသစ်တစ်ခု ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ထားကြောင်း သိရသည်။

### လှူဒါန်း

စီမံကိန်းအတွက် ရန်ပုံငွေများအား နိုင်ငံတကာနှင့်ပြည်တွင်းအလှူရှင်များ၊ မိတ်ဖက်များမှရရှိပြီး ပြင်သစ်အစိုးရမှ ဒေါ်လာ တစ်သိန်းတစ်သောင်းခန့်အား လှူဒါန်းပြီး ဒေါ်လာရှစ်သောင်းကို ပြည်တွင်းအလှူရှင်များက လှူဒါန်းခဲ့ကာ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ဗိသုကာပိုင်းဆိုင်ရာများအား Arche-type က အဓိကအကြံပေးခဲ့ပြီး Vivablast၊ BYMA နှင့် ဒဂုံဆောက်လုပ်ရေး လုပ်ငန်းတို့မှ ဆောက်လုပ်ရေး လုပ်ငန်းများအတွက် တာဝန်ယူခဲ့ကြောင်း သိရသည်။

**သတင်း-မင်းသစ်(သတင်းစဉ်)**
**ဓာတ်ပုံ-နေလင်း**



## သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်အကြို အထူးတရားပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၄**

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ (၆၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ ကိုးရက်တိုင်တိုင် "ဗုဒ္ဓ-ဓမ္မ-သံဃ" ပူဇော်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဗုဒ္ဓပူဇနီယပွဲတော် အကြိုအဖြစ် ဇန်နဝါရီ ၂၈ ရက်မှ ၃၀ ရက်အထိ ညစဉ်ည ၇ နာရီခွဲမှ စတင်ကာ စေတီတော်မြတ်ကြီး တောင်ဘက်ရင်ပြင်တော်၌ အထူးတရားပွဲများ ကျင်းပမည်ဖြစ်သည်။ ဇန်နဝါရီ ၂၈ ရက် (စနေနေ့)တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဖန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၊ ဇန်နဝါရီ ၂၉ ရက် (တနင်္ဂနွေနေ့)တွင် နိုင်ငံတော် သြဝါဒါစရိယ ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ ကလေးဝတောရ ဆရာတော်ဘဒ္ဒန္တဇာဂရာဘိဝံသနှင့် ဇန်နဝါရီ ၃၀ ရက် (တနင်္လာနေ့)တွင် သာသနဓဇ ဓမ္မာစရိယသာသနတက္ကသီလ မဟာဓမ္မာစရိယ (M.A) ဘဒ္ဒန္တသုမင်္ဂလ (ဝေါဆရာတော်)တို့က တရားရေအေးတိုက်ကျွေး ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **ကိုချစ်**

| ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၄-၁-၂၀၁၇ | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၀၀၀ |

ခင်ရတနာ-စုစည်းသည်။

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၅၁ · ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၁ · ၉၄ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၈၇ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄ · ၃ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ ဆုရ ကျောင်းသားကျောင်းသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းဓာတ်ပုံရိုက်စဉ်** (သတင်းစဉ်)

❁ *ရှေ့စာမျက်နှာမှ*

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်တို့မှ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆုရကျောင်းသား ကျောင်းသူများက (Essay) စာစီစာကုံးဖတ်ကြားခြင်း၊ (Impromptu) ကျပန်းစကားပြောခြင်း၊ (Roundtable Discussion) စကားဝိုင်းဆွေးနွေးခြင်းတို့ဖြင့် အင်္ဂလိပ်ဘာသာစကားစွမ်းရည်ကို သရုပ်ဖော်ပြသကြသည်။

**များစွာမျှော်လင့်**

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် အရည်အသွေးမြင့်မားသော ပညာရေးနှင့် ဆက်စပ်စွမ်းရည်များ မဖြစ်မနေလိုအပ်နေသည့် ယနေ့ခေတ်ကြီးတွင် ကျောင်းသားများကို စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်အောင် သင်ကြားပေးရုံဖြင့် မလုံလောက်တော့ပါကြောင်း၊ ကမ္ဘာကြီး ရင်ဆိုင်နေရသည့် အရေးကြီးသည့်ပြဿနာများကို ဖြေရှင်းရာတွင် ပညာသည် လွန်စွာမှအရေးပါလှပါကြောင်း၊ နည်းပညာတွင် ထူးခြားသည့် အစွမ်းအစများနှင့် နက်ရှိုင်းသည့် အကျိုးသက်ရောက်မှုများရှိနေပါကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း အဆင့်မြင့်ပညာရေးတိုးတက်မြင့်မားမှုအပေါ်တွင် များစွာမျှော်လင့်လျက်ရှိပါကြောင်း။

ထို့ပြင် သတင်းအချက်အလက်နှင့် ဗဟုသုတများသည် အရှိန်အဟုန်မြင့်မားစွာ တိုးတက်လျက်ရှိရာ မည်သူတစ်ဦးတစ်ယောက်မျှ ဘာသာရပ်တိုင်းအပေါ်တွင် အလုံးစုံလေ့လာတတ်မြောက်ရန် မဖြစ်နိုင်ပါကြောင်း၊ အခြားတစ်ဖက်တွင် ဘွဲ့ရပညာတတ်များသည် ဗဟုသုတများစွာကြွယ်ဝပြီးဖြစ်မည်ဟု မျှော်လင့်ချက်များရှိနေပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ ကျောင်းသား ကျောင်းသူများ၏ အနာဂတ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ဗဟုသုတနှင့်စွမ်းရည်များ တတ်မြောက်အောင် သင်ကြားပေးရန် အဆင့်မြင့်ပညာတက္ကသိုလ်များတွင် တာဝန်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်က ဘွဲ့လွန်အဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားဝိုင်းဆွေးနွေးပွဲပြိုင်ပွဲ၊ ပြိုင်ပွဲသုံးမျိုးလုံးတွင် ပထမဆုရ မောင်စိုင်းရွှေထွန်းဦး၊ ဒုတိယဆုရ မအေးချယ်ရီထွန်းနှင့် တတိယဆုရ မကျော့ရွှေရည်တို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဘွဲ့ကြိုအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားဝိုင်းဆွေးနွေးပွဲပြိုင်ပွဲ၊ ပြိုင်ပွဲသုံးမျိုးလုံးတွင် ပထမဆုရ မောင်စတီဖင်ဇော်ဇင်မြတ်၊ ဒုတိယဆုရ မောင်စွမ်းပြည့်အောင်နှင့် တတိယဆုရ မောင်ဖြိုးသူရငွေးတို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

**ဂုဏ်ပြုလက်ဆောင်များပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ဘွဲ့လွန်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဘွဲ့ကြိုအဆင့်စာစီစာကုံးပြိုင်ပွဲ



**နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင် ဘွဲ့လွန်အဆင့် ပထမဆုရ မောင်စိုင်းရွှေထွန်းဦးအား ဆုချီးမြှင့်စဉ်** (သတင်းစဉ်)

တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဘွဲ့လွန်အဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသူများအားလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ဘွဲ့ကြိုအဆင့် ကျပန်းစကား ပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဘွဲ့လွန်အဆင့် စကားဝိုင်းဆွေးနွေးပွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဘွဲ့ကြိုအဆင့် စကားဝိုင်းဆွေးနွေးပွဲ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအားလည်းကောင်း၊ အမျိုးသား ပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့်က အကဲဖြတ်ဒိုင်များအားလည်းကောင်း ဂုဏ်ပြုလက်မှတ်များနှင့် ဂုဏ်ပြုလက်ဆောင်များ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ဧည့်သည်တော်များသည် ဆုရ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းဓာတ်ပုံရိုက်ကြပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**ပြုစုပျိုးထောင်ရန်ရည်ရွယ်**

အဆင့်မြင့်ပညာ ကျောင်းသား ကျောင်းသူများအတွက် ဗဟိုအဆင့် အင်္ဂလိပ်



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဘွဲ့ကြိုအဆင့် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်** (သတင်းစဉ်)

ဘာသာစကား စွမ်းရည်ပြိုင်ပွဲများကို သုတေသနစွမ်းရည်၊ ဦးဆောင်မှုစွမ်းရည်၊ ICT တတ်မြောက်မှု၊ ပြည်သူ့နီတိကျင့်ဝတ်ဆိုင်ရာများ၊ ခေတ်သစ်ကမ္ဘာကြီး၏ ပြောင်းလဲမှုများကို သိမြင်နားလည်ခြင်း၊ ယဉ်ကျေးမှု အထွေထွေရောယှက်နေမှုကို သိမြင်နားလည်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိမြင်နားလည်ခြင်း၊ ဗဟုသုတများနှင့်ပြည့်ဝသော ဘက်စုံစွမ်းရည်ထက်မြက်သောလူငယ်များကို ပြုစုပျိုးထောင်ရန် ရည်ရွယ်ချက်များဖြင့် ၂၀၀၇ခုနှစ်တွင် ကျပန်းစကားပြောပြိုင်ပွဲအနေဖြင့် စတင်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါပြိုင်ပွဲများကို အဆင့်မြှင့်တင်ပြီး Essay,Impromptu နှင့် Roundtable Discussion စသည့် ပြိုင်ပွဲအမျိုးအစား သုံးမျိုးပါဝင်ထည့်သွင်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဗဟိုအဆင့်မြေလျှင်ဘေးလျော့ပါးရေး အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းဆောင်ရွက်မည်

**နေပြည်တော် ဇန်နဝါရီ ၂၄**

ငလျင်ဘေးဒဏ်ခံနိုင်သော မြန်မာနိုင်ငံဖြစ်ရန်လိုအပ်ချက်နှင့် စိန်ခေါ်မှုများအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး





တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံသည် ကမ္ဘာ့အဓိက ငလျင်ကြောကြီးဖြစ်တဲ့ အယ်လ်ပိုက်ငလျင်ကြောတွင် ကျရောက်လျက်ရှိကြောင်း၊ နိုင်ငံအတွင်းငလျင်လှုပ်စေသော ပြတ်ရွေ့များရှိနေပြီး ငလျင်ဘေးရဲ့ဖျက်ဆီးနိုင်မှုစွမ်းအားဟာ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုများကို ရပ်တန့်သွားစေနိုင်ကြောင်း၊ ပြည်သူအတွက် တိုက်ရိုက်အကျိုးရှိမယ့် ကြိုတင်ပြင်ဆင်မှု၊ ကာကွယ်မှုတွေကို လက်တွေ့ကျကျနဲ့ဆောင်ရွက်နိုင်ရေး ဗဟိုအဆင့်မြေလျှင်ဘေးလျော့ပါးရေးအဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။ **(ဓါတ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာကုလသမဂ္ဂ ကွန်ဗင်းရှင်း(United Nations Convention on the Elimination of all Forms of Discrimination Against Women-UNCEDAW) ကော်မတီက ပေးပို့လာသော Concluding Observations များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အစပြုဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက UNCEDAW စာချုပ်အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသမီးနှင့်ဘဝ ဖွံ့ဖြိုးရေး၊ ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်ခံရမှုများမရှိစေရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံမှ ၂၀၁၅ခုနှစ် ဇန်နဝါရီလတွင်တင်သွင်းသည့် စတုတ္ထနှင့်ပဉ္စမ အကြိမ် ပူးတွဲအစီရင်ခံစာနှင့်စပ်လျဉ်း၍ UNCEDAW ကော်မတီကအကြံပြုချက် ၅၆ ချက် ပေးပို့လာခြင်းအပေါ် နှစ်နှစ်အတွင်း ပြန်ကြားပေးရမည့်အချက်များနှင့် နောင်အစီရင်ခံစာ တင်သွင်းရာတွင် ပြန်ကြားရမည့်အချက်များ ပါရှိပါကြောင်း၊ မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲတိုးတက်မှုများကို နောင်လာမည့် အစီရင်ခံစာတွင် ပြည့်စုံစွာဖော်ပြနိုင်ရေး ကဏ္ဍအလိုက်ဆွေးနွေးဖော်ထုတ်ပေးကြရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရှေးဟောင်းအမွေအနှစ်များကို ယခင်ပုံစံအတိုင်း တတ်နိုင်သမျှ အနီးစပ်ဆုံးဖြစ်အောင် ထိန်းသိမ်း ယဉ်ကျေးမှုကို ကောင်းမွန်စွာ ထိန်းသိမ်းခြင်းသည် နိုင်ငံ၏ရေရှည်အကျိုးဆောင်ရွက်ခြင်းဖြစ်





လျှင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် မင်္ဂလာစေတီတော်အား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၄

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းတွင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ရှေးဟောင်းဘုရားနှင့် စေတီပုထိုးများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

**ရှင်းလင်းတင်ပြ**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ရှေးဟောင်း သုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်တို့က ငလျင်ဒဏ်ကြောင့် ပုဂံဘုရားများပျက်စီးခဲ့မှု၊ အသေးစိတ်စာရင်းကောက်ယူထားရှိမှု၊ ရှေးဟောင်းမူလလက်ရာအတိုင်း ထိန်းသိမ်းရန် ဆောင်ရွက်နေမှု၊ လက်ရှိလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှု ဒေသအတွင်း ဇုန်နယ်နိမိတ်များသတ်မှတ်ရေးနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသ ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းခြင်းသည် သက်မဲ့ပစ္စည်းအဟောင်းများကို ထိန်းသိမ်းခြင်းမဟုတ်ကြောင်း၊ မိမိတို့နိုင်ငံ၏သမိုင်း၊ ယဉ်ကျေးမှုနှင့် ဆက်စပ်မှုရှိသည့်အတွက် ထိန်းသိမ်းခြင်းဖြစ်ကြောင်း၊ အတိတ်သမိုင်းတွင် ဂုဏ်ယူစရာများရှိသကဲ့သို့ ဂုဏ်ယူစရာမကောင်းသည့်အချက်များကိုလည်း သင်ခန်းစာယူနိုင်ပါကြောင်း။

**ထိန်းသိမ်းသင့်**

သမိုင်းနှင့် ယဉ်ကျေးမှု၏အခြေအမြစ်ကိုနားလည်ရန် အရေးကြီးပါကြောင်း၊ သို့မှသာ မည်သည့်အရာများကို ထိန်းသိမ်းသင့်သည်၊ ပြုစုပျိုးထောင်သင့်သည်၊ ပြောင်းလဲသင့်သည်ကို ဆုံးဖြတ်နိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံရှိ တစ်ကမ္ဘာလုံးကသိသည့် ရှေးဟောင်းဒေသ ပုဂံမြို့ဟောင်းမှ စေတီတော်များကို ဘာသာရေးအရ ဖူးမြော်ကြသကဲ့သို့ ယဉ်ကျေးမှုအရ စိတ်ဝင်စား၍ လာရောက်လေ့လာသူများလည်း ရှိပါကြောင်း၊ ထိုသို့ လာရောက်လေ့လာခြင်းသည် ဒေသ၏ ဖွံ့ဖြိုးရေးကို အားပေးရာရောက်ပါကြောင်း။

**ပွင့်လင်းမြင်သာစွာ ဆောင်ရွက်**

ပုဂံယဉ်ကျေးမှုဒေသအတွင်း ဇုန်များသတ်မှတ်ရာတွင် ဒေသခံပြည်သူများ လက်ခံနိုင်သည့်ပုံစံဖြင့် ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူလူထုသည် စဉ်းစားဉာဏ်နှင့် ဆင်ခြင်တုံတရားရှိပါကြောင်း၊ ပြည်သူကို သေသေချာချာရှင်းပြပါက အကျိုးအကြောင်းညီညွတ်လျှင် ပြည်သူက လက်ခံမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဇုန်သတ်မှတ်မှုကို ရာနှုန်းပြည့်ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူလူထုအတွက်အဆင်ပြေရန် လိုအပ်ပြီး ယဉ်ကျေးမှုထိန်းသိမ်းရေးအတွက်လည်း ထိရောက်မှုရှိရမည်ဖြစ်ပါကြောင်း။

ရှေးဟောင်းအမွေအနှစ်များကို ယခင်ပုံစံအတိုင်း တတ်နိုင်သမျှ အနီးစပ်ဆုံးဖြစ်အောင် ထိန်းသိမ်းရန်လိုကြောင်း၊ သမိုင်းကို အမှန်အတိုင်းကြည့်နိုင်မှ မိမိတို့၏ပစ္စုပ္ပန်ကို အမှန်အတိုင်း တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ယဉ်ကျေးမှုကို ကောင်းမွန်စွာ ထိန်းသိမ်းခြင်းသည် နိုင်ငံ၏ရေရှည်အကျိုးကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မင်္ဂလာစေတီ၊ စိုးမင်းကြီးဘုရားနှင့် စေတနာကြီးဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပုဂံရှေးဟောင်း သုတေသနပြတိုက်၌ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်**

(သတင်းစဉ်)

ကျောဖုံးမှ

ယနေ့အစည်းအဝေးတွင် အစီရင်ခံစာပါ အချက်များနှင့်စပ်လျဉ်း၍ အသေးစိတ်ဖြည့်စွက်သင့်သည်များကို ဆက်လက်ဆွေးနွေးသွားရန် ဖြစ်ပါကြောင်း၊ မိမိတို့ကော်မရှင်သည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ မောင်တောဒေသလုံခြုံရေး၊ နိုင်ငံတော်၏အချုပ်အခြာအာဏာ ပျံ့နှံ့တည်တံ့ရေးတို့အတွက် ဘက်လိုက်မှုမရှိဘဲ၊ လွတ်လပ်စွာသုံးသပ်အကြံပြုရမည်ဖြစ်ပါကြောင်း။

အစီရင်ခံစာကို အကောင်းဆုံး၊ အပြည့်စုံဆုံး၊ ပြုစုတင်ပြသွားမည်ဖြစ်ပါကြောင်း၊ အစီရင်ခံစာ၌ အကြံပြုချက်များနှင့်စပ်လျဉ်း၍ အမြန်ဆုံးထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကိစ္စများကို အလေးထားဆက်လက်အကောင်အထည်ဖော်သွားရန် ညှိနှိုင်းတိုက်တွန်းသွားမည် ဖြစ်ပါကြောင်း၊ လုပ်သင့် လုပ်ထိုက်သည်များကို မြန်မြန်ထက်ထက် ထိရောက်စွာ အကောင်အထည်ဖော်နိုင်မှသာ အလားတူ ဖြစ်စဉ်မျိုး မဖြစ်ပွားအောင် ကာကွယ်တားဆီးသွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျင်းပပြီးစီးခဲ့သည့် ကော်မရှင်၏(၂/၂၀၁၇) အစည်းအဝေးမှတ်တမ်းအား အတည်ပြုပြီး ကော်မရှင်အတွင်းရေးမှူး ဦးဇော်မြင့်ဖေက အစီရင်ခံစာ(မူကြမ်း) ရေးသားပြုစုထားရှိမှုအခြေအနေနှင့် စပ်လျဉ်း၍ ခေါင်းစဉ်အလိုက် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဦးအောင်ကြည်၊ ဦးထွန်းမြတ်၊ ဒေါက်တာလှမောင်၊ ဒေါက်တာ ဒေါ်သက်သက်ဇင်၊ ဒေါက်တာအောင်ထွန်းသက်၊ ဦးညွန့်ဆွေ၊ ဦးစောသလေးစော၊ ဒေါ်ကျိုနိုင်ကိုက်မန်၊ ရဲချုပ်ဇော်ဝင်း၊ ဦးအောင်နိုင်နှင့် ဦးသာညဏ်တို့က အစီရင်ခံစာ(မူကြမ်း)နှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင်များ၏ အကြံပြုတင်ပြချက်များအပေါ် ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဗြိတိန်နိုင်ငံမှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၄**

ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Rt. Hon. Mr. John Bercow ၏ ဖိတ်ကြားချက်အရ ဗြိတိန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက် ၁၀ နာရီ ၁၅ မိနစ်က ဗြိတိန်နိုင်ငံ အောက်လွှတ်တော်သို့ ရောက်ရှိရာ အောက်လွှတ်တော် Overseas Office အကြီးအကဲ Mr. Matthew Hamlyn က အောက်လွှတ်တော်အကြောင်းနှင့် the Westminster System ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လွှတ်တော်အတွင်း ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ဗြိတိန်နိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် Chairman of the Ways and Means, Rt. Hon. Mr. Lindsay Hoyle MP က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ဗြိတိန်နိုင်ငံ အောက်လွှတ်တော် Outreach and Engagement ဌာနအကြီးအကဲ Mr. David Clark က ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြသသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဗြိတိန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Rory Stewart နှင့်တွေ့ဆုံပြီး DFID ၏ လွှတ်တော် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။ ညပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Rt. Hon. Mr. John Bercow က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။ **(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ဗြိတိန်နိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် Chairman of the Ways and Means, Rt. Hon. Mr. Lindsay Hoyle MP က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်**

# အိန္ဒိယမှ ဝယ်လိုအားကြောင့် မြန်မာ့ပန်းနှမ်းဈေး သုံးပတ်အတွင်း ကျပ်နှစ်သောင်းခုန်တက်

**မန္တလေး ဇန်နဝါရီ ၂၄**

ဇန်နဝါရီလဆန်းမှ စတင်ထွက်ရှိလာသည့် မြန်မာ့ပန်းနှမ်းများ အိန္ဒိယနိုင်ငံမှ ဝယ်လိုအားကြောင့် သုံးပတ်အတွင်းအဖွင့်ဈေးထက် ကျပ်နှစ်သောင်းခုန်တက်သွားကြောင်း မန္တလေးဈေးကွက်မှ သိရသည်။



အဆိုပါ ပန်းနှမ်းမှာပေါ်ခါစက ၄၅ ပိဿာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၈၀၀၀ နှုန်းအဖွင့်ဈေးရှိခဲ့ရာမှ ဇန်နဝါရီ ၂၄ ရက်တွင် ငွေကျပ် ၈၈၀၀၀ အထိ မြင့်တက်သွားကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

"ဒီလိုသုံးပတ်အတွင်းမှာ ကျပ်နှစ်သောင်းအထိ ခုန်တက်သွားတာကဖြစ်ခဲ့ပါတယ်။ မနှစ်ကအောက်တိုဘာလမှာ ကျပ်တစ်သိန်းသုံးသောင်းအထိ ရောက်ခဲ့တယ်။ ဒီဈေးကလေးနှစ်အတွင်းမှာ အမြင့်ဆုံးဈေးပေါ့။ အိန္ဒိယက အဝယ်လိုက်ရင် ဈေးတက်သွားတာသဘာဝပါပဲ။ အခု ဇန်နဝါရီလဆန်းကစပြီး ရှမ်းပြည်နယ်တစ်ဝိုက်က တောင်ကုန်းတောင်စွယ်တွေမှာ အောင်မြင်ဖြစ်ထွန်းနေတဲ့ ပန်းနှမ်းခင်းကြီးကို အဝါရောင်ပန်းချီကားတစ်ချပ်သဖွယ် မြင်တွေ့နိုင်ပါတယ်"ဟု ၎င်းကပြောသည်။

ပန်းနှမ်းဆီကို ပြည်တွင်းတွင် စားသုံးမှုနည်းပါးသော်လည်း ပဲဆီဈေးကောင်းသည့်ကာလတွင် ပန်းနှမ်းဆီဖြင့်ရော၍ ရောင်းချကြောင်းနှင့် ပန်းနှမ်းဆီသည် ပြည်ပမှ တင်သွင်းသည့် စားအုန်းဆီနှင့် နှိုင်းယှဉ်လျှင် အန္တရာယ်ကင်း၍ မုန်ညင်းဆီကဲ့သို့ ဆေးဖက်ဝင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ပန်းနှမ်းပင်များသည် အေးသောရာသီဥတုကို ကြိုက်နှစ်သက်သဖြင့် အထက်ပိုင်း ဧရာဝတီ မြစ်ရိုးတစ်လျှောက်၊ ဇန်းမော်မြို့အနီးပတ်ဝန်းကျင်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

ကျောဖုံးမှ

ပွဲက ခါတိုင်းနှစ်တွေကနဲ့ မတူပါဘူး။ ထူးထူးခြားခြား တရုတ်မီးပုံးအလုံးပေါင်း ၃၀၀၀ ကျော် ချိတ်ဆွဲပြသထားပါတယ်။ ကမ္ဘာလှည့်ခရီးသွားဧည့်သည်တွေလည်း တော်တော်လေးစိတ်ဝင်တစား လာကြည့်ကြပါတယ်။ ဓာတ်ပုံအလှရိုက်သူတွေလည်း အများကြီးပဲတွေ့ရပါတယ်" ဟု ဦးသက်ဝေက ရှင်းပြသည်။

ကုန်သည်လမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်နှင့် သိမ်ကြီးဈေးနှင့် မဟာဗန္ဓုလလမ်းတစ်လျှောက် တို့တွင် နီနီရဲရဲ တရုတ်မီးပုံးများကို လှပစွာ ချိတ်ဆွဲပြသထားသည်။

တရုတ်နှစ်သစ်ကူး ပွဲတော်သည် ဇန်နဝါရီ ၂၇ ရက်မှ စတင်မည်ဖြစ်ပြီး ၂၈ ရက်တွင် နှစ်ကူးပွဲအခမ်းအနားတစ်ရပ် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မဟာဗန္ဓုလလမ်း (လသာမြို့နယ်အတွင်း)ပေါ်တွင် တရုတ်မီးပုံးအလှများနှင့်အတူ မုခ်ဦးငါးခုလည်း ပြုလုပ်ထားကြောင်း၊ နှစ်ဆန်းတစ်ရက်(ဇန်နဝါရီ ၂၈) ရက်တွင် နံနက် ၄ နာရီမှစတင်ကာ သံဃာအပါး ၁၃၅၅ ပါးကိုလည်း ဆွမ်းလောင်းမည်ဖြစ်ကြောင်း၊ နှစ်ကူးပွဲအခမ်းအနားတွင် တရုတ်အကများဖြင့် ဖျော်ဖြေခြင်း၊ စတုဒိသာများကျွေးမွေးခြင်း၊ နှစ်ကူးလက်ဆောင်များ ပေးခြင်းတို့လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ တရုတ်နှစ်ကူးပွဲတော်ကို လာမည့်နှစ်များတွင် ပိုမို၍ ကမ္ဘာလှည့်ခရီးသွား ဆွဲဆောင်မှုဖြစ်အောင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်သည် တရုတ်တို့၏ ကြက်နှစ်အခါသမယပင်ဖြစ်ကြောင်း သိရသည်။

# မှုခင်းကျဆင်းရေးအတွက် ပြည်သူဗဟိုပြု ရဲလုပ်ငန်းစနစ်ကို အကောင်အထည်ဖော်

**နေပြည်တော် ဇန်နဝါရီ ၂၄**

မှုခင်းကျဆင်းရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်မှုရဲလုပ်ငန်းစနစ်ကို ထိထိရောက်ရောက် အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ပြည်သူများကလည်း ယုံကြည်စွာဖြင့် ရဲတပ်ဖွဲ့နှင့် ပူးပေါင်းပါဝင်ပေးကြရန် ပျဉ်းမနားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး တင်မိုးဦးက ဇန်နဝါရီ ၂၁ ရက်က ပျဉ်းမနားမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးဝင်းရှိ ဓမ္မာရုံ၌ ရဲတပ်ဖွဲ့ဝင်များ ရပ်မိရပ်ဖများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ မီဒီယာများနှင့်တွေ့ဆုံပွဲတွင် တိုက်တွန်းပြောဆိုသည်။ **(ယာပုံ)**

မိမိထံ ရဲတပ်ဖွဲ့လာရောက်သည်ကို မကြိုက်နှစ်သက်တာမျိုး၊ ရဲတပ်ဖွဲ့နှင့် စကား မပြောချင်တာမျိုး တချို့ရှိကြကြောင်း ယခင်အတွေးအခေါ်ဟောင်းများသာ ဖြစ်ကြောင်း၊ ပြည်သူများ နားလည်သဘောပေါက်အောင် ရဲတပ်ဖွဲ့အနေဖြင့် ဝန်ဆောင်ပေးရန်၊ အကူအညီပေးရန်၊ ပြည်သူတို့ရပ်ရွာဒေသအေးချမ်းအောင် ဆောင်ရွက်ပေးရန် ရဲတပ်ဖွဲ့ဝင်များက ပြည်သူများနေထိုင်သည့် နေအိမ်များသို့ တစ်အိမ်တက်ဆင်းသွားရောက်ပြီးဆက်သွယ်ရန် ဖုန်းနံပါတ်များ၊ လက်ကမ်းစာစောင်များ ဝေငှပေးလျက်ရှိကြောင်း၊ ပြည်သူများက ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ပေးမှသာ သတင်းမှန်ရရှိပြီး အမှုများမြန်မြန်ဆန်ဆန်ပေါ်ပေါက်လာမည်ဖြစ်၍ ပြည်သူများက ရဲတပ်ဖွဲ့အား ယုံကြည်မှုရရှိရန် လိုအပ်ကြောင်း၊ မီဒီယာများအနေဖြင့်လည်း သတင်းအချက်အလက်များကို ရဲစခန်းသို့အချိန်မရွေးလာရောက်ယူနိုင်ကြောင်း ရဲမှူး တင်မိုးဦးက ပြောသည်။




၂၀၁၄ ခုနှစ်တွင် အမှုကြီး ၂၃ မှု၊ အခြားမှု ၄၀၆မှု၊ ကြိုတင်ကာကွယ်မှု ၁၉၆ မှု စုစုပေါင်း ၆၂၅ မှု၊ ၂၀၁၅ ခုနှစ်တွင် အမှုကြီး ၁၁ မှု၊ အခြားမှု ၄၇၈မှု၊ ကြိုတင်ကာကွယ်မှု ၂၁၄ မှု စုစုပေါင်း ၇၀၃ မှု၊ ၂၀၁၆ ခုနှစ်တွင် အမှုကြီး ၁၄ မှု၊ အခြားမှု ၅၃၀မှု၊ ကြိုတင်ကာကွယ်မှု ၅၈၉ မှု စုစုပေါင်း ၁၁၃၃ မှုဖြစ်ပွားခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အမှုကြီး ၁၄ မှု အနက် ၁၂မှုကို ဖော်ထုတ်နိုင်ပြီး တရားရုံးသို့ စွဲတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**ရဲရဲ(ပျဉ်းမနား)**



# ယာဉ်အန္တရာယ်ကင်းရှင်းရေး မြို့ရှောင်လမ်းဖောက်လုပ်ပေးရန် လိုအပ်

**သီပေါ ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း၏ အဓိကအာဆီယံလမ်းမကြီးဖြစ်သော မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတွင် ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင်ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များနေ့စဉ်ငါးထောင်ကျော်ခန့်သွားလာလျက်ရှိကြရာ ယာဉ်မောင်းများအချင်းချင်း စိတ်ရှည်နားလည်မှုရှိပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်မှသာ ယာဉ်အန္တရာယ်ကင်းရှင်းနိုင်မည်ဖြစ်ကြောင်း ခရီးသွားပြည်သူများက ပြောဆိုလျက်ရှိကြသည်။

ထိုသို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ လိုက်နာမှုအားနည်းနေသဖြင့် ယာဉ်တိုက်မှုများနေ့စဉ်လိုလိုဖြစ်ပွားလျက်ရှိသည့်အပြင် ဇန်နဝါရီ ၂၄ ရက် နံနက်ကလည်း ပြည်ထောင်စုလမ်းမပေါ်ရှိ သီပေါမြို့လယ်နှင့် နန်းဒေဝီစားသောက်ဆိုင်ရှေ့တွင် လမ်းဇရိယာနှင့် လွတ်ကင်းခြင်းမရှိဘဲ ယာဉ်ကြောနှစ်ထပ်ပိတ်ဆို့ရပ်နားလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးမှာ မြန်မာ၊ တရုတ် ကုန်သွယ်ရေးလမ်းကြောင်း၏တစ်ခုတည်းသော ကုန်းလမ်းဝင်ပေါက်၊ ထွက်ပေါက်ဖြစ်သဖြင့် နေ့စဉ် အစုန်၊ အဆန်မော်တော်ယာဉ်များ ဥဒဟိုသွားလာလျက်ရှိကြရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ယခုထက်ပိုမိုပြီးလိုက်နာဆောင်ရွက်မှသာ ယာဉ်အန္တရာယ်ကင်းရှင်းမည်ဖြစ်ပြီး သီပေါမြို့၏မြို့ရှောင်လမ်းကိုလည်း ဆက်လက်အကောင်အထည်ဖော်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# နွေရာသီကာလနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး

**မြို့ဂျာ (ရွှေပြည်သာ)**

**အနာဂတ်တွင် တိုးမြှင့်ဖြန့်ဖြူးပေးရမည့် ဓာတ်အားအတွက် ဓာတ်အားပေးစက်ရုံကြီးများ တည်ဆောက်ရဦးမည်ဖြစ်ရာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ မရှိစေရေးအပါအဝင် သက်သာသော ဓာတ်အားခနှုန်းထားဖြင့် အများပြည်သူ သုံးစွဲနိုင်ရေးရှေးရှုလျက် ဓာတ်အားထုတ်လုပ်သောနည်းစနစ် (နေအလင်းရောင်၊ လေအား၊ ရေအား၊ ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့ အစရှိသည့်)များမှ ထုတ်လုပ်မှုကုန်ကျစရိတ်အရ အသင့်တော်ဆုံးနည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်**

လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ထုတ်လုပ်မှု၊ ပို့လွှတ်မှုနှင့် ဖြန့်ဖြူးမှုဟူ၍ ပင်မကဏ္ဍကြီးသုံးခုရှိရာ ဓာတ်အားတိုးတက်သုံးစွဲမှုနှုန်းနှင့်အတူ ကဏ္ဍသုံးခုစလုံးဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်မှုရှိရန် အထူးလိုအပ်ပေသည်။ ထိုသို့ ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်မှုအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ကြိုးပမ်းဖော်ဆောင်လျက်ရှိကြောင်း စာရေးသူအနေဖြင့် လေ့လာတွေ့ရှိရသည်။

ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် တိုးတက်သုံးစွဲလာသည့် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးရန် နိုင်ငံအတွင်းရှိ စွမ်းအင်အရင်းအမြစ်များကို အခြေခံလျက်ဓာတ်အားပေးစက်ရုံကြီးများ တည်ဆောက်အကောင်အထည်ဖော်ခြင်းကို နိုင်ငံတော်၏ ဘဏ္ဍာငွေဖြင့် ရင်းနှီးမြှုပ်နှံခြင်း၊ ပြည်တွင်း၊ ပြည်ပပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများဖိတ်ခေါ်၍ ဓာတ်အားပေးစက်ရုံများတည်ဆောက်မှုကို ဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ ဓာတ်အားပို့လွှတ်ရေးအပိုင်းတွင်လည်း ဓာတ်အားပေးစက်ရုံအသီးသီးမှ ထုတ်လုပ်သောဓာတ်အားများကို ဓာတ်အားစနစ်မှတစ်ဆင့် မြန်မာပြည်တစ်နံတစ်လျားသို့ပို့လွှတ်နိုင်ရေးအတွက် ဓာတ်အားကွန်ရက်တိုးချဲ့ခြင်း ကို နိုင်ငံတော်၏ဘဏ္ဍာငွေခွဲပေးနိုင်မှုအပေါ် မူတည်၍တိုးချဲ့တည်ဆောက်လျက်ရှိပါသည်။

ထိုသို့ တိုးတက်သုံးစွဲလာနေသည့် ဓာတ်အားပမာဏအတွက်ထုတ်လုပ်၊ ပို့လွှတ်နိုင်စေရန် အတိုင်းအတာတစ်ခုအထိ တည်ဆောက် အကောင်အထည်ဖော်နေချိန်နှင့် တစ်ပြိုင်တည်း ဓာတ်အားဖြန့်ဖြူးမှုအပိုင်းတွင်လည်း မြို့နယ်၊ လူနေဒေသအသီးသီးသို့ ဓာတ်အားဖြန့်ဖြူးရန် ဓာတ်အားခွဲရုံကြီးများမှတစ်ဆင့် ဓာတ်အားခွဲရုံငယ်များကို ဖြတ်သန်းလျက် ဓာတ်အားလိုင်းများသွယ်တန်းဖြန့်ဖြူးကြရသည်။

နိုင်ငံတော်သည် စီးပွားရေးပိတ်ဆို့မှုများ ကြုံတွေ့ခဲ့ရသဖြင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုး နိုင်ခဲ့ဘဲ၊ အဘက်ဘက်မှ နောက်ကျခဲ့ရသည်။ ထိုသို့ စီးပွားရေးပိတ်ဆို့ခံရမှုများကြောင့် စဉ်ဆက်မပြတ်ဆောင်ရွက်နေမှသာ အလျှင်မီပြည့်စုံနိုင်မည့် လျှပ်စစ်ဓာတ်အားဆိုင်ရာ ထုတ်လုပ်ရေး၊ ပို့လွှတ်ရေးစသော အခြေခံအဆောက်အအုံကြီးများသည် လိုအပ်ချက်နှင့်အညီ မတည်ဆောက်နိုင်ခဲ့ကြပေ။ ဓာတ်အားဖြန့်ဖြူးရေးပိုင်းတွင်လည်း ဓာတ်အားခွဲရုံငယ်များ၊ ဓာတ်အားလိုင်းများ၊ ဆက်စပ်ပစ္စည်းများ၊ အရည်အသွေးမြှင့်တင်ရေး စသည်တို့ကို ကာလအလိုက်၊ နှစ်အပိုင်းအခြားအလိုက်၊ ဝန်အပိုင်းအခြားအလိုက် မဆောင်ရွက်နိုင်ခဲ့ပေ။

ထိုသို့ဆောင်ရွက်ရန်လိုအပ်နေသည့် အချိန်အခါမှာပင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ပွင့်လင်းတိုးတက်မှုများ တစ်ဟုန်ထိုး ဖြစ်ပေါ်လာခဲ့သည့်အတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်နှင့် ဖြန့်ဖြူးပေးနိုင်မှုသည်လည်း အလှည့်အပြောင်းကြီးတစ်ရပ် ဖြစ်ပေါ်ခဲ့သည်။ ဓာတ်အားသုံးစွဲမှုများ ရုတ်တရက်များပြားလာသဖြင့် ဓာတ်အားဖြန့်ဖြူးရေးဆိုင်ရာ အခက်အခဲများစွာကြုံတွေ့ခဲ့ရပါသည်။ ထိုအခက်အခဲများကို လျှပ်စစ်ဝန်ထမ်းအဆင့်ဆင့်တို့က ကြိုးပမ်းဖြေရှင်းနေကြရသည်။

ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားကိုထုတ်လုပ်၊ ပို့လွှတ်ထားသော်လည်း ဖြန့်ဖြူးသည့် ဓာတ်အားလိုင်းများ အပြစ်ဖြစ်ပေါ်မှု၊ ဓာတ်အားလိုင်းပစ္စည်းများ၊ ဓာတ်အားခွဲရုံကိရိယာများ စွမ်းဆောင်ရည်ကျဆင်းလာမှု၊ တိုးတက်သည့်ဝန်အားများကို ဖြည့်ဆည်းရန် ဝန်အားပိုမို သယ်ဆောင်နိုင်သည့် ဓာတ်အားလိုင်းကြိုးများနှင့် ဓာတ်အားလွှတ်ကိရိယာတို့ လဲလှယ်မပေးနိုင်မှု စသည်တို့ကြောင့် ဓာတ်အားပြတ်တောက်မှုအချို့ ရှိနေသေးကြောင်း တွေ့ရှိရသည်။

ထိုသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးဆိုင်ရာ အဆင့်မြှင့်တင်မွမ်းမံမှုများ ပြုလုပ်ရန်အတွက် ငွေကြေးနှင့် နည်းပညာဆိုင်ရာများ လိုအပ်ပါသည်။ နည်းပညာပိုင်းဆိုင်ရာများကို လက်ရှိကျွမ်းကျင် ဝန်ထမ်းများအနေဖြင့် Capicity Buidling ပြုလုပ်ထားရှိပြီးဖြစ်သော်လည်း ဘဏ္ဍာ၊ ငွေကြေးရင်းနှီးမြှုပ်နှံ သုံးစွဲရေးမှာမူ အခက်အခဲများရှိကြောင်းစုံစမ်းသိရှိရသည်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတစ်ခုလုံးအဆင့်မြှင့်တင်ရေးအတွက် ငွေကြေးဘီလီယံပေါင်းများစွာ လိုအပ်ပါသည်။ ဘတ်ဂျက်ဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့် အခြားအကြောင်းအရာ အခက်အခဲများလည်းရှိပါသေးသည်။ ထို့ကြောင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကောင်းမွန်စေရန် အဟန့်အတား အခက်အခဲများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အချိန်ယူကျော်ဖြတ်နေရဦးမည်ဖြစ်သည်။

ဓာတ်အားဖြန့်ဖြူးရေးအတွက် အခြားအခက်အခဲတစ်ခုမှာဓာတ်အားပိတ်ပြုပြင်ချိန် အလုံအလောက်မရရှိမှုပင် ဖြစ်ပါသည်။ ဓာတ်အားဖြန့်ဖြူးရေးစနစ်ပြည့်စုံမှု မရှိသေးမီကာလအတွင်း ဓာတ်အားဖြန့်ဖြူးသည့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများစနစ်တကျပြုပြင်ရန် အဆင့်မြှင့်တင်ရန် လုံလောက်သော အချိန်လိုအပ်ပါသည်။ ထိုသို့ ပြုပြင်ထိန်းသိမ်းခြင်းကို ဓာတ်အားမပိတ်ဘဲ ဆောင်ရွက်နိုင်သည့် နည်းပညာ (Live Line Maintenance Technology) အသုံးမပြုနိုင်သေးသဖြင့် ဓာတ်အားပိတ်ဆောင်ရွက်ရပါသည်။ ဓာတ်အားပိတ်ဆောင်ရွက်ရသည့်အတွက် ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်လာရသည်။ ပြုပြင်ရသည့် အခြေအနေ အခက်အခဲအတိုင်းအတာအရ ဓာတ်အားပြတ်တောက်ချိန် သည်လည်း ကြာမြင့်နိုင်ပေသည်။ ထိုသို့ ဓာတ်အားကြာရှည်စွာ ပြတ်တောက်ပါက ပြည်သူလူထုအတွက် နောက်ဆက်တွဲအခက်အခဲများစွာဖြစ်ပေါ်ရသည်။ ချက်ပြုတ်စားသောက်ရေး အခက်အခဲမှသည် သုံးရေ၊ ချိုးရေ၊ သောက်ရေအခက်အခဲအထိ ဖြစ်ပေါ်ရသည်။

ထို့ကြောင့် ဓာတ်အားကြာရှည်စွာ ပိတ်၍ဆောင်ရွက်ရန် အခက်အခဲရှိလာရသည်။ ပြုပြင်ထိန်းသိမ်းရေးကို အချိန်လုံလောက်စွာ ပြုလုပ်ခွင့်မရပါက စွမ်းဆောင်ရည်အပြည့်အဝ ရရှိရန် မလွယ်ကူလှပေ။ ထိုသို့ အပြည့်အဝပြုပြင်ထိန်းသိမ်းခွင့်မရရှိသဖြင့် လျှပ်စစ်ဝန်ထမ်းတို့မှ ပိုမိုခက်ခဲစွာ ပြုပြင်ထိန်းသိမ်းကြရသည်။ ပိုမိုပင်ပန်းကြရသည်။ ယခုအခါ ပူပြင်းသော နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် ဓာတ်အားသုံးစွဲမှုသည်လည်း အမြင့်ဆုံးရောက်ရှိတော့မည်ဖြစ်ရာ ဓာတ်အားမပြတ်တောက်ရေးအတွက် ကြိုတင်ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

ဓာတ်အားသုံးပြည်သူများအနေဖြင့်လည်း ယင်းအခက်အခဲများကို မသိရှိနိုင်သော်လည်း ဓာတ်အားမပြတ်မတောက်အသုံးပြုလိုသော ဆန္ဒရှိသည်မှာ အမှန်ဖြစ်၍ အများပြည်သူ၏ဆန္ဒကို ဆောင်ရွက်ပေးနိုင်သမျှ ရှေ့တန်းတင်ဆောင်ရွက်ပေးနေသော်လည်း ဓာတ်လွှတ်ပစ္စည်းများ ပျက်စီးမည့် အခြေအနေနှင့် ကြုံတွေ့လာရပါက မဖြစ်မနေဓာတ်အားပိတ်၍ ပြုပြင်ခြင်းကို ဆောင်ရွက်ကြရပါသည်။ ယင်းသို့ ပြုပြင်ထိန်းသိမ်းရန် အခက်အခဲများကြောင့် ဓာတ်အားဖြန့်ဖြူးရေးစနစ် မကောင်းမွန်၊ မကောင်းမွန်၍ ဓာတ်အားပြတ်တောက်စသည်ဖြင့် သံသရာလည်နေပေတော့သည်။ စာရေးသူတို့နိုင်ငံအနေဖြင့် အခြားဖွံ့ဖြိုးပြီးနိုင်ငံများကဲ့သို့ ဓာတ်အားဖြန့်ဖြူးလိုင်းနှင့် ခွဲရုံများကို အရန် တည်ဆောက်ထားနိုင်ခြင်း မရှိသေးခြင်းနှင့် (Live Line Maintenance Technology) မရှိသေးသဖြင့် ဓာတ်အားမပြတ်တောက်ရေးပန်းတိုင်နှင့် အလှမ်းဝေးကွာနေဦးမည် ထင်ပါသည်။

ဓာတ်အားသုံးစွဲသူများအနေဖြင့် ကူညီပေးနိုင်သည်တို့ကိုနားလည်မှုရှိရှိ ကူညီပေးနိုင်ပါက အတိုင်းအတာတစ်ခုအထိ ထိရောက်နိုင်ပါသည်။ ဓာတ်အားသုံးစွဲမှုကို စနစ်တကျသုံးစွဲခြင်း၊ ဖြစ်နိုင်ပါက ပါဝါအမြောက်အမြားကို တစ်ပြိုင်တည်းမသုံးစွဲဘဲ အလှည့်ကျသုံးစွဲခြင်း၊ ဝန်အားသုံးစွဲမှုအများဆုံးအချိန်၌ ပါဝါအမြောက်အမြားများ သုံးစွဲခြင်းကို တတ်နိုင်သမျှ မသုံးစွဲခြင်း၊ Energy Saving Device များအသုံးပြုခြင်း၊ နေ့အချိန်များတွင် သဘာဝအလင်းရောင်ကို အားထားအသုံးပြုခြင်း၊ ဓာတ်အားလိုင်းပိတ် ပြုပြင်ထိန်းသိမ်းမှုများကို နားလည်သည်းခံပေးခြင်း စသည်တို့ဖြစ်ပါသည်။ ယင်းအကြောင်းအချက်များသည် တစ်ဦး၊ တစ်အိမ်၊ တစ်ရပ်ကွက်၊ တစ်ဒေသ ၊ တစ်ခုတည်းဖြင့်လည်း ဆောင်ရွက်၍ မရ ဓာတ်အားသုံးစွဲသူအားလုံးက အသိရှိရှိပါဝင်ဆောင်ရွက်မှသာရနိုင်ပေမည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်က ခွင့်ပြုသော ဘဏ္ဍာငွေကြေးအတိုင်းအတာ၊ ဆောင်ရွက်ခွင့်ရသည့် အခြေအနေအတိုင်းအတာများနှင့် အညီ အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါသည်။ လတ်တလောဝန်အားကို နိုင်နင်းအောင် ထုတ်လုပ်၊ သယ်ပို့၊ ဖြန့်ဖြူးပေးနေမည့်အပြင် နှစ်စဉ်ထပ်တိုးများပြားလာသည့် ဝန်အားအတွက်လည်း စနစ်တကျတွက်ချက်ပြီး လုံလောက်မှုရှိအောင် ဆောင်ရွက်ပေးနေဦးမည်ဖြစ်ပါသည်။ အနာဂတ်တွင် တိုးမြှင့်ဖြန့်ဖြူးပေးရမည့် ဓာတ်အားအတွက် ဓာတ်အားပေးစက်ရုံကြီးများ တည်ဆောက်ရဦးမည်ဖြစ်ရာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ မရှိစေရေးအပါအဝင် သက်သာသော ဓာတ်အားခနှုန်းထားဖြင့် အများပြည်သူ သုံးစွဲနိုင်ရေးရှေးရှုလျက် ဓာတ်အားထုတ်လုပ်သောနည်းစနစ် (နေအလင်းရောင်၊ လေအား၊ ရေအား၊ ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့ အစရှိသည့်)များမှ ထုတ်လုပ်မှုကုန်ကျစရိတ်အရ အသင့်တော်ဆုံးနည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့ကြောင့် လျှပ်စစ်အခြေခံ အဆောက်အအုံအခက်အခဲများရှိနေသည့်ကြားမှပင် အများပြည်သူများ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မဖြစ်ပေါ်စေရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့်ကြိုးပမ်းဆောင်ရွက်မှုများရှိနေသည်ကို တွေ့မြင်နေကြရပါသည်။ ပိုမိုတိုးတက်ဖွံ့ဖြိုးသောနိုင်ငံတော်တည်ဆောက်နိုင်ရာတွင် လျှပ်စစ် ကဏ္ဍတိုးတက်စေရေးအတွက်မိဘပြည်သူများက နားလည်မှု ရှိရှိဖြင့် ပူးပေါင်းကူညီဆောင်ရွက်သင့်ပါကြောင်း တင်ပြလိုက်ရပေသည်။



ရထားစီးခရီးသည်များအား ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် လိုရာခရီးကို အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရေးအတွက် အသိပညာပေးလှုပ်ရှားမှုကို အမှတ် (၁၃) တပ်ခွဲမှူးဒုရဲမှူး ပီတာမြင့်သိန်း၏ ကွပ်ကဲမှုဖြင့် တပ်စု (၁) ရန်ကုန်မှတပ်စုမှူး ဒုရဲအုပ်အောင်ဘိုဘိုဦးစီးသော ရထားရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာ့မီးရထားဝန်ထမ်းများ ဇန်နဝါရီ ၂၃ ရက်က ရန်ကုန်ဘူတာကြီး အမှတ် (၆/၇)စင်္ကြံတွင် ဆောင်ရွက်စဉ်

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## ဓာတ်အားခွဲရုံ မြေနေရာအသုံးပြုမှုအတွက် တောင်သူများကို နစ်နာကြေးများပေးအပ်

**ကျိုင်းတုံ ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် မိုင်းလပ်ကျေးရွာအုပ်စု ပါဆန်ကျေးရွာတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနက ၂၃၀ ကေဗွီရှိ ဓာတ်အားခွဲရုံတည်ဆောက်ရန်အတွက် မြေနေရာစွန့်လွှတ်ပေးခဲ့သည့် တောင်သူများကို ဇန်နဝါရီ ၂၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နစ်နာကြေးပေးအပ်ခဲ့ကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်ဝင်းက ဓာတ်အားခွဲရုံတည်ဆောက်ရန် မြေနေရာအသုံးပြုရသည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြေယာစွန့်လွှတ်ပေးခဲ့သည့် တောင်သူခြောက်ဦးကို နစ်နာကြေးများပေးအပ်သည်။

နစ်နာကြေးအဖြစ်မြေတစ်ဧကလျှင် ငွေကျပ်သိန်း ၁၀၀၊ သီးနှံတစ်ဧကလျှင်ငွေကျပ်သိန်း ၁၀ နှင့်ခြံစည်းရိုး တစ်ဧကလျှင်ငွေကျပ်သိန်း ၁၀ နှုန်းဖြင့် စွန့်လွှတ်ဧကအလိုက် တောင်သူများကို ပေးအပ်ခဲ့သည်။ ဓာတ်အားခွဲရုံတည်ဆောက်ရန်အတွက် မြေနေရာ ၂၃ ဒသမ ၂၁ ဧက အသုံးပြုရမည်ဖြစ်ပြီး ယခုလကုန်တွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

## (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် တာဝေးစက်ဘီးအားကစားသမား ရွေးချယ်ပွဲပြုလုပ်မည်

**နေပြည်တော် ဇန်နဝါရီ ၂၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ မလေးရှားနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ တာဝေးစက်ဘီးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် လက်ရွေးစင် စက်ဘီးအားကစားသမားများရွေးချယ်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၈ နာရီတွင် ဝဏ္ဏသိဒ္ဓိစက်ဘီးလေ့ကျင့်ရေးကွင်းအတွင်း ရွေးချယ်မည်ဖြစ်ပြီး လူရွေးပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍ ဖုန်း ၀၉-၂၅၀ ၂၀၅၆၅၁ သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ပါကြောင်း သိရသည်။

(မြန်မာ့အလင်း)



## ဖူးမြော်ကြည်ညို

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘူတန်နိုင်ငံဘုရင်မင်းမြတ်၏ဒွေးတော်တို့ အာနန္ဒာဘုရားအား ဖူးမြော်ကြည်ညိုစဉ်
(သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဘူတန်နိုင်ငံဘုရင်မင်းမြတ်၏ ဒွေးတော်တို့သည် ရိုးရာလက်မှုအနုပညာ ယွန်းထည်နှင့်ပန်းပုလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ညှိသည်တော် ဘူတန်နိုင်ငံဘုရင်မင်းမြတ်၏ ဒွေးတော်အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**



# လွှတ်တော်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီပေးရေးကိစ္စများဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၄**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် International IDEA မြန်မာဌာနေကိုယ်စားလှယ် Mr. Mark McDowell အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လွှတ်တော်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီပေးရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း International IDEA မြန်မာဌာနေကိုယ်စားလှယ် Mr. Mark McDowell အား လက်ခံတွေ့ဆုံစဉ်**

# အကြိမ် (၇၀)မြောက် မွန်အမျိုးသားနေ့(ဗဟို) အခမ်းအနား ကျိုက်မရောမြို့၌ ကျင်းပမည်

**မုဒုံ ဇန်နဝါရီ ၂၄**

၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက် (ဖေဖော်ဝါရီ ၁၂ ရက်)တနင်္ဂနွေနေ့တွင် ကျရောက်မည့် အကြိမ် (၇၀) မြောက် မွန်အမျိုးသားနေ့(ဗဟို)ကို မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့ ဘုရားကြီးကျောင်းတိုက်ဝင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ပင့်သံဃာအပါး ၇၀ တို့အား ဆွမ်းဆက်ကပ်လောင်းလှူခြင်း၊ အခမ်းအနားအစီအစဉ်များကျင်းပခြင်း၊ မွန်ရိုးရာယဉ်ကျေးမှု အဆိုအကပြိုင်ပွဲ၊ မွန်စာပေပြိုင်ပွဲ၊ မွန်လုယဉ်ကျေးမယ်ပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်းနှင့် အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျင်းပရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းပြီး သက်ဆိုင်ရာကော်မတီများအလိုက် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုချစ်(မုဒုံ)**

## တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် ဇန်နဝါရီ ၂၄**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**(မိုး/ဇလ)**

# ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့် ဇနီး နေပြည်တော်၌ ကြည့်ရှုလေ့လာ

**နေပြည်တော် ဇန်နဝါရီ ၂၄**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ် General Chalermchai Sitthisad နှင့်ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။ **(ယာပုံ)**

ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဗိုလ်ချုပ်မိုးမြင့်ထွန်း၊ တပ်မတော်အရာရှိကြီးများနှင့်အတူ နေပြည်တော်ရှိ နယ်မြေခံလေ့ကျင့်ရေးကျောင်းသို့ သွားရောက်၍ မြန်မာ့တပ်မတော် အထူးတပ်ဖွဲ့ဝင်များ၏ လေ့ကျင့်သရုပ်ပြသနေမှုများနှင့် လေ့ကျင့်ရေးကွင်း တည်ဆောက်ထားရှိမှုကို ကြည့်ရှုလေ့လာကြပြီး အထူးတပ်ဖွဲ့ဝင်များအတွက် အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ညနေပိုင်းတွင် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့်ဇနီးနှင့် အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညို၍ ဆင်ဖြူတော်ဆောင်ရှိ ဆင်ဖြူတော်များအား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# အသက် ၉၀ နှင့်အထက် သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင် ယခုနှစ် ဧပြီလမှစတင်၍ လစဉ်ထောက်ပံ့မည်

**နိုင်ငံတော်အနေဖြင့် နိုင်ငံတစ်ဝန်းရှိ သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်ပေးအပ်ခြင်းကို တစ်နှစ်စာ ထောက်ပံ့ပေးအပ်ခြင်းမှ လစဉ်ထောက်ပံ့ပေးအပ်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် မြန်မာ့သတင်းစဉ်အနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည် -**

**မေး။ ။ သက်ကြီးရွယ်အိုတွေအတွက် လူမှုရေးပင်စင်ပေးအပ်တဲ့ အစီအစဉ်ကို ရှင်းပြပေးပါခင်ဗျာ။**

ဖြေ။ ။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှာ ကျင်းပတဲ့ ပထမအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ကနေ စတင်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရက လူမှုကာကွယ်ရေးလုပ်ငန်းစဉ်တွေကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဦးဆောင်ပြီး လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီကို ဖွဲ့စည်းပေးခဲ့ပါတယ်။

ကော်မတီအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်တွေနဲ့ ကိုက်ညီမှုရှိတဲ့ လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာတစ်ရပ် ရေးဆွဲချမှတ်နိုင်ဖို့ကို သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေ၊ မိတ်ဖက်အဖွဲ့အစည်းတွေမှ အဖွဲ့ဝင် ၂၀ ဦး ပါဝင်တဲ့ နည်းပညာအထောက်အကူပြုအဖွဲ့ ဖွဲ့စည်းပြီး လုပ်ငန်းစဉ် ၈ ရပ်ပါတဲ့ မြန်မာနိုင်ငံရဲ့ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ရေးဆွဲခဲ့ပါတယ်။ ဒီလုပ်ငန်းစီမံချက်ထဲမှာ ပါဝင်တဲ့ သက်ကြီးရွယ်အိုတွေအတွက် လူမှုရေးပင်စင်ပေးအပ်ခြင်း အစီအစဉ်အရ နိုင်ငံတော်အနေဖြင့် ဘတ်ဂျက်ရန်ပုံငွေအပေါ်မူတည်ပြီး လစဉ်ထောက်ပံ့ပေးမယ့် လူမှုရေးပင်စင်အစား လူမှုရေးအထောက်အပံ့အဖြစ် ဘဏ္ဍာနှစ်အလိုက် ထောက်ပံ့ပေးခဲ့ပါတယ်။

**မေး။ ။ သက်ကြီးရွယ်အိုတွေအတွက် ထောက်ပံ့ပေးခဲ့မှု အခြေအနေတွေကိုလည်း ရှင်းပြပေးပါ။**

ဖြေ။ ။ လူမှုရေးအထောက်အပံ့အဖြစ် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ အသက် ၉၀ နှစ်နဲ့ ၁၀၀ အကြား သက်ကြီးရွယ်အို တစ်ဦးလျှင် တစ်နှစ်ငွေကျပ် ၁၈၀၀၀ နှုန်းနဲ့ ဘိုးဘွား ၂၂၅၆၀ အတွက် ထောက်ပံ့ငွေကျပ် ၄၀၆ ဒသမ ၀၈ သန်း၊ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်မှာ အသက် ၉၀ နှစ်နဲ့ ၁၀၀ အကြား သက်ကြီးရွယ်အို တစ်ဦးလျှင် တစ်နှစ်ငွေကျပ် ၁၅၀၀၀ နှုန်းနဲ့ ဘိုးဘွား ၂၃၅၈၀ အတွက် ထောက်ပံ့ငွေကျပ် ၃၅၃ ဒသမ ၇ သန်း၊ အသက် ၁၀၀ နှစ်နှင့် အထက် သက်ကြီးရွယ်အို တစ်ဦးလျှင် တစ်နှစ်ငွေကျပ် ၂၀၀၀၀ နှုန်းနဲ့ ၁၁၃၅ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၂ ဒသမ ၇ သန်း စုစုပေါင်း ငွေကျပ် ၃၇၆ ဒသမ ၄ သန်း ထောက်ပံ့ပေးခဲ့ပါတယ်။

**မေး။ ။ လာမယ့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဘယ်လိုထောက်ပံ့ပေးမယ်ဆိုတာလည်း ရှင်းပြပေးပါ။**



ဦးအောင်ကျော်မိုး
ညွှန်ကြားရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန

ဖြေ။ ။ လာမယ့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်ဘတ်ဂျက်ရန်ပုံငွေက အသက် ၉၀ နှစ်အထက် သက်ကြီးရွယ်အိုတွေအတွက် လူမှုရေးပင်စင်အဖြစ် သက်ကြီးရွယ်အို တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းနဲ့ လစဉ်ထောက်ပံ့ပေးဖို့ စီစဉ်ထားပါတယ်။ ဒီအစီအစဉ်ကို ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်ကစပြီး ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ ဒီလိုထောက်ပံ့ပေးဖို့အတွက် သက်ကြီးရွယ်အို စာရင်းကောက်ယူမှုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။

**မေး။ ။ ထောက်ပံ့ငွေပေးအပ်ရာမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေရှိရင်လည်း ပြောပြပေးပါခင်ဗျာ။**

ဖြေ။ ။ ကျွန်တော်တို့ လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ မြို့နယ်ရုံးတွေ ဖွင့်လှစ်ထားခြင်း မရှိတဲ့အတွက် စာရင်းကောက်ယူခြင်း၊ ထောက်ပံ့ငွေပေးအပ်ခြင်းကိစ္စတွေမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်လူမှုဝန်ထမ်းရုံးတွေကတစ်ဆင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်ဖို့ အစီအစဉ်ရေးဆွဲထားပါတယ်။ သက်ကြီးရွယ်အိုတွေကို ထောက်ပံ့ငွေပေးအပ်ချိန်မှာ စာရင်းကောက်ယူတဲ့အချိန်က ဘိုးဘွားစာရင်းနဲ့ ထောက်ပံ့ငွေပေးအပ်တဲ့အချိန်မှာရှိတဲ့ ဘိုးဘွားစာရင်း ကွဲလွဲမှုရှိတဲ့အတွက် ထောက်ပံ့ငွေပေးအပ်ရာမှာ အခက်အခဲကြုံရတာတွေရှိပါတယ်။

**မေး။ ။ သက်ကြီးရွယ်အို ထောက်ပံ့ငွေပေးအပ်မှုမှာ လူမှုရေးအသင်းအဖွဲ့တွေ ဘယ်လိုပါဝင်နိုင်တယ်ဆိုတာလည်း ရှင်းပြပေးပါခင်ဗျာ။**

ဖြေ။ ။ လူမှုကူညီရေးအဖွဲ့တွေအနေနဲ့ သက်ကြီးရွယ်အို ဘိုးဘွားတွေအတွက် ထောက်ပံ့ကူညီလိုရင် လူမှုဝန်ထမ်းဦးစီးဌာနနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်နိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒေသအလိုက်ကောက်ယူထားတဲ့ စာရင်းတွေကို ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့ ဆက်သွယ်လိုရင် လူမှုဝန်ထမ်းဦးစီးဌာန ဖုန်းနံပါတ် ၀၆၇- ၄၀၄၁၁၂ နဲ့ ၀၆၇-၄၀၄၂၉၁ တို့ကို ဆက်သွယ်နိုင်ပါတယ်ခင်ဗျာ။

ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ - သူရဇော်(သတင်းစဉ်)**

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ထောက်ပံ့ပြီး သက်ကြီးရွယ်အိုများစာရင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၁၅-၂၀၁၆ (၉၀-၁၀၀) | ၁၀၀(+) | ၂၀၁၆-၂၀၁၇ ၉၀-၁၀၀ | ၂၀၁၆-၂၀၁၇ ၁၀၀(+) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၃၄၀ | ၁၀၀ | ၃၂၈ | ၆၁ | |
| ၂ | ကယား | ၇၂ | ၄ | ၁၃၈ | ၂ | |
| ၃ | ကရင် | ၄၄၀ | ၄၇ | ၅၆၈ | ၅၃ | |
| ၄ | ချင်း | ၄၉ | ၄ | ၁၂၈ | ၉ | |
| ၅ | စစ်ကိုင်း | ၂၄၄၉ | ၁၀၄ | ၁၆၀၇ | ၆၄ | |
| ၆ | တနင်္သာရီ | ၆၃၃ | ၇၆ | ၈၇၁ | ၈၂ | |
| ၇ | ပဲခူး | ၃၆၇၇ | ၁၆၂ | ၃၆၅၃ | ၁၀၃ | |
| ၈ | မကွေး | ၂၁၉၂ | ၈၄ | ၂၅၃၀ | ၈၂ | |
| ၉ | မန္တလေး | ၃၃၀၄ | ၂၁၇ | ၃၃၈၉ | ၁၆၃ | |
| ၁၀ | မွန် | ၁၄၀၂ | ၉၆ | ၁၇၅၂ | ၇၂ | |
| ၁၁ | ရခိုင် | ၁၃၁၄ | ၆၅ | ၇၁၃ | ၅၅ | |
| ၁၂ | ရန်ကုန် | ၂၆၅၆ | ၁၅၀ | ၂၇၈၇ | ၁၄၄ | |
| ၁၃ | ရှမ်း | ၆၀၃ | ၇၃ | ၁၀၂၉ | ၈၇ | |
| ၁၄ | ဧရာဝတီ | ၂၈၂၉ | ၁၁၅ | ၃၃၀၀ | ၈၈ | |
| ၁၅ | နေပြည်တော် | ၅၉၂ | ၅၃ | ၇၇၉ | ၆၀ | |
| | စုစုပေါင်း | ၂၂၅၆၀ | ၁၃၅၀ | ၂၃၅၈၀ | ၁၁၃၅ | |

# ရှမ်းပြည်နယ်မြောက်ပိုင်း၌ တရားမဝင်သစ်များနှင့် သစ်တင်ယာဉ်များ သိမ်းဆည်းရမိ



သိမ်းဆည်းရမိသော တရားမဝင်သစ်များနှင့် သစ်တင်ယာဉ်တစ်စီးကို တွေ့ရစဉ်

**နေပြည်တော် ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း ရွှေလီမြစ်ကြောင်းတစ်လျှောက်၌ သစ်များခိုးထုတ်နေကြောင်းသတင်းအရ တပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များပူးပေါင်းပြီး နယ်မြေရှင်းလင်းခဲ့ရာ တရားမဝင်သစ်မျိုးစုံ ၃၅၉ တန်ခန့်နှင့် ယာဉ်မျိုးစုံ အစီး ၇၀ သိမ်းဆည်းရမိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်သည်။

မိုးမိတ်မြို့နယ်နှင့် မန်တုံမြို့ဝန်းကျင်၌ သစ်ခိုးထုတ်နေကြောင်း သတင်းအရ ဇန်နဝါရီ ၁၇ ရက်မှစတင်၍ တပ်မတော်လေယာဉ်ဖြင့် ကင်းထောက်ပြီး ကောင်းကင်ဓာတ်ပုံရိုက်ကူးခဲ့ရာ ယာဉ်များဖြင့် သစ်ခိုးထုတ်လျက်ရှိကြောင်း တွေ့ရှိခဲ့သဖြင့် ဇန်နဝါရီ ၁၈ ရက်က တပ်မတော်လေယာဉ်ဖြင့် ခြောက်လှန့်ပစ်ခတ်တားဆီးခဲ့သည်။

**ပိုင်ရှင်မဲ့သိမ်းဆည်းရမိ**

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များပူးပေါင်းပြီး ဇန်နဝါရီ ၁၈ ရက်က နယ်မြေရှင်းလင်းစဉ် နမ့်ခမ်းမြို့နယ် မုံးဝီးကျေးရွာ၏ အနောက်တောင်ဘက် ၁ မိုင်ခန့်၌ သစ်မာ ၂၇ တန်ခန့် တင်ဆောင်ထားသည့် ၁၂ ဘီး ယာဉ်သုံးစီးနှင့် ယင်းဝန်းကျင်၌ သစ်မာ ၂၇ တန်ခန့် တင်ဆောင်ထားသည့် ၁၂ ဘီး ယာဉ်သုံးစီးကို လည်းကောင်း၊ ဇန်နဝါရီ ၁၉ ရက်က နမ့်ခမ်းမြို့နယ် မုံးဝီးကျေးရွာ၏ အနောက်တောင်ဘက် ၁ မိုင်ခန့်၌ ၁၂ ဘီးယာဉ် ၂၄ စီး၊ ခြောက်ဘီးယာဉ် ၁၅ စီးကို လည်းကောင်း၊ မန်တုံမြို့ ပန်ကူကျေးရွာ၏ အနောက်ဘက် ၄ မိုင်ခန့်၌ သစ်မာ ၆ တန်ခန့် တင်ဆောင်ထားသည့် သရီးကရောင်းယာဉ်တစ်စီးနှင့် ဘက်ဟိုးယာဉ်တစ်စီးကို လည်းကောင်း၊ ဇန်နဝါရီ ၂၀ ရက်က မန်တုံမြို့ ပန်ကူကျေးရွာ၏အနောက်မြောက်ဘက် ၅ မိုင်ခန့်၌ တရားမဝင်သစ်တင် ခြောက်ဘီးယာဉ်သုံးစီး၊ ကရိန်းယာဉ်တစ်စီး၊ ဖိုးဝိုးယာဉ်တစ်စီးနှင့် သစ်မာဆိုက်စုံငါးတန်ခန့် တင်ဆောင်ထားသည့် ၁၀ ဘီးယာဉ်တစ်စီး၊ ဒီဇယ်ပီပါ ၃၉ လုံးတင်ဆောင်ထားသည့် ခြောက်ဘီးယာဉ်သုံးစီးနှင့် ဘိလပ်မြေအိတ် ၂၀ တင်ဆောင်ထားသည့် ပါရာဒိုယာဉ် တစ်စီးတို့ကို လည်းကောင်း၊ နမ့်ခမ်းမြို့နယ် မုံးဝီးကျေးရွာ၏ အနောက်တောင်ဘက် ၁ မိုင်ခွဲခန့်၌ သစ်မာမျိုးစုံ ၃၉ တန်ခန့် တင်ဆောင်ထားသည့် ၁၂ ဘီးယာဉ် တစ်စီးနှင့် ခြောက်ဘီးယာဉ် ခြောက်စီးတို့ကို လည်းကောင်း၊ ဇန်နဝါရီ ၂၁ ရက်က မန်တုံမြို့ မုံးခက်ကျေးရွာ၏ အရှေ့မြောက်ဘက် ၁ မိုင်ခွဲခန့်၌ သစ်မာ ၁၅ တန်ခန့် တင်ဆောင်ထားသည့် ၁၂ ဘီးယာဉ်နှစ်စီးနှင့် ခြောက်ဘီးယာဉ်တစ်စီးတို့ကို လည်းကောင်း၊ ဇန်နဝါရီ ၂၂ ရက်က မန်တုံမြို့ မုံးခက်ကျေးရွာ၏ အနောက်ဘက် ၁ မိုင်ခန့်၌ သစ်မာ ၁၀ တန်ခန့် တင်ဆောင်ထားသည့် ခြောက်ဘီးယာဉ်သုံးစီးကိုလည်းကောင်း စုစုပေါင်း တရားမဝင်သစ်မျိုးစုံ ၃၅၉ တန်ခန့်နှင့် သစ်ထုတ်လုပ်မှုနှင့် သစ်များသယ်ဆောင်သည့် ယာဉ်မျိုးစုံ အစီး၇၀ တို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသအတွင်း သစ်ခိုးထုတ်မှုမရှိစေရေး တပ်မတော်မှ လေယာဉ်များဖြင့် ဝေဟင်မှ ကင်းထောက်ခြင်း၊ စစ်ကြောင်းများဖြင့် နယ်မြေရှင်းလင်းခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရမိခဲ့သည့် သစ်များနှင့် မော်တော်ယာဉ်များကို သက်ဆိုင်ရာဌာနများသို့ စနစ်တကျ လွှဲပြောင်းအပ်နှံ သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကြူကုတ်(ပန်ဆိုင်း)မြို့အနီးမှ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ ကြူကုတ်(ပန်ဆိုင်း)မြို့ဝန်းကျင်၌ ယမန်နေ့နံနက်ပိုင်းက တပ်မတော်စစ်ကြောင်းသည် ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းသည် နယ်မြေရှင်းလင်းစဉ် ယမန်နေ့ နံနက် ၁၁ နာရီခန့်က ကြူကုတ်(ပန်ဆိုင်း)မြို့၏ အရှေ့တောင်ဘက် ၃ မိုင်ခန့်ရှိ နေရာတစ်ဝိုက်မှ ၆၀ မမ ဗုံးသီးကိုယ်ထည်အလုံး ၃၀၊ ဗုံးသီးထိပ်ဖူး အလုံး ၇၀နှင့် ပို့ကျည် (ရဲမီးခွက်ပါ) ၄၅ ခု၊ လက်ပစ်ဗုံး ၂၉ လုံး၊ အမ်-၂၂ ကျည်အိမ် ၂၃ ခု၊ ကျည်ကာအင်္ကျီနှစ်ထည်နှင့် ကျည်ကာဦးထုပ်နှစ်လုံးတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။ အဆိုပါ နေရာတစ်ဝိုက်ကို တပ်မတော်စစ်ကြောင်းများက ဆက်လက်ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



သိမ်းဆည်း ရမိသော ခဲယမ်းနှင့် ဆက်စပ် ပစ္စည်းများကို တွေ့ရစဉ်

# အင်ဒိုနီးရှားနိုင်ငံမှ ပေးပို့လှူဒါန်းသည့် ထောက်ပံ့ရေးပစ္စည်းများ မောင်တောမြို့သို့ရောက်ရှိ

**မောင်တော ဇန်နဝါရီ ၂၄**

အင်ဒိုနီးရှားနိုင်ငံက မောင်တောခရိုင်အတွက် ထောက်ပံ့လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများကို ယနေ့ နံနက် ၉ နာရီက မောင်တောမြို့ကညင်ချောင်းဆိပ်ကမ်းသို့ ရောက်ရှိလာသည်။

အဆိုပါထောက်ပံ့ရေးပစ္စည်းများကို စိန်ရနှင့်သိန်းသန်းလှိုင်အမည်ရှိ သင်္ဘောများနှင့် စစ်တွေဆိပ်ကမ်းမှ မောင်တောဆိပ်ကမ်းသို့ သယ်ဆောင်လာခြင်းဖြစ်ပြီး ဂျုံ၂၁၄၆ အိတ်၊ ခေါက်ဆွဲခြောက်ထုပ် ၅၄၀၀၊ အာဟာရမှုန့်အိတ် ၁၀၅၀ နှင့် ပုဆိုး ၃၅ အိတ်တို့ဖြစ်ကြောင်း သိရသည်။

"ဒီထောက်ပံ့ရေး ပစ္စည်းတွေကို သင်္ဘောနှစ်စင်းနဲ့ ဆိပ်ကမ်းကနေ ပင်လယ်ကိုဖြတ်ပြီး မေယုမြစ်အတိုင်း မောင်းနှင်သယ်ယူခဲ့ပါတယ်။ အခု မောင်တောဆိပ်ကမ်း ရောက်တော့ တာဝန်ရှိသူတွေဆီကို စနစ်တကျအပ်နှံခဲ့ပါတယ်"ဟု စိန်ရသင်္ဘော၏ ပဲ့နင်းဖြစ်သူ ဦးခင်မောင်ရီက ပြောကြားသည်။

အဆိုပါထောက်ပံ့ရေးစ္စည်းများကို မောင်တောဒေသရှိ နှစ်ဖက်လူမှု အသိုင်းအဝိုင်းအတွက် စနစ်တကျခွဲဝေထောက်ပံ့ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်တောခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်က "ဒီနေ့ နံနက်ပိုင်းမှာ အင်ဒိုနီးရှားအစိုးရက ထောက်ပံ့တဲ့ပစ္စည်းတွေ သင်္ဘောနှစ်စင်းနဲ့ မောင်တောကို ရောက်ရှိပါတယ်။ အဲဒီသင်္ဘောနှစ်စင်းမှာ တစ်အိတ်ကို ၁၃၆ ဘူးပါတဲ့ ဂျုံအိတ် ၂၁၄၆ အိတ်၊ တစ်အိတ်ကို အထုပ် ၃၀၀ စီပါတဲ့ အာဟာရမှုန့်အိတ် ၁၀၅၀၊ တစ်ဖာကို အထုပ် ၄၀ စီပါတဲ့ ခေါက်ဆွဲခြောက်ထုပ် ၅၄၀၀ နဲ့ တစ်အိတ်ကို အထည် ၂၀၀ စီပါတဲ့ ပုဆိုးအိတ် ၃၅ အိတ် ပါဝင်ပါတယ်။



အဲဒီ ထောက်ပံ့ရေးပစ္စည်းတွေကို ဒီနေ့ပဲ သင်္ဘောပေါ်ကချပြီး စုရပ်ဖြစ်တဲ့ ကြိမ်ချောင်းမှာ စုပုံမှာဖြစ်ပါတယ်၊ နောက်တစ်နေ့မှာ ခရိုင်အဆင့်နဲ့ မြို့နယ်အဆင့် စီမံခန့်ခွဲမှုကော်မတီဝင်တွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ၊ ဘာသာရေးအဖွဲ့အစည်းတွေ၊ INGO နဲ့ NGO တွေ၊ ရပ်မိရပ်ဖတွေအပါအဝင် CSO အဖွဲ့တွေကိုဖိတ်ခေါ်ပြီး ကျီးကန်းပြင်နဲ့ ကြိမ်ချောင်းကြားက စားနပ်ရိက္ခာနဲ့ပတ်သက်ပြီး အခက်အခဲတွေနိုင်တယ်လို့ယူဆရတဲ့နေရာတွေကို ဦးစားပေးဖြန့်ခွဲနိုင်ဖို့ ကွင်းဆင်းစီမံဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

**မောင်ဇော်နေ(သတင်းစဉ်)**
**ဓာတ်ပုံ-ဖိုးဇော်**

# မောင်တောမြို့နယ် ရွှေဇားကျေးရွာ၌ ကျောင်းစုံညီအားကစားပွဲတော် ကျင်းပ



ကျောင်းအုပ်ဆရာမကြီး ဒေါ်သောင်းစိန်
ရွှေဇားကျေးရွာ
အခြေခံပညာမူလတန်း(လွန်)ကျောင်း

**မောင်တော ဇန်နဝါရီ ၂၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ရွှေဇားကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ယနေ့နံနက်ပိုင်းမှစတင်၍ ကျောင်းစုံညီအားကစားပွဲတော် ကျင်းပလျက်ရှိသည်။

"ကျွန်မတို့ကျောင်းမှာ ဒီလို အားကစားပွဲတွေ ကျင်းပပေးတော့ ကျောင်းသား ကျောင်းသူတွေအားလုံး ပျော်ရွှင်နေကြတယ်။ မိဘတွေပါ လာရောက်အားပေးနေကြတော့ ပျော်ရွှင်မှုတွေက ကလေးတွေသာမက မိဘတွေကိုလည်း ကူးစက်နေတယ်။ မောင်တောဒေသကြီးတစ်ခုလုံးကို ဒီလိုပျော်ရွှင်ကြည်နူးမှုတွေ ဖုံးလွှမ်းစေချင်ပါတယ်" ဟု အဆိုပါကျောင်းမှ မူလတန်းပြဆရာမ ဒေါ်နွယ်နွယ်စိုးက ပြောကြားသည်။

အဆိုပါ ကျောင်းစုံညီအားကစားပွဲတော်တွင် မီတာ ၁၀၀နှင့် မီတာ ၂၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲ၊ ကွမ်းသီးကောက်ပြိုင်ပွဲ၊ မုန့်ကိုက်ပြိုင်ပွဲ၊ ခြေပူးအပြေးပြိုင်ပွဲနှင့် ဘောလုံးဖောက်ပြိုင်ပွဲတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ကျောင်းအုပ် ဆရာမကြီး ဒေါ်သောင်းစိန်က "ဒီအားကစားပွဲကို မြို့နယ်တစ်ခုလုံးမှာ ကျင်းပတာဖြစ်ပါတယ်၊ ဒီလိုကျင်းပပေးတဲ့အတွက်လည်း




အားလုံးပျော်နေကြတယ်၊ ကျွန်မတို့ ကျောင်းမှာ ကျောင်းသား ကျောင်းသူ ၆၂၅ ဦးရှိတယ်၊ ကျောင်းသား ကျောင်းသူ အချင်းချင်း ကောင်းမွန်တဲ့ယှဉ်ပြိုင်မှုတွေကတစ်ဆင့် အချင်းချင်းချစ်ကြည်ရင်းနှီးမှုတွေ ပိုမိုရရှိလာမှာဖြစ်ပါတယ်" ဟု ဆိုသည်။

**အားလုံးပျော်ရွှင်နေ**

ကျောင်းစုံညီ အားကစားပွဲတော် ပြိုင်ပွဲဝင် ပဉ္စမတန်းကျောင်းသား မောင်ရာဆာအာရာဖတ်က "သားက မီတာ ၁၀၀ အပြေးပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားမှာပါ၊ သားတို့သူငယ်ချင်းတွေအားလုံးပျော်နေကြတယ်၊ ဒီလိုပြိုင်ပွဲတွေ၊ ဒီလိုပျော်ရွှင်မှုတွေကို သားတို့ အမြဲရချင်ပါတယ်"ဟု ပြောကြားသည်။

**မောင်ဇော်နေ(သတင်းစဉ်)**
**ဓာတ်ပုံ- ဖိုးဇော်**

# မောင်တောဒေသရှိ ဝါးပိတ်ကျေးရွာကို စံပြကျေးရွာအဖြစ် တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိ



မောင်တောမြို့နယ် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ ကျီးကန်းပြင်နှင့် ဝါးပိတ်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်

**နေပြည်တော် ဇန်နဝါရီ ၂၄**

ရခိုင်ပြည်နယ် မောင်တောဒေသ အကြမ်းဖက်ဖြစ်စဉ်များတွင် မီးလောင်ခဲ့သည့် ဝါးပိတ်ကျေးရွာကို စံပြကျေးရွာအဖြစ် စနစ်တကျထူထောင်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

"မီးလောင်ခဲ့တဲ့ ဝါးပိတ်ကျေးရွာကို မောင်တောဒေသမှာ စံပြကျေးရွာအဖြစ် စနစ်တကျ ပြန်လည်ထူထောင်သွားမယ်၊ စံပြကျေးရွာအဖြစ် တည်ဆောက်ဖို့ အခု လောလောဆယ် မြေနေရာရွေးချယ်သွားမှာဖြစ်ပါတယ်။ ဒေသခံပြည်သူတွေပူးပေါင်းဆောင်ရွက်ဖို့ ဖိတ်ခေါ်ပါတယ်"ဟု မောင်တောမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်ခိုင်က ပြောကြားသည်။

ယနေ့ နံနက်ပိုင်းက မောင်တောမြို့နယ် ကျီးကန်းပြင် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည့် မောင်တောမြို့နယ် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များနှင့် ကျီးကန်းပြင်နှင့် ဝါးပိတ်ကျေးရွာများမှ ဒေသခံပြည်သူများ တွေ့ဆုံပွဲတွင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ကော်မတီအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖဒေသခံပြည်သူများသည် စံပြကျေးရွာတည်ဆောက်ရန် လျာထားသည့် ကျီးကန်းပြင်ကျေးရွာအုပ်စုရှိ ကျီးကန်းပြင်-ဇင်ဘိုင်ညာသွား ကားလမ်းဘေး ဝဲ/ယာနှင့် နွားရုံတောင်ကျေးရွာအုပ်စုရှိ ကျီးကန်းပြင် -ကြိမ်ချောင်းသွား ကားလမ်းဘေးဝဲ/ယာများသို့သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

"ကျွန်တော်တို့ကျေးရွာကို စံပြကျေးရွာအဖြစ် ပြန်လည်ထူထောင်ပေးမယ်ဆိုလို့ ဝမ်းသာရပါတယ်၊ စံပြကျေးရွာဖြစ်ဖို့ ကျွန်တော်တို့ ပါဝင်ကူညီသွားမှာပါ၊ ကျွန်တော်တို့ ကိုယ့်အိမ်နဲ့ကိုယ် နေချင်ပါတယ်"ဟု ဝါးပိတ်ကျေးရွာသား မာမွတ်အာမိန်က ပြောကြားသည်။

ကျီးကန်းပြင် အလယ်ရွာသား မာမွတ်နာဆဲက "စံပြကျေးရွာ ထူထောင်မှာကို ကန့်ကွက်ဖို့မရှိပါဘူး၊ သန့်ရှင်းတဲ့သောက်သုံးရေရရှိဖို့လည်း ဆောင်ရွက်ပေးစေလိုပါတယ်။ အားလုံးဝိုင်းဝန်းကူညီသွားမှာပါ"ဟု ပြောကြားသည်။

**မောင်ဇော်နေ (သတင်းစဉ်)**
**ဓာတ်ပုံ-ဖိုးဇော်**

## ရခိုင်ရိုးရာ ရထားဆွဲပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**စစ်တွေ ဇန်နဝါရီ ၂၄**

နဝမအကြိမ်မြောက် ရခိုင်ရိုးရာ ရထားဆွဲ ပွဲတော်ကြီးကို ရခိုင်ပြည်နယ် စစ်တွေမြို့၌ မြို့လုံးကျွတ် ရခိုင်ရိုးရာ စဉ်လာမပျက် ဆင်ယင်ကျင်းပမည်ဖြစ်သည်။

ရခိုင်ရိုးရာ ရထားဆွဲပွဲတော်ကြီးကို ဖေဖော်ဝါရီ ၇ ရက်မှ ဖေဖော်ဝါရီ ၁၁ ရက်အထိ ငါးရက်တိုင်တိုင် စစ်တွေမြို့ ဝဏ်ဘာကွင်းကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း မြို့လုံးကျွတ်ရခိုင်ရိုးရာ ရထားဆွဲပွဲတော်ကျင်းပရေး ကော်မတီများထံမှ သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ငါးခူရနယ်မြေရဲစခန်း အကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်ခဲ့သူတစ်ဦး ဖမ်းဆီးရမိ

**မောင်တော ဇန်နဝါရီ ၂၄**

ငါးခူရနယ်မြေရဲစခန်း အကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်ခဲ့သူတစ်ဦးအား သတင်းအရ စောင့်ဆိုင်းစဉ် ဖမ်းဆီးရမိခဲ့သည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့သည့် ငါးခူရနယ်မြေရဲစခန်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင်ပါဝင်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသူများ ရောက်ရှိနေသည်ဟု သတင်းရရှိ၍ ဇန်နဝါရီ ၂၄ ရက် နံနက် ၇ နာရီတွင် နယ်မြေခံရဲတပ်ဖွဲ့ဝင်များက ရပ်မိရပ်ဖများနှင့်အတူ ငါးခူရအလယ်ရွာလမ်းဆုံမှ စောင့်ဆိုင်းနေခဲ့သည်။

ထိုသို့ စောင့်ဆိုင်းနေစဉ် မသင်္ကာဖွယ်လူတစ်ဦးကိုတွေ့ရှိ၍ စစ်ဆေးမေးမြန်းရာ ၎င်းသည် ငါးခူရအလယ်ရွာနေ ရာခတ်(ခ)ရှာကေမူမာမတ် (၂၆ နှစ်) ဖြစ်ပြီး ငါးခူရအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင်ပါဝင်ခဲ့ကာ ထွက်ပြေးတိမ်းရှောင်နေသူဖြစ်ကြောင်း သိရှိရသည်။ ဖမ်းဆီးရမိသောတရားခံအား ငါးခူရနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**



# တီပီပီမှနုတ်ထွက်ရန် ဒေါ်နယ်ထရန့် လက်မှတ်ရေးထိုး

**ဝါရှင်တန် ဇန်နဝါရီ ၂၄**

၄၅ ဦးမြောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ယမန်နေ့က ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ကုန်သွယ်ရေး(တီပီပီ) အဖွဲ့မှ နုတ်ထွက်ရန် အမိန့်ထုတ်ပြန်ချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

လက်မှတ်ရေးထိုးခဲ့ခြင်းနှင့်ပတ်သက်ပြီး ထရန့်က ဒီကိစ္စဟာ အမေရိကန်တွေအတွက် ကြီးကျယ်တဲ့ အရာတစ်ခုပါဟု ပြောကြားခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး အချိန်အတော်ကြာ ပြောဆိုခဲ့ရကြောင်း ၎င်းက ပြောခဲ့သည်။

တီပီပီကို ငါးနှစ်ကျော်ကြာ ဆွေးနွေးညှိနှိုင်းမှု ပြုပြီးနောက် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလက အဖွဲ့ဝင် ၁၂ နိုင်ငံမှ ဝန်ကြီးများက လက်မှတ်ရေးထိုးခဲ့ကြသည်။

တီပီပီမှ အမေရိကန်နိုင်ငံနုတ်ထွက်ခြင်းကို သမ္မတ ထရန့် လက်မှတ်ရေးထိုးခဲ့သော်လည်း အမေရိကန်လွှတ်တော်က အတည်ပြုပေးခဲ့ခြင်း မရှိသေးကြောင်း သိရသည်။

ထိုသို့ တီပီပီမှ အမေရိကန်နိုင်ငံ နုတ်ထွက်ခြင်းကို သမ္မတ ထရန့်လက်မှတ်ရေးထိုးမှု ပြုလုပ်လိုက်ခြင်းသည် ထရန့်အစိုးရသစ်အတွက် ကုန်သွယ်ရေးမဟာဗျူဟာသစ်တစ်ရပ်ကို အကောင်အထည်ဖော်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် အိမ်ဖြူတော်က ကုန်သွယ်ရေးသဘောတူညီမှုများသည် အမေရိကန်လုပ်သားများ၏ အကျိုးစီးပွားအတွက်ဖြစ်ကြောင်း၊ အမေရိကန်လုပ်သားများ ထိခိုက်နစ်နာခြင်းနှင့် အမေရိကန်နိုင်ငံအပေါ် ကုန်သွယ်ရေးသဘောတူညီမှု ချိုးဖောက်နေခြင်းများကို ဖယ်ရှားပစ်မည်ဖြစ်ကြောင်း ပြောခဲ့သည်။

တီပီပီသဘောတူညီမှုသည် အမေရိကန်စက်မှုကုန်ထုတ်လုပ်ငန်းများကို များစွာထိခိုက်နေသည့် အခြေအနေရှိသောကြောင့် ၎င်းသဘောတူညီမှုမျိုးကို မည်သည့်အခါမှ လက်မှတ်ရေးထိုးမည်မဟုတ်ကြောင်း မဲဆွယ်စည်းရုံးရေးခရီးစဉ်အတွင်း ၎င်းက ကတိပြုပြောကြားခဲ့သည်။ ထို့ပြင် မြောက်အမေရိကလွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီမှု(အင်န်အေအက်ဖ်တီအေ)ကိုလည်း ပြန်လည်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ မက္ကဆီကိုနိုင်ငံအပေါ် ကုန်သွယ်ခွန်ကိုလည်း တိုးမြှင့်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။ (အင်န်အေအက်ဖ်တီအေ)ကိုလည်း ပြန်လည်ဆွေးနွေးမှုများ ပြုလုပ်သွားရန် မကြာမီတွင် မက္ကဆီကိုနှင့် ကနေဒါတို့မှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန်ရှိကြောင်း မကြာသေးမီက ပြောခဲ့သည်။



ထရန့်၏လုပ်ဆောင်ချက်များသည် ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒနှင့် ပြည်တွင်းရှုမျှော်ခြင်းမူဝါဒကို အသုံးပြုနေသကဲ့သို့ ဖြစ်သောကြောင့် ယင်းက ကမ္ဘာ့စီးပွားတိုးတက်မှုကို ခြိမ်းခြောက်လိမ့်မည်ဖြစ်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့က သတိပေးထားကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ရိုးလ်ရွိုက်စ် လာဘ်ပေးလာဘ်ယူကိစ္စတွင် အဲအေးရှားမပါဝင်ကြောင်း ငြင်းဆို

**ကွာလာလမ်ပူ ဇန်နဝါရီ ၂၄**

ဗြိတိန်နိုင်ငံ လေယာဉ်အင်ဂျင်ထုတ်လုပ်သူ ရိုးလ်ရွိုက်စ်၏ လာဘ်ပေးလာဘ်ယူကိစ္စတွင် မလေးရှားနိုင်ငံ လေကြောင်းလိုင်း အဲအေးရှား ပါဝင်ပတ်သက်ခြင်း မရှိဟု ပြောကြားခဲ့ကြောင်း ပြည်တွင်းမီဒီယာက ဇန်နဝါရီ ၂၄ ရက်တွင် ဖော်ပြခဲ့သည်။

ဗြိတိန်နိုင်ငံ မီဒီယာတစ်ခု၏ ကနဦးဖော်ပြချက်များအရ စုံစမ်းစစ်ဆေးရေးရုံး အက်စ်အက်ဖ်အိုက ရိုးလ်ရွိုက်စ်၏ လာဘ်ပေးလာဘ်ယူကိစ္စတွင် ပါဝင်နေသည့် ပြည်ပကုမ္ပဏီများအနက် အဲအေးရှားကုမ္ပဏီကို နာမည်တပ်ဖော်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




ကွာလာလမ်ပူရှိ စတော့အိတ်ချိန်းတစ်ခုဖြစ်သည့် ဘာဆာမလေးရှားကလည်း အဲအေးရှားသည် ရိုးလ်ရွိုက်စ်နှင့် ပတ်သက်ခြင်းမရှိကြောင်း ငြင်းဆိုခဲ့သည်။

အဲအေးရှားက ၎င်းသည် ရိုးလ်ရွိုက်စ်နှင့် ဆက်ဆံမှုများမရှိခဲ့သလို ငွေကြေးအရှုပ်အရှင်းလည်း မရှိကြောင်း လာဘ်ပေးလာဘ်ယူ ကိစ္စနှင့်လည်း ပတ်သက်မှုမရှိကြောင်း ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# ဆီးရီးယားအပစ်အခတ်ရပ်စဲမှု အောင်မြင်ပြီးမြောက်ရေး သုံးနိုင်ငံပူးတွဲဆောင်ရွက်မည်

**အလက်ပို ဇန်နဝါရီ ၂၄**

ဆီးရီးယားအပစ်အခတ်ရပ်စဲရေး အပြည့်အဝအောင်မြင်မှုရရှိရန် အီရန်၊ ရုရှားနှင့် တူရကီနိုင်ငံတို့သည် သုံးနိုင်ငံပေါင်းစည်းမှုနည်းလမ်းတစ်ရပ် ထူထောင်သွားမည်ဖြစ်ကြောင်း၊ သွေးထိုးလှုံ့ဆော်မှုများကို တားဆီးကာကွယ်သွားမည်ဖြစ်ကြောင်းနှင့် အပစ်အခတ်ရပ်စဲရေးစာချုပ် မည်သို့လှုပ်ရှားဆောင်ရွက်သွားမည်ကို တိကျသေချာစွာ ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သုံးနိုင်ငံပူးတွဲထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အက်စတာနာတွင် စတင်ပြုလုပ်ခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အီရန်၊ ရုရှားနှင့် တူရကီ သုံးနိုင်ငံတို့သည် ဖေဖော်ဝါရီ ၈ ရက်တွင် ဂျီနီဗာ၌ နောက်တစ်ကျော့ကျင်းပမည့် ညှိနှိုင်းဆွေးနွေးမှုတွင် လက်နက်ကိုင်အတိုက်အခံအုပ်စုများကိုလည်း ပါဝင်လာစေရန် ကူညီထောက်ပံ့မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့သော်လည်း ဆီးရီးယားအတိုက်အခံအဖွဲ့ သို့မဟုတ် ဒမတ်စကတ်အစိုးရသည် ဆွေးနွေးပွဲအစီရင်ခံစာထုတ်ပြန်မှုကို ကူညီထောက်ပံ့ပေးခြင်း ရှိ၊ မရှိနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်းမသိရသေးပေ။

**(ရိုက်တာ)**

# တောင်တရုတ်ပင်လယ်၏ အချုပ်အချာအာဏာကို ကာကွယ်သွားမည်ဟု တရုတ်ပြော

**ပေကျင်း ဇန်နဝါရီ ၂၄**

မဟာဗျူဟာကျသည့် အငြင်းပွားတောင်တရုတ်ပင်လယ်အတွင်းရှိ နိုင်ငံတကာနှင့် သက်ဆိုင်သည့် ရေပိုင်နက်များကို ကာကွယ်စောင့်ရှောက်သွားကြရန် အိမ်ဖြူတော်က အလေးထားပြောဆိုခဲ့ပြီးသည့်နောက်တွင် တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အတွင်းရှိ အငြင်းပွားကျွန်းများနှင့် သက်ဆိုင်သည့် တရုတ်နိုင်ငံ၏အချုပ်အချာအာဏာ ပိုင်ဆိုင်မှုကို ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း အင်္ဂါနေ့က ပြောကြားသည်။

အိမ်ဖြူတော်၏ ပြောရေးဆိုခွင့်ရှိသူ ဆီယန်စပိုက်ဆာက အာရှတိုက်တွင် တရုတ်နိုင်ငံ၏ ပိုင်နက်နယ်မြေပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုကို အမေရိကန်က နှစ်များစွာကြာအောင် သတိထားကိုင်တွယ်ဆောင်ရွက်ခဲ့ရာမှ ပါးနပ်စွာ စွန့်ခွာလာပြီဖြစ်ကြောင်း တနင်္လာနေ့က အရိပ်အမြွက်ပြောဆိုခဲ့သည်။

အကယ်၍ တောင်တရုတ်ပင်လယ်ပေါ်ရှိ ကျွန်းများသည် တရုတ်နိုင်ငံက မပိုင်ဆိုင်ဘဲ နိုင်ငံတကာက ပိုင်ဆိုင်သည့် ရေပိုင်နက်သာဖြစ်ခဲ့မည်ဆိုပါက ကျွန်းပိုင်ဆိုင်မှုကို တိုက်ရိုက်တားဆီးနိုင်မည့်အနေဖြင့် နိုင်ငံတကာနှင့် သက်ဆိုင်သည့် ပင်လယ်ရေပိုင်နက်များကို အခြားနိုင်ငံတစ်ခုက ယူဆောင်သွားခြင်းမျိုး မဖြစ်စေရန် တတ်စွမ်းသမျှကာကွယ်သွားရမည်ဖြစ်ကြောင်း စပိုက်ဆာက ပြောသည်။




သို့သော် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချန်ယင်က အမေရိကန် ပြည်ထောင်စုသည် တောင်တရုတ်ပင်လယ်ရေပိုင်နက် အငြင်းပွားမှုတွင် သက်ဆိုင်ခြင်းမရှိသည့် နိုင်ငံတစ်နိုင်ငံသာဖြစ်ကြောင်း အင်္ဂါနေ့က သတင်းထုတ်ပြန်မှု အကျဉ်းချုပ်တွင် ဖော်ပြခဲ့သည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့များ တည်ရှိနေပြီး ရေသယံဇာတ ပေါများကြွယ်ဝသည့် တောင်တရုတ်ပင်လယ်ကို ထိုင်ဝမ်၊ မလေးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် ဘရူနိုင်းနိုင်ငံများက ပိုင်ဆိုင်ကြောင်း အငြင်းပွားနေသကဲ့သို့ တောင်တရုတ်ပင်လယ်၏ ရေပိုင်နက်အများစုကို တရုတ်နိုင်ငံက ပိုင်ဆိုင်ကြောင်း အငြင်းပွားတောင်းဆိုလျက်ရှိသည်။

**(ရိုက်တာ)**

# ဒေါ်နယ်ထရန့်နှင့် ရုရှားပူးပေါင်းကာ အိုင်အက်စ်တို့အား တိုက်ခိုက်မည်

**ဝါရှင်တန် ဇန်နဝါရီ ၂၄**

အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရန့်သည် ရုရှားနှင့်ပူးပေါင်းကာ အိုင်အက်စ် အကြမ်းဖက်သမားများကို တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ယမန်နေ့က အိမ်ဖြူတော်မှ သတင်းထုတ်ပြန်ခဲ့သည်။

အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဆီယန်စပိုက်ဆာက အိုင်အက်စ် အကြမ်းဖက်သမားများကို တိုက်ခိုက်ရာတွင် ရုရှားနိုင်ငံနှင့်သာမက အခြားနိုင်ငံများနှင့်လည်း ပူးပေါင်းသွားမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် အမျိုးသားအကျိုးစီးပွားကိုလည်း မျှဝေသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ဆီးရီးယား ပဋိပက္ခများအတွင်း လေကြောင်းတိုက်စစ်ဆင်မှု လျှော့ချရေး အတွက်သာ ရုရှားနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သော ယခင် အမေရိကန်အစိုးရ၏ မူဝါဒကို ကျော်လွန်ကာ ယင်းရပ်တည်ချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

**(ဆင်ဟွာ)**

# ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ၏ ဗဟိုအလုပ်အမှုဆောင် အရေးပေါ်အစည်းအဝေး ထိုင်းနိုင်ငံ ချင်းမိုင်၌ပြုလုပ်



**ရန်ကုန် ဇန်နဝါရီ ၂၄**

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ၏ ဗဟိုအလုပ်အမှုဆောင် အရေးပေါ် အစည်းအဝေး တစ်ရပ်ကို ဇန်နဝါရီ ၂၃ နှင့် ၂၄ ရက်နေ့များတွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ အစည်းအဝေးသို့ ကချင်လွတ်မြောက်ရေး တပ်မတော် (KIA)၊ မွန်ပြည်သစ်ပါတီနှင့် SSPP အပါအဝင် တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) တွင် ပါဝင်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်မရေးထိုးရသေးသည့် လက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့မှ ခေါင်းဆောင်များအပါအဝင် ကိုယ်စားလှယ် ၃၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ယခု ကျင်းပသည့် အရေးပေါ်အစည်းအဝေး မပြုလုပ်မီ ၂၀၁၇ခုနှစ် ဇန်နဝါရီ ၁၉ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang နှင့် မြောက်ပိုင်းမဟာမိတ်အဖွဲ့များဖြစ်ကြသည့် KIA ၊ TNLA ၊ AA နှင့် MNDAA လေးဖွဲ့တို့သည် တရုတ်နိုင်ငံ ကူမင်းမြို့၌ တွေ့ဆုံခဲ့ကြသည်။

ယခုကဲ့သို့ UNFC ၏ အရေးပေါ်အစည်းအဝေးကို ကျင်းပရခြင်းသည် တရုတ်နိုင်ငံ ကူမင်းမြို့၌ တွေ့ဆုံခဲ့သည့် အစီရင်ခံစာအား UNFC ၏ ဒုတိယဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များထံသို့ တင်ပြနိုင်ရန်အတွက်လည်းဖြစ်ကြောင်း သိရသည်။

အရေးပေါ်အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ -(၂၁)ရာစုပင်လုံ ဒုတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်ရန် ဆွေးနွေးခြင်းနှင့် သဘောထားချမှတ်ခြင်းများကို ပြုလုပ်ခဲ့သည်။

ယင်းအပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရန်ပုံငွေဆိုင်ရာ ပေါင်းစည်းညှိနှိုင်းရေးအဖွဲ့ - JCB ၏ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခြင်း၊ ဦးအောင်ကြည် ဦးဆောင်သည့် ငြိမ်းချမ်းရေး အကြံပေးကော်မရှင်နှင့် UNFC ကိုယ်စားလှယ်အဖွဲ့ဖြစ်သော DPN တို့ ချင်းမိုင်မြို့တွင် အလွတ်သဘော တွေ့ဆုံဆွေးနွေးပြီးနောက် UNFC မှ ပြန်လည်ပြင်ဆင်ထားသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲရေးကော်မတီ JMC ၏ လုပ်ငန်းလမ်းညွှန်အား တင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ပြန်လည်ထားရှိရန် ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြောက်ပိုင်းမဟာမိတ်အဖွဲ့ဖြစ်သည့် KIA ၊ TNLA ၊ AA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးလုပ်ဆောင်မှုအတွက် ပြည်ထောင်စုအစိုးရနှင့် တွေ့ဆုံရန်ဆန္ဒရှိပြီး ယင်းတို့အနေဖြင့် အစိုးရနှင့် တွေ့ဆုံရန်အတွက် အဆင်သင့် ဖြစ်နေကြောင်းကို ဇန်နဝါရီ ၂၃ ရက်က ထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ထားပြီး ဖြစ်သည်။

ယင်းထုတ်ပြန်ချက်တွင် KIA ၊ TNLA ၊ AA နှင့် MNDAA တို့က ပြည်ထောင်စုအစိုးရနှင့် တွေ့ဆုံရာတွင် UWSP (ဝပြည်သွေးစည်းညီညွတ်ရေးပါတီ) ကိုလည်း အတူတကွ တက်ရောက်ရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးကျော်**

## အထွေထွေရောဂါကုဆရာဝန်များအတွက် ဆရာဖြစ်သင်တန်းဖွင့်လှစ်

**မန္တလေး ဇန်နဝါရီ ၂၄**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့နှင့် အင်္ဂလန်နိုင်ငံ RCGP တို့ ပူးပေါင်း၍ RCGP International Workplace Based Assesment Course ကို မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) အသင်းတိုက် ဇန်နဝါရီ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ခဲ့သည်။ သင်တန်းတွင် သင်တန်းသား ဆရာဝန် ၃၅ ဦး တက်ရောက်ခဲ့ကြပြီး ဇန်နဝါရီ ၂၄ ရက် ညနေ ၄ နာရီခွဲတွင် သင်တန်းဆင်းအခမ်းအနားကျင်းပခဲ့သည်။

**တင်မောင် (မန်းကိုယ်ပွား)**

## ကုန်ပစ္စည်းတင်သွင်းတင်ပို့ရာတွင် ရန်ကုန်ဆိပ်ကမ်းနေရာ မလုံလောက်

**နေပြည်တော် ဇန်နဝါရီ ၂၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် Myanmar Korea International Inc.(MYKI) မှ CEO ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပို့ကုန်သွင်းကုန် ကုန်ပစ္စည်းများ လုံခြုံစိတ်ချစွာ သိုလှောင်ထားရှိနိုင်ရေးအတွက် Logistic Hub တည်ဆောက်ရေးနှင့် အပြည်ပြည်ဆိုင်ရာပြပွဲများ ကျင်းပနိုင်ရေးအတွက် Exhibition Center များ လိုအပ်နေမှု၊ မိမိတို့နိုင်ငံတွင် Logistics ပိုင်းတွင် အားနည်းသည့်အတွက် မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများ၊ လယ်ယာထွက်ကုန်ပစ္စည်း ပို့ကုန်များအနေဖြင့် အရည်အသွေးထိန်းသိမ်းရန်နှင့် သယ်ယူပို့ဆောင်မှုပိုင်းတွင် အခက်အခဲများ စိန်ခေါ်မှုများ၊ တွေ့ကြုံနေရပါကြောင်း၊ ရန်ကုန်ဆိပ်ကမ်းသည် ကုန်ပစ္စည်းတင်သွင်းတင်ပို့ရာတွင် ဆိပ်ကမ်းနေရာမလုံလောက်သည့်ပြဿနာများ ကြုံတွေ့နေရသဖြင့် Logistic Hub တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ပြီး Logistic Hub မှ ရန်ကုန်ဆိပ်ကမ်းသို့ အမြန်ဆုံးသွားရောက်နိုင်မည့် လမ်းကြောင်းများကိုလည်း အဆင်ပြေချောမွေ့စွာ ကုန်စည်စီးဆင်းနိုင်ရေးအတွက် အမြန်ဆုံး ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်သွားနိုင်ပါကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဖြေဆိုသူ ဦးရေ များပြားလာသည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများတိုးချဲ့ဖွင့်လှစ်

**မန္တလေး ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူဦးရေမှာ ယမန်နှစ်ထက် ပိုမိုများပြားလာသဖြင့် စာစစ်ဌာနများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးထားကြောင်း တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဖြေဆိုခွင့်လျှောက်ထားသူ ဦးရေမှာ ၉၅၆၅၆ ဦးရှိပြီး ဖြေဆိုသူဦးရေမှာ ၉၁၆၈၇ ဦး ရှိသဖြင့် စာစစ်ဌာန ၁၆၅ ခု ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် ဖြေဆိုရန်လျှောက်ထားသူ ၁၄၉၉၉ ဦး ရှိသဖြင့် စာစစ်ဌာနများကိုလည်း ၁၈၀ အထိ တိုးချဲ့ဖွင့်လှစ်၍ စစ်ဆေးရန် ဆောင်ရွက်ပေးထားကြောင်း အဆိုပါဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက ပြောသည်။

"ဖြေဆိုသူဦးရေများလာတဲ့အတွက် စာဖြေခန်းတစ်ခန်းမှာ သတ်မှတ်ထားတဲ့ ဖြေဆိုသူဦးရေနဲ့ ကိုက်ညီအောင် စာစစ်ဌာနတွေ တိုးချဲ့ပေးထားတာပါ။ ဒီနှစ်ရဲ့ ထူးခြားချက်ကတော့ အိုးဘိုအကျဉ်းထောင်နဲ့ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးကို စာစစ်ဌာနအနေနဲ့ သတ်မှတ်ပြီး ဖြေဆိုခွင့်ပြုသွားမှာပါ"ဟု ၎င်းက ပြောသည်။

ထို့ပြင် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စာဖြေခန်းတစ်ခန်းလျှင် ဖြေဆိုသူဦးရေ ၃၀ နှင့် လက်ထောက်ကြီးကြပ်ရေးမှူးနှစ်ဦး ထားရှိစစ်ဆေးသွားမည်ဖြစ်ပြီး ဖြေဆိုသူဦးရေ ၈၀၀ ရှိသော စာစစ်ဌာနတစ်ခုလျှင် ကြီးကြပ်ရေးမှူးတစ်ဦးနှင့် ၈၀၀ ထက်ပိုမိုပါက တွဲဖက်ကြီးကြပ်ရေးမှူးတစ်ဦးကို ထပ်မံထားရှိ စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရတနာပုံတက္ကသိုလ်မှ ကလေးစာပေပွဲတော်တွင် ကြိုက်သလောက်ယူ ကြိုက်သလောက်လှူအစီအစဉ်ဖြင့် ပါဝင်မည်

**မန္တလေး ဇန်နဝါရီ ၂၄**

ရတနာပုံတက္ကသိုလ် UCGA အဖွဲ့မှ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ် MIIT တွင် ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် ကလေးစာပေပွဲတော်တွင် ကလေးများအတွက် အသိပညာ ဗဟုသုတများရရှိစေမည့် သုတရသစာအုပ်ပေါင်း ၅၀၀၀ ကျော်ကို ကြိုက်သလောက်ယူ ကြိုက်သလောက်လှူအစီအစဉ်ဖြင့် မျှဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကလေးတွေကို စာဖတ်တဲ့အလေ့အကျင့်ကောင်းတွေရရှိစေဖို့ ဒီပွဲတော်ကို အဓိကစီစဉ်ပေးသလို ကျွန်တော်တို့အဖွဲ့ကလည်း တတ်နိုင်တဲ့ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးတာပါ။ ကလေးတွေ စိတ်ဝင်စားတဲ့ စာအုပ်တွေကို ကြိုက်သလောက်ယူနိုင်ပြီး တတ်နိုင်သလောက်ပဲ လှူဒါန်းသလိုပေးခဲ့ပါ။ ရရှိလာတဲ့ ရန်ပုံငွေတွေကိုလည်း ရတနာပုံတက္ကသိုလ် သန့်ရှင်းလှပရေးအတွက် လိုအပ်တဲ့ပစ္စည်းတွေကို ဝယ်ယူလှူဒါန်းသွားမှာပါ"ဟု အဆိုပါအဖွဲ့မှ ကိုလှမင်းဦး(နောင်-ရှုပ)က ပြောသည်။

ထို့ပြင် ၎င်းအဖွဲ့မှ ကလေးစာပေကျင်းပရာ မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်၌ ကျန်ရစ်ခဲ့သည့် အမှိုက်သရိုက်များကိုလည်း ပွဲတော်အပြီးတွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်လည်း စီစဉ်ထားသည်။

အဆိုပါ UCGA (University Clean & Green Association) အဖွဲ့သည် ရတနာပုံတက္ကသိုလ်၌ အပတ်စဉ်သောကြာနေ့တိုင်း အမှိုက်ကောက်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများနှင့် အတူ ပူးပေါင်းဆောင်ရွက်ပေးနေသော အဖွဲ့ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်**

# နိုဘယ်လ်-မြန်မာ စာပေပွဲတော် ၂၀၁၇ ၊ ရသစာပေ  အောင်မြင်စွာကျင်းပပြီးစီး

**ရန်ကုန် ဇန်နဝါရီ ၂၄**

နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇၊ ရသစာပေတတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပရာ ရာသက်ပန်(တောင်ငူဆောင်)က "မင်းလူဝတ္ထုတိုများမှ ဇာတ်ဆောင်ရွေးချယ်ဖန်တီးမှု"စာတမ်း၊ ဒေါက်တာအောင်ကြီးက "မော်စီတုံးကဗျာတစ်ပုဒ်ကို ဘာသာပြန်ဆိုခြင်း"စာတမ်း၊ ကိုတာက "ကဗျာနှစ်ပုဒ်ဘာသာပြန်ခြင်း"နှင့် ဆရာငြိမ်းမင်းက "ရသစာပေဖန်တီးမှု" စာတမ်းများကို ဖတ်ကြားကြသည်။

စာပေစကားဝိုင်း အစီအစဉ်တွင် "ဘာသာပြန် ရသဖန်တီးမှု"ခေါင်းစဉ်ကို မောင်သာမညက ဦးဆောင်ဆွေးနွေးပြီး မောင်ရဲခိုင်၊ တင့်ဇော်နှင့် ဒီနိုဗိုတို့က ပါဝင်ဆွေးနွေးကြသည်။ "ဝတ္ထုရှည်တစ်ပုဒ်ဖန်တီးခြင်း"စာပေစကားဝိုင်းတွင် မင်းခိုက်စိုးစံက ဦးဆောင်ဆွေးနွေးပြီး မြနှောင်းညို၊ ဂျူး၊ လင်္ကာရည်ကျော်နှင့် ဒေါက်တာစိုးလွင်တို့က ပါဝင်ဆွေးနွေးကြသည်။ "ရသရေစီး" စာပေစကားဝိုင်းတွင် ဒေါက်တာခင်မောင်ညိုက ဦးဆောင်ဆွေးနွေးပြီး ကောင်းသန့်၊ ရာသက်ပန် (တောင်ငူဆောင်) နှင့် မြေမှုန်လွင်တို့က ပါဝင်ဆွေးနွေးကြသည်။

နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇၊ ရသစာပေတွင် နှစ်ပေါင်း ၁၀၀ အတွင်းက ထွက်ရှိခဲ့သော မြန်မာ့ဝတ္ထု အကောင်းဆုံး ရသစာအုပ် ၁၀၀ ပြပွဲ၊ နိုဘယ်လ်ဆုရ စာအုပ်ပြခန်းများ၊ စာတမ်းဖတ်ပွဲများ၊ ရသစာဖတ်ဝိုင်းများ၊ ကဗျာရွတ်ပွဲ၊ ကာတွန်းပြခန်းများ၊ ကယ်ရီကေးချား ပုံတူရေးဆွဲခြင်းများ၊ စာပေဆိုင်ရာ ဟောပြော ဆွေးနွေးပွဲများ၊ ရသစာပေနှင့်စပ်လျဉ်းသည့် စကားဝိုင်းများကျင်းပပြီး စာအုပ်ဈေးခင်းဖွင့်လှစ်ကာ ရသစာပေဆိုင်ရာ စာအုပ်မျိုးစုံကို ရောင်းချပေးလျက်ရှိရာ စာပေဝါသနာရှင်များဖြင့် အထူးစည်ကားခဲ့ပြီး ညနေပိုင်းတွင် နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇၊ ရသစာပေ အောင်မြင်စွာ ပြီးစီးသည်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်၊ဓာတ်ပုံ - လှမိုး**



# Leopalace 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ယနေ့ စတင်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၄**

Asian Tour နှင့် Japan Golf Tour တို့ ပူးပေါင်း၍ Leopalace 21 ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် 2017 Leopalace 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကစားသမားများနှင့် သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက် ၁၁ နာရီခွဲက ရန်ကုန်မြို့ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပရာ လက်ရှိချန်ပီယံ နောရစ် (တောင်အာဖရိက)၊ ရဲထက်အောင်(မြန်မာ)၊ မီဂွယ် (ဖိလစ်ပိုင်)၊ အီကာဒါ (ဂျပန်)တို့ တက်ရောက်ခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် တက်ရောက်လာသည့် ကစားသမားများ၏ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားမှုများကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲတွင် ချီးမြှင့်မည့် ချန်ပီယံဆုဖလားနှင့် အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ မြန်မာပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ကစားသမား ရဲထက်အောင်က "အကောင်းဆုံးကြိုးစားယှဉ်ပြိုင်မှာပါ။ ပြည်တွင်း၊ ပြည်ပပြိုင်ပွဲတွေမှာ ထိုက်သင့်တဲ့ အတွေ့အကြုံတွေရှိပြီးပါပြီ။ နာမည်ကြီးကစားသမားတွေ လာရောက်ယှဉ်ပြိုင်မှာဖြစ်တာကြောင့် အတွေ့အကြုံကောင်းတွေရရှိမှာပါ" ဟု ပြောကြားသည်။

၂၀၁၆ မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သည့် လက်ရှိချန်ပီယံ ရှောင်နောရစ်က "၂၀၁၆ ပြိုင်ပွဲထက် ပိုကောင်းအောင် ပြင်ဆင်ထားပါတယ်။ ဇန်နဝါရီ ၂၄ ရက်က ပြိုင်ပွဲကျင်းပမယ့် ပန်းလှိုင်ဂေါက်ကွင်းမှာ စတင်လေ့ကျင့်ခဲ့ရပြီး ကွင်းကတော့ တော်တော်ကောင်းပါတယ်။ ရလဒ်ကောင်းဖို့ကတော့ ကွင်းနဲ့ မဆိုင်ပါဘူး။ ကစားသမားကိုယ်တိုင်နဲ့ပဲ သက်ဆိုင်ပါတယ်။ စင်ကာပူပြိုင်ပွဲအပြီးမှာ ဒီပြိုင်ပွဲကို လာရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ပြိုင်ပွဲနှစ်ခုစလုံးကတော့ အတွေ့အကြုံကောင်းတွေရရှိမှာပါ။ ချန်ပီယံဆု ဆက်လက်ထိန်းသိမ်းနိုင်ဖို့ ကြိုးပမ်းသွားမှာပါ"ဟု ပြောကြားသည်။

2017 Leopalace 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက်မှ ၂၉ ရက်အထိ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ လက်ရှိချန်ပီယံ ရှောင်နောရစ် အပါအဝင် အာရှ၊ ဥရောပနှင့် အခြားနိုင်ငံ ၂၄ နိုင်ငံမှ ကစားသမား ၁၆၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ဂေါက်သီးရိုက်ကစားသမား ၁၄ ဦး ယှဉ်ပြိုင်ခွင့်ရထားသည်။ မြန်မာမှ ပရော်ဖက်ရှင်နယ်ကစားသမားများဖြစ်သည့် မင်းနိုင်၊ ရဲထက်အောင်၊ နိုင်နိုင်လင်း၊ ရန်မျိုးအေး၊ မျိုးဝင်းအောင်၊ ဇော်ဇော်လတ်၊ သိန်းဇော်မြင့်၊ ဘိုဘို၊ သိန်းနိုင်စိုးနှင့် အောင်ဝင်း၊ အပျော်တမ်းကစားသမားများဖြစ်သော ဟိန်းစည်သူ၊ ကျော်သက်ဦး၊ မောင်မဲ နှင့် စည်သူရဲရင့်တို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို နိုင်ငံပေါင်း ၁၇၀ တွင် ရုပ်သံမှ တိုက်ရိုက်ပြသမည်ဖြစ်ပြီး နာမည်ကြီး ဂေါက်သီးကစားသမားများလည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို မြန်မာအားကစားပရိသတ်များ အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ပြီး ကံစမ်းမဲအစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ- ဖိုးသော်ဇင်**



**2017 Leopalace 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကစားသမားအချို့အား ချန်ပီယံဆုဖလားနှင့်အတူ တွေ့ရစဉ်**

## မြန်မာအမျိုးသမီးအသင်း အုပ်စုသုံးပွဲစလုံး ရှုံးနိမ့်

**ရန်ကုန် ဇန်နဝါရီ ၂၄**

တရုတ်ဖိတ်ခေါ်အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲကို ယနေ့ ညနေပိုင်းက တရုတ်နိုင်ငံ၌ ကျင်းပရာ မြန်မာအမျိုးသမီးအသင်းသည် သုံးပွဲစလုံး ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုးပြတ် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့သော်လည်း မထင်မှတ်ဘဲ ဂိုးပြတ်ရှုံးခဲ့ပြီး ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးပေးရကာ ရှုံးနိမ့်သွားခြင်းဖြစ်သည်။ အုပ်စုပွဲစဉ်များအပြီးတွင် မြန်မာအသင်းသည် ယူကရိန်းအသင်းကို လေးဂိုး-ဂိုး မရှိ၊ အိမ်ရှင် တရုတ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ထိုင်းအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ကာ အဆင့်လေးနေရာသာ ရရှိခဲ့သည်။

**ဖိုးသော်ဇင်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ဈေးချိုတော်ရေိယာ ယာဉ်ကြောကျပ်တည်းမှုမရှိစေရေး ဆောင်ရွက်မည်

**မန္တလေး ဇန်နဝါရီ ၂၄**



ဈေးချိုတော်ရေိယာ ယာဉ်ကြောကျပ်တည်းမှုမရှိစေရေး အတွက် သင့်တော်သည့် စည်းကမ်းချက်များချမှတ်ကာ သတ်မှတ်ထားသည့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့ အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီး ဈေးအကျိုးတော်ဆောင်အဖွဲ့မှ သိရသည်။

ဈေးအကျိုးတော်ဆောင်အဖွဲ့သည် ဈေးချိုတော်ရေိယာအတွင်း ၈၄ လမ်း အရှေ့ဘက်ခြမ်းကို ယာဉ်များ စနစ်တကျရပ်နားနိုင်ရန် စီစဉ်ပေးမည်ဖြစ်ပြီး ၈၄ လမ်း အနောက်ဘက်ခြမ်းကို ကုန်ပစ္စည်းအတင်အချနှင့် လူအတင်အချလုပ်မည့် ယာဉ်များကို အချိန်ကန့်သတ်ချက်ဖြင့် ဆောင်ရွက်ရန် စီစဉ်ထားသည်။

"ဈေးအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးမင်းမင်းကလည်း ဈေးချိုတော်ကို ဈေးနှင့်တူစွာ စည်ကားစေရေးအတွက် ဆောင်ရွက်နိုင်ရန်မှာ ယာဉ်ကြောကျပ်တည်းမှုကိုလည်း စည်းကမ်းနှင့်အညီ ရှင်းလင်းပြီး ပိုမိုကောင်းမွန်သည့် အချက်အလက်များ ရရှိစေရန် သက်ဆိုင်ရာဌာနများအားလုံးက ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း ပြောသည်။

"ဒီနေ့ပဲ ဈေးအကျိုးတော်ဆောင်အဖွဲ့နဲ့ တွေ့ဆုံညှိနှိုင်းအစည်းအဝေး လုပ်ခဲ့ပါတယ်။ အဓိကအနေနဲ့ ပွင့်လင်းရာသီရောက်ရှိလာတဲ့အတွက် ဈေးချိုတော်မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ လုံခြုံရေး၊ ဈေးအတွင်း အဝင်/အထွက် လမ်းတွေကောင်းမွန်ရေးအတွက် ဈေးအကျိုးတော်ဆောင်အဖွဲ့၊ ဈေးနှင့်သားသတ်ဌာနက တာဝန်ရှိသူတွေ၊ ဝန်ထမ်းတွေ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဈေးချိုတော်ယာဉ်ကြောကျပ်တည်းမှုကိုတော့ ဈေးအကျိုးတော်ဆောင် အဖွဲ့ အခွန်ဌာနက ဝန်ထမ်းတွေ သက်ဆိုင်ရာ ယာဉ်ထိန်းရဲတပ်ဖွဲ့နဲ့ ညှိနှိုင်းပြီးတော့ ကော်မတီကို တင်ပြသွားမှာဖြစ်ပါတယ်" ဟု မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးခင်အောင်က ပြောကြားသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

**PRE OPENING**
**Golden Valley Resort**
(ချောင်းသာကမ်းခြေ)
ကျောက်မောင်းနှမဘုရားအနီး
Discount Room Rate 40000 Ks
**Ph : 09 777230094, 09 761011800.**

## ဖျာပုံမြို့နယ် ကျုံကူတူးမြောင်းကျေးရွာတွင် တိုင်းရင်းဆေးအခမဲ့ကုသပေး

**ဖျာပုံ ဇန်နဝါရီ ၂၄**

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဖျာပုံ)မှ တိုင်းရင်းဆေးကုသရေးအဖွဲ့သည် ဇန်နဝါရီ ၂၄ ရက်က ဖျာပုံမြို့နယ် အမှတ်(၈၈) ကျုံကူတူးမြောင်းကျောင်း၌ လူနာ ၁၀၀ ကျော်အား တိုင်းရင်းဆေးဝါး အခမဲ့ကုသပေးကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများအား ဆေးကုသပေးသည့် အဆိုပါ ဆေးကုသရေးအစီအစဉ်တွင် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဖျာပုံ)မှ တိုင်းရင်းဆေးသမားတော်များဖြစ်သော ဆရာ ဦးဌေးဝင်း၊ ဆရာ ဦးဝင်းမြင့်မောင်၊ ဆရာ ဦးဥက္ကာတို့က လူနာများအား အခမဲ့စမ်းသပ်ကုသပေးခဲ့သည်။

ဆေးဝါးကုသမှုကုန်ကျစရိတ်အားလုံးကို ကွယ်လွန်သူ စာပေဗိမာန်စာမူဆုများရှင် သတင်းထောက် သောင်းညွှန့်(ဖျာပုံ)အား ရည်စူး၍ ဖျာပုံမြို့နေ ဦးခင်မောင်ညွှန့်၊ ဒေါ်စန်းစန်းနွယ်၊ သားကြီး တရားလွှတ်တော်ရှေ့နေ ဦးမျိုးညွှန့် မိသားစုက အကုန်အကျခံ လှူဒါန်းပေးခဲ့ပြီး ကျောင်းသား ကျောင်းသူ ၃၀၀ ကျော်အား အာဟာရများ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

ကုန်အမှတ်တံဆိပ် သတိပေးကြေငြာချက်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဆရာစံလမ်း၊ ရန်ကင်းစင်တာအဆောက်အဦး၊ စံပြရန်ကင်းဈေး(ပ)ထပ်တွင် ရုံးခန်းဖွင့်လှစ်ထားသော MAY KYI FOOD PRODUCTION COMPANY LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေး ကြေငြာအပ်ပါသည်။

မှတ်ပုံတင်စာချုပ်အမှတ် - ၄/၁၆၀၄၇

MAY KYI FOOD PRODUCTION COMPANY LIMITED သည် အထက် ဖေါ်ပြပါ "May Kyi food" ပုံဖေါ်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ သန့်ရှင်းလတ်ဆတ်၍ အသင့်စားသုံးနိုင်သော ထမင်းဘူး(Readymade Lunch-box)များ၊ ခေါက်ဆွဲ ခြောက်ထုပ်များ၊ ပြုပ်သီးကြော်၊ ဘာလချောင်ကြော်၊ ဂျုံမြစ်ကြော်၊ ပဲပုပ်ကြော်၊ ငါးခြောက်ဖုတ်အမျိုးမျိုး၊ မုန့်ဟင်းခါးဟင်းရည်ခြောက်ထုပ်များ၊ အုန်းနို့ခေါက်ဆွဲဟင်းရည်ခြောက်ထုပ်များ၊ လက်ဖက်နှင့် အကြော်စုံထုပ်များ၊ ရှမ်းခေါက်ဆွဲ၊ မြီးရှည်၊ ထမင်းသုပ် အစရှိသည့် အသင့်စားသုံးနိုင်သော စားသောက်ကုန်ပစ္စည်းများကို ထုပ်လုပ် ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းများကိုလုပ်ကိုင်မည်ဖြစ်ပြီး သင်းဖွဲ့မှတ်တမ်းပါ လုပ်ငန်းရည်ရွယ်ချက်များကို လုပ်ကိုင်ရာ၌လည်း အထက်ဖေါ်ပြပါ "May Kyi food" ပုံဖေါ်အမှတ် တံဆိပ်အမည်အမှတ်အသားကိုအသုံးပြု၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ထုတ်ပြန်ထားသော လုပ်ထုံး လုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အထက်ဖေါ်ပြပါ "May Kyi food" ပုံဖေါ်ကုန်အမှတ်တံဆိပ်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှားဖြစ်စေရန်သော်လည်းကောင်း တုပသုံးစွဲခြင်းမပြုလုပ်ကြရန်နှင့် ပြုလုပ်သူမည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးရဲနွေရာ
မဟာစီးပွားရေးဥပဒေဘွဲ့ နှင့် ဘွဲ့လွန်ဥပဒေပညာဒီပလိုမာ
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၀၆၂၉)
အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၁၃၇၈၊ ၀၉ ၉၆ ၅၁၆၁၃၇၈၊ ၀၉ ၇၃၁၄၅၃၉၆

# တရားမဝင်ကျွန်းခွဲသားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Myanmar Industries Port (MIP) ဝင်းအတွင်း ယနေ့ မွန်းလွဲ ၁ နာရီက သစ်တောဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့မှ ဝန်ထမ်းများ ပူးပေါင်းစစ်ဆေးခဲ့ရာ ကွန်တိန်နာနှစ်လုံးတွင် ထည့်သွင်းထားသည့် တရားမဝင်ကျွန်းခွဲသားများအား ဖမ်းဆီးရမိခဲ့သဖြင့် တာဝန်ရှိသူများအား စစ်ဆေးဖော်ထုတ်၍ ဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# တောဆင်ရိုင်းသတ်ဖြတ်မှုကာကွယ်ရေးနှင့် ဆင်မုဆိုးဖော်ထုတ်ရေးဆောင်ရွက်

**တိုက်ကြီး ဇန်နဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံဒေသ ချောင်းစောက်ကျေးရွာအနီး ဥက္ကံချောင်းတွင် တောဆင်ရိုင်း တစ်ကောင် သတ်ဖြတ်ခံရ၍ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့သည်။

တောဆင်ရိုင်းများ တရားမဝင်သတ်ဖြတ်မှုကာကွယ်ရေးနှင့် ဆင်မုဆိုးများ ဖော်ထုတ်နိုင်ရေးအတွက် ရန်ကုန်မြောက်ပိုင်းခရိုင် ကြီးကြပ်စစ်ဆေးရေးအဖွဲ့ မြို့နယ်ကြီးကြပ်စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ တိုက်ကြီးမြို့နယ် ကြီးကြပ်စစ်ဆေးရေးအဖွဲ့များနှင့် ဥက္ကံကြိုးဝိုင်း လှိုင်ရိုးမတောင်ပေါ်ကြိုးဝိုင်း မာဂရီကြိုးဝိုင်းနယ်မြေများနှင့် ဆက်စပ်လျက်ရှိသော ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် လိုင်စင်ရဝါးခုတ်လုပ်ငန်းရှင်များ တွေ့ဆုံမှုကို ဇန်နဝါရီ ၂၃ ရက်က တိုက်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြုလုပ်ကြောင်း သိရသည်။

တိုက်ကြီးမြို့နယ် ဥက္ကံဒေသ ချောင်းစောက်နယ်တွင် တောဆင်ရိုင်းများ သတ်ဖြတ်မှုရှိနေ၍ ဆင်မုဆိုးများကို ဖော်ထုတ်နိုင်ရေး သစ်တောကြိုးဝိုင်းအတွင်း လုပ်ကိုင်စားသောက်နေသော လုပ်ကိုင်ခွင့်ရ ဝါးခုတ်လုပ်သားများ၊ တောထဲတွင်နေထိုင်ပြီး ဈေးရောင်းချနေသောဈေးသည်များ၊ ကျေးရွာသားများအနေဖြင့် ဆင်သတ်မုဆိုးများနှင့် ပတ်သက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ လျှို့ဝှက်စွာ သတင်းပို့ကြရန်နှင့် ဆင်ရိုင်းများ၏ အသက်အန္တရာယ်ကို ပူးပေါင်းကာကွယ်ကြရန် သစ်တောဦးစီးဌာနမှ ပြောကြားထားသည်။

တောဆင်ရိုင်းများကို အနာတရဖြစ်စေခြင်း၊ အမဲလိုက်ခြင်း၊ သတ်ဖြတ်ခြင်း၊ ဆင်၏အပိုင်းအစများကို ခွင့်ပြုချက်မရှိဘဲ သယ်ယူခြင်း လက်ဝယ်ထားရှိခြင်းများပြုလုပ်ပါက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေ ထိန်းသိမ်းရေးဥပဒေအရအရေးယူခံရပါက ထောင်ဒဏ် ၇ နှစ်ဖြစ်စေ၊ ငွေဒဏ် ၅၀၀၀၀ ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခံရမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင်**

# တောင်ကုတ်မြို့နယ်၌ မပေါက်ကွဲသေးသော လေယာဉ်ပစ်ဗုံးတစ်လုံးတွေ့

**တောင်ကုတ် ဇန်နဝါရီ ၂၄**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့ ကြိုးကြာကွင်း ကျေးရွာအုပ်စု စေတီကုန်းကျေးရွာ အနောက်ဘက် တစ်ဖာလုံ၊ ပတောင်း-တောင်ကုတ် ကားလမ်းဘေး မိုင်တိုင်အမှတ် (၉၈/၁)ဘေး တောင်ကုန်းပေါ်တွင် ဇန်နဝါရီ ၂၄ ရက် နံနက် ၁၁ နာရီက သံတွဲအခြေစိုက် မြန်မာ့ထူးစံကုမ္ပဏီမှ Car Show Room ဆောက်လုပ်ရန် မြေတူးနေစဉ် မြေအနက် ၁၀ ပေခန့်တွင် အလျား သုံးပေ၊ အချင်း ရှစ်လက်မရှိပြီး ဒလက်မပါရှိသည့် မပေါက်ကွဲသေးသော ဗုံးတစ်လုံးတွေ့ရှိခဲ့ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

အဆိုပါဗုံးသည် ဒုတိယကမ္ဘာစစ်လက်ကျန် လေယာဉ်ပစ်ဗုံးသီးဟုယူဆရကြောင်း နယ်မြေခံတပ် အင်ဂျင်နီယာတပ်ရင်းမှ ဗိုလ်ကြီးငြိမ်းသူ ဦးစီးအဖွဲ့လာရောက်စစ်ဆေးခဲ့ပြီး လုပ်ထုံးလုပ်နည်းအရ အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် တပ်ရင်းသို့ ယူဆောင်သွားကြောင်း သိရသည်။

**မြတ်ဝေ**



# ကြက်ဆူသီးများခူးစားရာမှ အစာအဆိပ်သင့်မှုဖြစ်

**ပြည်ကြီးမဏ္ဍိုင် ဇန်နဝါရီ ၂၄**

တနင်္သာရီတိုင်းဒေသကြီး ပြည်ကြီးမဏ္ဍိုင်မြို့ မနိုးရုံးကျေးရွာအုပ်စု တောင်ငယ်ကျေးရွာ၌ ဇန်နဝါရီ ၂၂ ရက်က ကလေးငယ်များ ကြက်ဆူသီးများ ခူးစားရာမှ အဆိပ်သင့်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၂ ရက် ညနေ ၅ နာရီခန့်၌ ကလေးငယ်များသည် ဒေါ်ဝင်းရီနေအိမ်၏ အနောက်ဘက်တွင် ခြံစည်းရိုးအဖြစ် စိုက်ပျိုးထားသော ကြက်ဆူပင်မှ ကြက်ဆူသီးအစေ့များအား ခူးယူစားသုံးကြရာမှ အစာအဆိပ်သင့်၍ မူးမေ့ အော့အန်ကြရာ ကျေးရွာသားဖွားဆရာမ ဒေါ်အေးစန္ဒာမိုးထံ ဆေးကုသမှုခံယူကာ ဆက်လက်၍ ကျေးရွာမှ ပြည်ကြီးမဏ္ဍိုင်မြို့ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှုခံယူလျက် ရှိကြောင်း သိရှိရပြီး ကလေးငယ်များမှာ ယခုအခါ စိုးရိမ်ရသောအခြေအနေတွင် မရှိကြောင်း သိရသည်။ ဆေးကုသမှုခံယူနေသော ကလေးများမှာ အမျိုးသား ကိုးဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၆ ဦးဖြစ်ပြီး အသက် (၂)နှစ်မှ (၁၃)နှစ်အရွယ်အထိပါဝင်ပြီး မူကြိုအဆင့်နှင့် ဆဋ္ဌမတန်းအထိ ကျောင်းသား ကျောင်းသူများပါဝင်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# လက်ကိုကြိုးတုပ်လျက် ဒဏ်ရာများဖြင့် လူတစ်ဦးသေဆုံးနေ

**မြဝတီ ဇန်နဝါရီ ၂၄**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းလမ်း မဟာစည်နောက်ကျောဘက် ကျွဲကောခြံအတွင်း၌ လက်ကိုကြိုးတုပ်ထားလျက် ဒဏ်ရာများဖြင့် လူတစ်ဦးသေဆုံးနေသည့် ဖြစ်ရပ်တစ်ခု ဇန်နဝါရီ ၂၂ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သေဆုံးနေသူမှာ ဦးအောင်မြင့်(၅၀ နှစ်)ဖြစ်ပြီး မြဝတီမြို့၌ ကျပန်းလုပ်ကိုင်စားသောက်နေသူဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မြဝတီမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# စိတ်ကြွရူးသွပ်ဆေးပြား လေးသောင်းကျော် သိမ်းဆည်းရမိ

**ကော့ကရိတ် ဇန်နဝါရီ ၂၄**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဦးစီးသော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ဇန်နဝါရီ ၂၂ရက်က ကျုံဒိုးမြို့ကမ်းနီကျေးရွာ အမှတ်(၅)ရပ်ကွက်နေ မတင်မြ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၈ ပြားနှင့် ထွန်းလင်းကျော်(ခ)ကွန်တု(၁၈ နှစ်)ထံမှ စိတ်ကြွရူးသွပ်ဆေးပြား သုံးပြားတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇန်နဝါရီ ၂၃ ရက်ကလည်း ထွန်းလွင်(ခ)ဌေးလွင်(၄၅ နှစ်)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၄၀၀ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မတင်မြနှင့် ထွန်းလင်းကျော်တို့အား မူးယစ်ဆေးဝါး လက်ဝယ်ထားရှိမှု၊ ရောင်းဝယ်သုံးစွဲမှုတို့ဖြင့် အရေးယူထားပြီး ထွန်းလွင်(ခ)ဌေးလွင်ကို ဖမ်းဆီးရမိရေး ကျုံဒိုးမြို့မရဲစခန်းက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**


## မိဘအမည်မှန်

မုံရွာပညာရေးကောလိပ်၊ လေ့ကျင့်ရေး အလယ်တန်းကျောင်းသူ ပထမတန်းမှ မရှင်းသန့်ဖြူ၏ မိဘအမည်မှန်မှာ ဦးစန်းလင်းနှင့် ဒေါ်ထားသက်လှိုင်ဝင်း ဖြစ်ပါကြောင်း။

**ဦးစန်းလင်း-ဒေါ်ထားသက်လှိုင်ဝင်း**

## ဖခင်အမည်မှန်

မုဒုံမြို့နယ်၊ အထက(ခွဲ)၊ ကော့ခပုံ၊ ပဥ္စမတန်း(B)မှ မောင်တင်ဇော်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်စိန် ၁၀/မဒန(နိုင်)၀၂၇၈၉၈ ဖြစ်ပါကြောင်း။

**ဦးအောင်စိန်**

## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

အဆင့်မြင့်ပညာဦးစီးဌာနမှ ပညာရေးကောလိပ်များ၏ စာကြည့်တိုက်များတွင် ဘာသာရပ်ဆိုင်ရာ စာအုပ်များကို ကောလိပ်အရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၃-၂-၂၀၁၇ ရက် ညနေ ၁၆း၃၀နာရီ ဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါတင်သွင်းရန် ပုံစံနှင့်စည်းကမ်းများကို ၂၇-၁-၂၀၁၇ ရက်တွင် ရုံးအမှတ် ၁၃၊ အဆင့်မြင့်ပညာဦးစီးဌာန၊ နေပြည်တော်သို့ လာရောက်ဆက်သွယ်ထုတ်ယူနိုင်ပါသည်။ ဖုန်း-၀၆၇-၄၀၇၀၄၃၊ ၀၆၇-၄၀၇၃၀၉

**အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ရုံးအမှတ် ၁၃၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့ (ဧရာဝတီမြစ်) အေးရွာဘုန်းကြီးကျောင်းအနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ရန် လုပ်ငန်းသုံးပစ္စည်းတင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချခြင်း** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ အမှတ် ၅၄၉၊ သီတာဆိပ်လမ်းသွယ်၊ (၃)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်

**တင်ဒါတင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ** - ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

| | |
|---|---|
| **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - ၂၆-၁-၂၀၁၇ ရက် |
| **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** | - ၃၁-၁-၂၀၁၇ ရက်၊ ၁၆း၀၀ နာရီ |
| **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** | - ၁-၂-၂၀၁၇ ရက်၊ ၁၃း၀၀ နာရီ |

၃။ လုပ်ငန်းသုံးပစ္စည်းတင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီး၊ ရုံးဖုန်း-၀၁-၂၀၂၁၇၁၊ ၀၁-၉၀၀၀၉၁၂ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။




# ဆိုရှယ်လိုင်စင်နှင့် သူ့တာဝန် / ကိုယ့်တာဝန်

မောင်ဖြူ

**နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေးတိုးတက်မှုနှုန်းထား၊ စွမ်းအင်လုံခြုံပြည့်ဝစွာ ဖြည့်ဆည်းပေးနိုင်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေး စီမံခန့်ခွဲမှုတို့ဟာ တစ်ခုနဲ့တစ်ခု ချိတ်ဆက်လျက်ရှိပြီး သဟဇာတဖြစ်ဖို့လည်း အရေးကြီးလှပါတယ်။**

လေထု၊ ရေထုနဲ့ မြေထုတို့ကို တိုက်ရိုက်ထိခိုက်စေတဲ့ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ ၅၀၀၀ ကို ပိတ်သိမ်းရန်နှင့် မီးခိုးထွက်များတဲ့ကား ခြောက်သန်းကို အဓိကမြို့ကြီးများမှ ၂၀၁၄ ခုနှစ်အတွင်း ဖယ်ရှားရှင်းလင်းရန် တရုတ်ဝန်ကြီးချုပ်က ကတိပြုထားပါတယ်။ အဲဒီတရုတ်ပြည်က ဖျက်သိမ်းတဲ့ ကျောက်မီးသွေးသုံး စက်ရုံအဟောင်းတွေဟာ အကြောင်းအမျိုးမျိုးနဲ့ ဆီလိုအပေါက်ရှာပြီး မသမာသော၊ ပွင့်လင်းမြင်သာမှုမရှိသော၊ အဂတိလိုက်စားမှုမကင်းသော အခြေအနေတွေကြောင့် မြန်မာနိုင်ငံကို ရောက်မလာဖို့ အထူးအရေးကြီးနေပါတယ်။ ယခင်ကလည်း အိမ်နီးချင်းနိုင်ငံတွေက စက်ရုံအဟောင်းတွေ တစ်နည်းမဟုတ်တစ်နည်းနဲ့ မြန်မာနိုင်ငံက လက်ခံရယူ၊ တည်ဆောက်၊ သုံးစွဲခဲ့ရလို့ ပြည်သူတွေ ထိခိုက်နစ်နာခံစားခဲ့ကြရတာ အထင်အရှား တွေ့ကြုံပြီးဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံအနေနဲ့လည်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေကြောင့် အဆိုးရွားဆုံးထိခိုက်ခံစားရသည့် ကမ္ဘာ့နိုင်ငံများအနက် ဒုတိယနေရာမှာရောက်ရှိနေပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံအပါအဝင် စက်ရုံအဟောင်းတွေကို မြန်မာနိုင်ငံမှာ လက်ခံရယူလုပ်ဆောင်ခြင်းမပြုစေရေး အမျိုးသားတာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းကာကွယ် ဟန့်တားကြရမှာဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုနှုန်းထက် စွမ်းအင်ဖြည့်ဆည်းပေးနိုင်မှုနှုန်းက ၁ ဒသမ ၅ ဆခန့် တိုးတက်ဖို့လိုပါတယ်။ တနည်းအားဖြင့် စွမ်းအင်ဖြည့်ဆည်းမှုနှုန်းဟာ စီးပွားရေးတိုးတက်မှုနှုန်းရဲ့ ရှေ့ကပြေးနေရမှာဖြစ်ပါတယ်။ ဥပမာ နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေးတိုးတက်မှုနှုန်း ၈ ဒသမ ၀ ရာခိုင်နှုန်းလို့မျှော်မှန်းရင် စွမ်းအင် (တစ်နည်းအားဖြင့် လျှပ်စစ်ဖြန့်ဖြူးမှု ) နှုန်းဟာ (၈ ဒသမ ၀ × ၁ ဒသမ ၅ =၁၂ ရာခိုင်နှုန်း)အထိ တိုးတက်ဖို့လိုကြောင်း တိုးတက်ဖွံ့ဖြိုးပြီးနိုင်ငံများ ဖြတ်သန်းလာခဲ့တဲ့ အတွေ့အကြုံအရ သိရပါတယ်။

မြန်မာနိုင်ငံဟာ လက်ရှိအခြေအနေမှာ လူတစ်ဦးအတွက် လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှုန်း ၁၀၄ ကီလိုဝပ်နာရီ (ကိုးကား -WB 2011 Wold Development Indicators ) ဟာ အာဆီယံနိုင်ငံများ အတွင်းမှာပင် အနိမ့်ဆုံးအခြေအနေမှာ ရောက်ရှိနေပါတယ်။ တိုင်းပြည်ရဲ့စီးပွားရေးတိုးတက်မှုမျှော်မှန်းချက်အပေါ် မူတည်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေနဲ့ နှစ်စဉ်လျှပ်စစ်ဓာတ်အားလိုအပ်ချက် ၁၅ ရာခိုင်နှုန်းတိုးတက်ဖို့မျှော်မှန်းပြီး နှစ်စဉ်စက်တပ်ဆင်အား ၈၀၀ မဂ္ဂါဝပ်မှ ၁၀၀၀ မဂ္ဂါဝပ်အထိ တိုးမြှင့်တည်ဆောက်သွားရန် မျှော်မှန်းချက်များ ချမှတ်ထားပြီးဖြစ်ပါတယ်။ ၂၀၃၀ ပြည့်နှစ်တွင် ၂၃၅၉၄ မဂ္ဂါဝပ်အထိ တိုးတက်တည်ဆောက်သွားဖို့ အစီအမံများချမှတ်ထားခြင်း ဖြစ်ပါတယ်။

ဒုတိယသမ္မတ (၂) ဦးဆောင်တဲ့ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှု ကော်မတီကို စွမ်းအင်ကဏ္ဍနဲ့ သက်ဆိုင်တဲ့ ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးများ၊ အရာရှိကြီးများနဲ့ ၉-၁-၂၀၁၇ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်က အကောင်အထည်ဖော်ရမည့် စွမ်းအင်မူဝါဒများကို ပြည်တွင်းပြည်ပ အတတ်ပညာရှင်များ၊ အတွေ့အကြုံရှိ ပုဂ္ဂိုလ်များနဲ့ အကြိမ်ကြိမ်ညှိနှိုင်းကာ ၂၀၁၄ ခုနှစ် စက်တင်ဘာလမှာ အတည်ပြုပြဋ္ဌာန်းပြီးလည်းဖြစ်ပါတယ်။

လျှပ်စစ်ကဏ္ဍတိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့် စွမ်းအင်အရင်းအမြစ် အချိုးအစား ( Optimal Fuel Mix )ကိုလည်း ညှိနှိုင်းဆွေးနွေး လျာထားပြီးဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးမှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရရှိနိုင်တဲ့ သဘာဝဓာတ်ငွေ့၊ ရေအား၊ စက်မောင်းဆီ၊ ကျောက်မီးသွေး၊ နျူကလီးယားနဲ့ အခြားအရင်းအမြစ်များကို သူ့နိုင်ငံ သူ့အခြေအနေအလိုက် သတိကြီးစွာထားပြီး သတ်မှတ်ဆောင်ရွက်လျက်ရှိနေကြပါတယ်။ ၂၀၁၁ ခုနှစ် ဂျပန်နိုင်ငံမှာ ဖူကူရှီးမားဆူနာမီဒဏ်ကြောင့် နျူကလီးယားဓာတ်အားပေးစက်ရုံရဲ့ ဓာတ်ပေါင်းဖိုများ ထိခိုက်ကာ ရေဒီယိုသတ္တိတွေ ပျံ့လွင့်ခဲ့လို့ နျူကလီးယားအခြေခံ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေကို ရပ်ဆိုင်းလိုက်တဲ့နိုင်ငံတွေ အသစ်တည်ဆောက်ဖို့ လက်တွန့်နေတဲ့နိုင်ငံတွေ ကမ္ဘာမှာပေါ်ပေါက်လာနေပါတယ်။

မြန်မာနိုင်ငံမှာ သဘာဝဓာတ်ငွေ့တွေ ပေါများစွာထွက်ရှိပေမယ့် ပြည်ပနိုင်ငံများကို နှစ်ရှည်သဘောတူညီမှုနဲ့ စာချုပ်ချုပ်ဆိုရောင်းချထားတာမို့ သဘာဝဓာတ်ငွေ့ အခြေခံလျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်ဖို့ အကန့်အသတ်တွေရှိနေဆဲ အခြေအနေဖြစ်နေပါတယ်။ သဘာဝဓာတ်ငွေ့အခြေခံလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုဟာ စွမ်းရည်အပြည့်အဝအများဆုံးရရှိခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်ခြင်းနဲ့ စက်ရုံတည်ဆောက်လုပ်ဆောင်မှု အချိန်ယူနည်းခြင်းတို့မှာ အားသာချက်များရှိနေပါတယ်။ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ကတော့ နောက်ထပ်အသစ်ရှာဖွေတွေ့ရှိတဲ့ သဘာဝဓာတ်ငွေ့ကို ပြည်တွင်းသုံးစွဲရေး ဦးစားပေးရန် မူဝါဒချမှတ်ထားသလို၊ လက်ရှိပြည်ပနိုင်ငံများကို ရောင်းချထားတဲ့အထဲကနေ ရနိုင်သရွေ့ပြည်တွင်းမှာတိုးတက်သုံးစွဲဖို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာ ရေအားလျှပ်စစ်ကို အဓိကထား ထုတ်ယူသုံးစွဲနေပါတယ်။ ရေအားလျှပ်စစ်ထုတ်လုပ်မှု ကုန်ကျစရိတ်ဟာ အသက်သာဆုံးဖြစ်ပါတယ်။ ဒါပေမယ့် တည်ဆောက်မှုကာလ အချိန်များစွာယူခြင်း၊ တည်ဆောက်စရိတ်ကြီးခြင်း၊ ဝေးလံဒေသများတွင်သာ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်တဲ့အတွက် သွယ်တန်းစရိတ်ကြီးမားခြင်း၊ သွယ်ယူရာဓာတ်အားလိုင်းရှည်သလောက် ဓာတ်အားလျော့နည်းပျောက်ဆုံးမှုများပြားခြင်း၊ စီမံကိန်း၊ စက်ရုံတည်ဆောက်သည့်ဒေသတွင် ဒေသခံကျေးရွာများရွှေ့ပြောင်းတည်ဆောက်ရခြင်း၊ အဖိုးတန်သစ်တောနှင့် သတ္တုသယံဇာတများဆုံးရှုံးပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်ခြင်း၊ ရာသီဥတုပြောင်းလဲမှုဒဏ်ကြောင့် စက်ရုံစွမ်းအားပြည့်လည်ပတ်ရန် ရေအရင်းအမြစ်လျော့နည်းနိုင်ခြင်း စတဲ့ အားနည်းချက်များရှိနေပါတယ်။ နောက်ထပ်ရေအားလျှပ်စစ်စက်ရုံများထပ်မံတိုးချဲ့တည်ဆောက်ဖို့ ရေအရင်းအမြစ်များစွာရရှိပေမယ့် အကန့်အသတ်တွေရှိနေပါသေးတယ်။

တစ်နိုင်ငံလုံးရဲ့ လျှပ်စစ်ဓာတ်အားတိုးချဲ့ထုတ်လုပ်မှု အစီအမံတစ်ရပ်အနေနဲ့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက (၁၆-၇-၂၀၁၄)ရက်နေ့တွင် ကျင်းပခဲ့တဲ့ ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမမြောက်နေ့မှာ ရှင်းလင်းတင်ပြခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးရဲ့ ရှင်းလင်းတင်ပြချက်ထဲမှာ ကမ္ဘာတစ်ဝန်း ကျောက်မီးသွေးလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်လာခြင်းအခြေအနေ၊ ၂၀၃၀ ပြည့်နှစ်မှာ တစ်ကမ္ဘာလုံး ကျောက်မီးသွေး အရင်းအမြစ်မှ ဓာတ်အားထုတ်လုပ်မှု ၄၄ ရာခိုင်နှုန်းအထိ ဖြစ်ပေါ်လာမည့် အခြေအနေနဲ့ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အားနည်းချက်များကို ရှင်းလင်းတင်ပြခဲ့ပါတယ်။ ဒါ့အပြင် ကွမ်းခြံကုန်း ၃၂၇၀ မဂ္ဂါဝပ်၊ မြိတ် ၅၀ မဂ္ဂါဝပ် ၊ ထန်းတပင် ၂၇၀မဂ္ဂါဝပ်၊ သီလဝါ ၅၆၅၀ မဂ္ဂါဝပ်၊ ကျောက်တန်း ၁၃၀၀ မဂ္ဂါဝပ်၊ ငရုတ်ကောင်း ၅၄၀ မဂ္ဂါဝပ်၊ ကလေးဝ ၅၄၀ မဂ္ဂါဝပ်၊ ကျိုင်းတုံ ၆၀၀ မဂ္ဂါဝပ်၊ ဘုတ်ပြင်း ၅၀၀ မဂ္ဂါဝပ် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများတည်ဆောက်ရန် MOU ထိုးပြီး ဆွေးနွေးပြီး အခြေအနေများကိုပါ ဖော်ပြခဲ့ပါတယ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အခြားဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများမှာ လူနေမြို့များနဲ့ နီးကပ်စွာ ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ဓာတ်အားထုတ်လုပ်ပေးနေကြောင်း အောက်ပါ ဥပမာများနှင့် တင်ပြသွားခဲ့ပါတယ်။

(က) ဂျပန်နိုင်ငံ Mikawa ပင်လယ်အော်၊ Aichi ပြည်နယ်တွင် ၄၁၀၀ မဂ္ဂါဝပ်ရှိ ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို လူနေထူထပ်သည့် Hekinan မြို့မှ လေးကီလိုမီတာအကွာတွင် တည်ဆောက်ထားခြင်း၊

(ခ) ဂျပန်နိုင်ငံ Yokohama တွင် ၁၂၀၀ မဂ္ဂါဝပ်ရှိ ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံကို လူနေထူထပ်သော Isogo ရပ်ကွက်နှင့် ၄ ဒသမ ၅ ကီလိုမီတာအကွာ တည်ဆောက်ထားခြင်းတို့ ဖြစ်ပါတယ်။

သို့သော်လည်း ယနေ့သတင်းမီဒီယာများ၏ ဖော်ပြချက်အရ မြန်မာနိုင်ငံ ကွမ်းခြံကုန်း၊ ငရုတ်ကောင်းစတဲ့ဒေသတွေမှာ ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်မည့် အစီအစဉ်များကို ဒေသခံပြည်သူများက ပြင်းထန်စွာ ကန့်ကွက်လျက်ရှိနေကြပါတယ်။

ဒီနေရာမှာ (Social Licensce)ဆိုရှယ်လိုင်စင်အကြောင်းပြောပြလိုပါတယ်။ ၂၀၁၃ ခုနှစ်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ "Pacific Energy Summit"မှာ Dr.Brian F.Yates နဲ့ Celesa L.Horvatt တို့ပြုစုတင်သွင်းခဲ့တဲ့စာတမ်းဖြစ်ပါတယ်။ အနှစ်ချုပ်ဆိုလိုရင်းကတော့-

သတ္တုတူးဖော်ရေးလုပ်ငန်းစီမံကိန်းများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းစီမံကိန်းများနှင့် အခြားဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြီးများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ကုမ္ပဏီအဖွဲ့အစည်းများအနေနဲ့ သက်ဆိုင်သည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းသဘောတူစာချုပ်များ ချုပ်ဆိုပြီးနောက် ဒေသခံပြည်သူများထံ သွားရောက် ထိတွေ့ညှိနှိုင်း၊ ဆွေးနွေးပြီး FIA /SIA လေ့လာမှုများစတင်ဆောင်ရွက်ခြင်း၊ စီမံကိန်းအကောင်အထည်ဖော်ရန် လုပ်ငန်းများအစပျိုးခြင်း၊ စီမံကိန်း တည်ဆောက်ခြင်း၊ စီမံကိန်းများလည်ပတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ စသည့် အဆင့်ဆင့်တိုင်းမှာ ဒေသခံများရဲ့နားလည်မှု၊ သဘောတူညီမှု၊ ပါဝင်ပူးပေါင်းမှု၊ အကျိုးအမြတ်ခွဲဝေ စောင့်ရှောက်မှုနှင့် စီမံကိန်းကို ဒေသခံပြည်သူများ၏ ဘဝအစိတ်အပိုင်းတစ်ခုအဖြစ် ခံယူလာရသည်အထိ ဆောင်ရွက်မှုကို ခေါ်ဝေါ်ခြင်းဖြစ်ပါတယ်။ ယင်း Social License ဟာ အမှန်စစ်စစ် Informal လူမှုရေးနားလည်မှုဖြစ်သော်လည်း Regulatory License လို့ခေါ်တဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တရားဝင်ချုပ်ဆိုသော စာချုပ်များ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ချိတ်ဆက်ဆောင်ရွက်သင့်ကြောင်း ဖော်ပြထားပါတယ်။

အစိုးရအဖွဲ့အစည်းများနဲ့ သဘောတူစာချုပ် ချုပ်ဆိုခွင့်ရရှိထားတဲ့ ပြည်တွင်း / ပြည်ပ ကုမ္ပဏီများဟာ မိမိတို့၏ စီမံကိန်းများကို အောင်မြင်ချောမွေ့စွာ အကောင်အထည်ဖော်ဖို့ ဆိုရှယ်လိုင်စင်ပါ အကြံပြုချက်များကို လိုက်နာသင့်ကြောင်း ကမ္ဘာ့နိုင်ငံအသီးသီးများမှာ အောင်မြင်မှုဥပမာများနှင့် ဖော်ပြထားပါတယ်။

**အစိုးရအဖွဲ့အစည်းများနဲ့ သဘောတူစာချုပ် ချုပ်ဆိုခွင့်ရရှိထားတဲ့ ပြည်တွင်း / ပြည်ပ ကုမ္ပဏီများဟာ မိမိတို့၏ စီမံကိန်းများကို အောင်မြင်ချောမွေ့စွာ အကောင်အထည်ဖော်ဖို့ ဆိုရှယ်လိုင်စင်ပါ အကြံပြုချက်များကို လိုက်နာသင့်ကြောင်း ကမ္ဘာ့နိုင်ငံအသီးသီးများမှာ အောင်မြင်မှုဥပမာများနှင့် ဖော်ပြထားပါတယ်**

အထက်မှာဖော်ပြထားသလို မြန်မာနိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရရှိဖို့ စွမ်းအင် (အထူးသဖြင့် လျှပ်စစ်ဓာတ်အား ) စီမံကိန်းများ နှစ်စဉ်စီမံချက်အတိုင်း အပြည့်အဝအကောင်အထည်ဖော်ဖို့ အများကြီးလိုအပ်နေပါသေးတယ်။ ဒီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ အစိုးရအဖွဲ့အစည်းများနဲ့ဒေသခံပြည်သူများအကြားမှာ နားလည်သဘောပေါက်စွာနဲ့ လက်တွဲညီညီဆောင်ရွက်ဖို့ အထူးလိုအပ်နေပါတယ်။

စီမံကိန်းများကို လုပ်ပိုင်ခွင့်ချပေးတဲ့ နိုင်ငံ့အစိုးရအဖွဲ့အစည်းများအနေနဲ့ ကုမ္ပဏီအသီးသီးတို့အနေနဲ့ -

(က) စီမံကိန်းအသီးသီးမှာ တပ်ဆင်သုံးစွဲမည့် စက်ယန္တရား၊ စက်ပစ္စည်းများဟာ အခြားနိုင်ငံများမှာ သုံးစွဲပြီးသားစက်ယန္တရားများမဟုတ်ကြောင်း၊ အသစ်ထုတ်လုပ်တပ်ဆင်ထားတဲ့ စက်ယန္တရားများသာဖြစ်ကြောင်း၊

(ခ) စီမံကိန်းများမှာ သုံးစွဲမည့်ကုန်ထုတ်လုပ်မှု နည်းစနစ်များဟာလည်း နောက်ဆုံးပေါ် စွမ်းရည်မြင့်နည်းပညာများသာဖြစ်ကြောင်း၊

(ဂ) စီမံကိန်းများကြောင့် ဖြစ်ပေါ်လာမည့် သဘာဝပတ်ဝန်းကျင် ထိခိုက်စေနိုင်မည့် ဆိုးကျိုးများကို အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်ထားကြောင်း၊

(ဃ) ဒေသခံပြည်သူများရဲ့ အကျိုးစီးပွားကို ထိခိုက်နိုင်မှုများ အတတ်နိုင်ဆုံး ရှောင်ရှား စီမံထားကြောင်း၊

(င) ဒေသခံပြည်သူအများရဲ့ နားလည်မှု၊ သဘောပေါက်မှုနဲ့ စီမံကိန်းရဲ့ အကျိုးအပြစ်များဟာ ဒေသခံများ၏ ဘဝအစိတ်အပိုင်းအဖြစ် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စတဲ့ အခြေခံအကြောင်းတရားများကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ပြဖို့ လိုအပ်ပါတယ်။

အလားတူပဲ စီမံကိန်းတည်ဆောက်မယ့်ဒေသရှိ ဒေသခံပြည်သူများကလည်း စီမံကိန်းများဟာ မိမိတို့အကျိုးစီးပွား ထိခိုက်လာနိုင်မှု ရှိ၊ မရှိ ပွင့်ပွင့် လင်းလင်း လေ့လာဆွေးနွေးရမည် ဖြစ်သလို မိမိတို့ဒေသအတွက်သာမက နိုင်ငံတော်တစ်ခုလုံးရဲ့ အကျိုးစီးပွားအတွက် အမှန်တကယ်လိုအပ်မှု ရှိ၊ မရှိ ဆန်းစစ်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် မိမိတို့ရဲ့သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမယ့် အစီအမံများ လုံလောက်မှု ရှိ၊ မရှိကိုလည်း ဆန်းစစ်ရမှာ မလွဲမသွေပါပဲ။

ဒါ့ကြောင့်မို့ မိမိတို့နိုင်ငံရဲ့ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့ မျှော်မှန်းပြီး နိုင်ငံတော်အစိုးရနဲ့ တိုင်းဒေသကြီး / ပြည်နယ်ဒေသအစိုးရအသီးသီးရှိ တာဝန်ရှိသူများ အစိုးရအသီးသီးနှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်တဲ့ ပြည်တွင်း / ပြည်ပ ကုမ္ပဏီအသီးသီးရဲ့တာဝန်ရှိသူများ၊ ဒေသခံပြည်သူများအားလုံး လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်မှုသာလျှင်၊ Win-Win-Win ဆိုတဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်မှုနှင့် အသီးအပွင့်များကို နိုင်ငံသားအားလုံး ရယူခံစားနိုင်မည်ဖြစ်ပါကြောင်း လေ့လာတင်ပြအပ်ပါတယ် ။

---

## မန္တလေးတောင်တော် သန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၂၄-** မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် အကွက်အမှတ်(၁/၄၁၆)အတွင်းရှိ မန္တလေးတောင်တော် အတက်၊ အဆင်းလမ်းများတွင် ဇန်နဝါရီ ၂၁ ရက်က အမှိုက် ရှင်းလင်းခြင်းကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ အဆိုပါနေရာသို့ တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးကြီး မျိုးဝင်းအောင်၊ ဒေါက်တာရဲလွင်နှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဟန်ထွန်းတို့က လိုက်လံကြည့်ရှုအားပေးကြပြီး ခရိုင်ရဲတပ်ဖွဲ့ဒုတိယရဲမှူးကြီး စိန်ထွန်းဦးစီးသော ရဲတပ်ဖွဲ့ဝင် ၁၀၀ ၊ နယ်မြေခံတပ်ရင်း / တပ်ဖွဲ့တို့မှ ဗိုလ်မှူးသန်းနိုင်ကျော်ဦးစီးသော တပ်ဖွဲ့ဝင် ၅၆၂ ဦး၊ အောင်မြေသာစံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၂၅ ဦး၊ အောင်မြေသာစံမြို့နယ် မီးသတ်တပ်ဖွဲ့ဝင် ၁၀၀၊ မြို့တော်သန့်ရှင်းရေးဝန်ထမ်းများ စုစုပေါင်း ၈၀၀ ခန့်တို့သည် မန္တလေးတောင်တော် သန့်ရှင်းသာယာလှပရေးအတွက် တောင်တက်၊ တောင်ဆင်း လမ်းတစ်လျှောက် လမ်းဝဲ / ယာ တို့ရှိ ချုံနွယ်မြက်ပင်များ၊ သစ်ရွက်ခြောက်များ၊ စွန့်ပစ်အမှိုက်များ ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ “မန္တလေးမျဉ်းဖြောင့်များ”အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ “မန္တလေးမျဉ်းဖြောင့်များ”ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ “မန္တလေးမျဉ်းဖြောင့်များ” အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် “တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး” အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော “မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ” ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော “တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး” ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ဝေဇယန္တာ၊ လှသူဇာနှင့် အိမ်တော်ရာပွဲခင်း

## ဆူးငှက်

***ယခင်အပတ်မှအဆက်***

သူ့ရာထူးကို မြေးဖြစ်သူဦးဘိုးကြီးက ဆက်ခံသည်။ ဆင်တံတားခါးပြတ် ၈၆ လမ်းဆင်တံတားတောင်ဘက်မှ အုတ်ဝန် မင်းဝင်းသည် ဦးဘိုးကြီး၏ ဝင်းဖြစ်၏။

ဆင်တံတားနှင့် ပတ်သက်လျှင်မူ ကျွန်တော့်မိဘများက ခေါင်းရွက် ဗျပ်ထိုး ဆီသည်တွေဖြစ်သောကြောင့် ဆီကုန်သည် ဦးရှင်၊ ဒေါ်နုတို့နှင့် ဆွေမျိုးတွေလို ရင်းနှီးသည်။

ကွန်တော်တို့လက်ထက်ရောက်တော့ အုတ်ဝန်မင်းဝင်းထဲက ကိုသန်းဆောင်တို့၊ ကိုနေအောင်တို့၊ ကိုဝင်းဟန်တို့နှင့် ရင်းနှီးသည်။ ထို့အတူ ဆင်တံတားပေါ်က ကိုခင်မောင်သန်း၊ နာမည်ကျော်အောင်ကြီးကဖေးက ကိုထိန်ဝင်းတို့လည်း သူငယ်ချင်းဟုပြောရမလိုဖြစ်၏။ ဘာပဲပြောပြော ဆင်တံတားကား ရပ်ဆွေရပ်မျိုးမိတ်ဆွေရင်းချာ။

တကယ်တော့ အိမ်တော်ရာဘုရားတောင်ဘက်ဒက္ခိဏာဝန်ကျောင်းတိုက်အတွင်းရှိ ဦးပဏ္ဍာဝံ၏ မူလတန်းကျောင်းထွက်ချည်းပင် မဟုတ်ပါလား။

အိမ်တော်ရာအရှေ့မုခ်တစ်ဝိုက် ရွှေတချောင်း အနောက်ကမ်းတစ်လျှောက်ကား မန္တလေးရွာနေထိုင်များဖြစ်သလို ကုန်သည်ပွဲစား အလုပ်ကိုမိရိုးဖလာလုပ်ကိုင်လာကြသူများဖြစ်သည်။ မန္တလေးအစွဲအလမ်း၊ ဈေးချိုအစွဲအလမ်းကြီးမားစွာဖြင့် ယနေ့အထိမိရိုးဖလာစီးပွားရေးဖြင့် ခိုင်မာနေဆဲဖြစ်၏။ နာမည်ကျော် ဒေါ်ကြမ်းပွဲရုံ၊ မန္တလေး၏ ပထမဒေါ်ဦးသနပ်ခါးစသည်တို့မှာ အခုထိပင်ရှင်သန်ကြီးထွားဆဲဖြစ်၏။

မန္တလေးရွာနေထိုင်များမို့လည်း မန္တလေးသူ၊ မန္တလေးသား စရိုက်က ပီပြင်လှသည်။ အထူးသဖြင့် သင်္ကြန်ဆိုလျှင် ထိုရပ်ကွက်မှ အမျိုးသမီးသင်္ကြန်မဏ္ဍပ်များက နာမည်ကြီးလှ၏။ ထိုအထဲတွင် ‘ရွှေမန်းမေ’သည် မန္တလေး၏ အသည်းနှလုံးဖြစ်သည်။ ‘မမထား ကပါဖို့’ ‘အန်တီထားကပါဖို့’ ဟု ပွဲတောင်းခံရသော ငယ်ဘဝကို လွမ်းမိသေးတော့။

**မန္တလေးရွာနေထိုင်များမို့လည်း မန္တလေးသူ၊ မန္တလေးသား စရိုက်က ပီပြင်လှသည်။ အထူးသဖြင့် သင်္ကြန်ဆိုလျှင် ထိုရပ်ကွက်မှ အမျိုးသမီးသင်္ကြန်မဏ္ဍပ်များက နာမည်ကြီးလှ၏။ ထိုအထဲတွင် ‘ရွှေမန်းမေ’သည် မန္တလေး၏ အသည်းနှလုံးဖြစ်သည်။ ‘မမထား ကပါဖို့’ ‘အန်တီထားကပါဖို့’ ဟု ပွဲတောင်းခံရသော ငယ်ဘဝကို လွမ်းမိသေးတော့။**

ထို့နောက်...သီရိရွှေစင်၊ ထို့နောက် လှသူဇာ။ အပျိုချောပေါ်ကာ စီးပွားရေးကောင်းသောအရပ်မို့ သင်္ကြန်လုံမလေးတွေ ဖူးညွှတ်နေအောင်လှကြပါသည်။ ဘယ်သူကစိန်တစ်ဆင်စာဝတ်တာ၊ ဘယ်သူကပုလဲတစ်ဆင်စာဆိုတာတွေကို သင်္ကြန်တွင်းမှာ ပြောစရာစကားအဖြစ် ကျန်ရစ်ခဲ့စေ၏။ ရွှေမန်းမေတို့၊ လှသူဇာတို့၊ သီရိရွှေစင်တို့ ရေသဘင်မှာ ကြီးပြင်းခဲ့ရလေတော့ ‘မန္တလေး အရပ်သူတွေရဲ့အကဟာ ယခုခေတ် ပညာရှင်ဆိုသူတွေထက် သာပါပေတယ်’ ဟူသော စကားကို ရဲဝံ့စွာပြောရဲ၊ ရေးရဲခြင်းလည်း ဖြစ်သည်။ ဒီလိုသဘောထားမျိုး တစ်ခါက ကျွန်တော်ရေးမိတော့ ဆရာသမားတစ်ဦးက ‘ကိုယ့်လူရယ် ကြည့်ရေးပါဦး၊ ဒေါသတွေသင့်ကုန်ပါ့မယ်’ ဟု ထောက်ပြဖူး၏။ ကျွန်တော်ကဖြင့် ထိုအဆိုနှင့်ပတ်သက်၍ ရုပ်သိမ်းဖို့ နောင်တမျိုးယခုထိ မပေါ်သေး။ မြန်မာအကဆိုသည်များကို ကြည့်ရဖန်များလာလေလေ ထိုအဆိုကို ခိုင်မာစွာချမိလေ ဖြစ်တော့သည်။

လက်ထက် မဇ္ဈိမဒေသ မဟာဗောဓိအရပ်မှ ပင့်ဆောင်ခဲ့ပြီး အင်းဝမြို့တော်တွင် တည်ထားကိုးကွယ်ခဲ့သည်။ ရွှေဘိုမင်းလက်ထက်တွင် အမရပူရ စောင်းကလောကန်ဦး လောကမဏိစူဠာစေတီသို့ ပင့်ဆောင်၏။ မန္တလေးပျက်ပြီး နှစ်နှစ်အကြာ ၁၂၄၉ ခုနှစ်တွင် မိုးကောင်းတိုက်ဆရာတော်နှင့် အုတ်ဝန်မင်းတို့က အိမ်တော်ရာအတွင်း ပင့်ဆောင်ခဲ့ခြင်းဖြစ်သည်။ အရှေ့မြောက်ထောင့် ဂူဘုရားတစ်ဆူ အတွင်းမှလည်း ကြည်ညိုဖွယ် ပွင့်တော်မူဘုရားတစ်ဆူလည်း ဖူးတွေ့နိုင်ပါသည်။

အိမ်တော်ရာအကြောင်း ပြောကြစို့ဆိုလျှင် ‘ဘုရားဈေး’ ကို ချန်ထား၍ မရတော့။ ၁၃၀၀ ပြည့် အရေးတော်ပုံကာလက မန္တလေး ဈေးချိုတော်တွင် ပုဒ်မ ၂၃ (၇) ထုတ်ပြန်သဖြင့် ဈေးသူ ဈေးသားများက ဈေးချိုရုံမ ၁၂ ရုံကို သပိတ်မှောက်ပြီး အိမ်တော်ရာဘုရား၌ ဈေးထွက်ကြသည်။ ထိုဘုရားဈေးကို မြို့မငြိမ်းက ‘ အိမ်တော်ရာဘုရား’ သီချင်းဖြင့် ဂုဏ်ပြုစပ်ဆိုထား၏။

အရှေ့ဘက်က အုတ်ဇရပ်ကြီးထဲမှာလည်း အရင်က နိပါတ်တော်ရေး ဆရာအေး၏ နိပါတ်ကားများ ရှိသည်။ ထို့အတူ ဦးစောမောင်၏ကားများလည်းရှိ၏။ ထိန်းသိမ်းသင့်သော ရတနာများဖြစ်ချေသည်။

နောက် နှစ်ရက်လောက်နေလျှင် အိမ်တော်ရာဘုရားပွဲ စတင်တော့မည်။ အခုတော့ အိမ်တော်ရာမှ ခွဲခွာခဲ့ရတာ ၁၀ နှစ်ကျော်ပေါ့။ ယခင်က သီတင်းကျွတ်လဆန်းလျှင်ပင် ရင်ခုန်ခဲ့ရသောပွဲတော်။ ဘုရားပွဲမှာ ဘာကျွေးမယ်၊ ညာကျွေးမယ်နှင့် စီစဉ်ခဲ့ရသောပွဲတော်။ ယခုတော့ တချို့နှစ်များဆိုလျှင် ဘုရားပွဲပြီးသွားတာပင် သတိမထားမိတော့။

အပေါင်းအသင်းရောင်းရင်း ဆွေမျိုးဉာတိများရော အိမ်တော်ရာမှာ မရှိတော့။ တချို့မြောက်ပြင်၊ တချို့ကန်သာယာ၊ တချို့သင်ပန်းကုန်း။

အရာရာကားပြောင်းလဲသွားပါပကော။ တကယ်တော့



၁၃၄၁-၄၂ ခုနှစ်ဝန်းကျင်က လှသူဇာတို့ကတဲ့ သင်္ကြန်ယိမ်း

‘ နံနက်မိုးလင်းမှ မိုးချုပ် စက်ဘီးတစ်စီး၊ စာရင်းစာအုပ်တစ်အုပ်၊ လွယ်အိတ်တစ်လုံးဖြင့် ပွဲရုံအနံ့ဝင်၊ ဈေးဆိုင်အနံ့သွားကာ ငွေကောက်ခံပြီး ပွဲရုံလုပ်ငန်းကို မိဘလက်ထက်မှ လွှဲပြောင်းကာ ပိုလို့ပိုလို့ကြီးပွားအောင် စွမ်းဆောင်ခဲ့ကြသော အိမ်တော်ရာသူ’ ကလေးတွေ၏ အနုပညာအစွမ်းကဖြင့် လွှမ်းလောက်ပါပေ၏။

နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၁၊ ၁၂ ရက်နေ့ညများတွင် ခင်းကျင်းပြီး၊ ၁၃ ရက်နေ့ နံနက် ဆွမ်းကြီးလောင်းသော အိမ်တော်ရာ ဘုရားပွဲကား လေးဖက်လေးတန် အငြိမ့်ပွဲများဖြင့် စည်ကားလှသောပွဲကြီးဖြစ်သည်။ မန္တလေး၏ ကနဦးပွဲကြီးဖြစ်သည့်အပြင် ဘုန်းကြီးကျောင်းတိုက်ကြီးများနှင့်လည်း နီးကပ်နေသောကြောင့် လာမည့်နှစ်အလှူအတန်း၊ ကျောင်းကန် ဘုရားပွဲသာမက ရပ်ရွာက ဘုန်းကြီးပျံအတွက် ပွဲငှားကြမည့် နယ်ပရိသတ်များမှာ ဘုန်းကြီးကျောင်းများတွင် တည်းခိုကာ အိမ်တော်ရာဘုရားပွဲမှ အငြိမ့်၊ ဇာတ်၊ ဆိုင်းအဖွဲ့များကို အကဲခတ်ကြတော့သည်။

အိမ်တော်ရာမှ ဈေးဦးပေါက်ကောင်းသောအငြိမ့်က ထိုနှစ်အတွက် ပွဲခွင်ပြည့်မှာ သေချာသည်။ ထို့ကြောင့် တချို့အငြိမ့်များက ဘုရားပွဲမတိုင်မီပင် သက်ဆိုင်ရာ ဘုရားလူကြီးများထံ ချဉ်းကပ်ပြီး ကိုယ့်စရိတ်နှင့်ကိုယ် လာရောက်ကပြပါမည်ဟု စပ်ဟပ်ကြသေးသည်။ အိမ်တော်ရာဘုရား စနေထောင့် ဇရပ်အတွင်းတွင် ဉာဏ်တော်သုံးတောင် နှစ်မိုက်ရှိ သကျမုနိမဟာရာရုပ်ပွားတော်တစ်ဆူရှိ၏။ ဘကြီးတော်

‘... တွေးမိပြီ၊ တွေးမိပြီ...၊ လောကရုံသီအိမ်တော်ရာစေတီ ဘုရားဈေးပြေးလို့မြင်ယောင်သည်။ တို့ဂုဏ်ရောင်ပြောင်ပြောင်၊ စည်းရုံးရေးကြောင့် အောင်ပေသည်’ တဲ့။ အိမ်တော်ရာဘုရားအတွင်းတွင် ပုဂံမင်း၏ မှုူးမတ်ခြွေရံသင်းပင်းများ ဝိုင်းဝန်းလှူဒါန်းခဲ့ကြသော ကုသိုလ်များ များပြားစွာရှိသော်လည်း ၁၂၇၂ ခုနှစ်က လောင်ကျွမ်းသော ‘ကိုးတားမီး’ကြောင့် ဘုရားပရိဝုဏ်အတွင်းက ဇရပ်တန်ဆောင်းများ ပြာဖြစ်ခဲ့ရသည်။ ထိုအထဲတွင် နာမည်ကျော် ၁၄ ခန်း ဇရပ်ကြီးလည်း ပါသွား၏။ ၁၄ ခန်းဇရပ်ကြီးက နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲများ ဖြစ်ပွားလျှင် မြို့လူထုစည်းဝေးရာ ဘူမိနက်သန် နေရာကြီးတစ်ခုဖြစ်၏။ ၁၃၀၀ ပြည့်နှစ်က ဖြစ်ပွားခဲ့သည့် နာမည်ကျော် အာဇာနည် ၁၇ ဦး အရေးတော်ပုံသည် အိမ်တော်ရာ ၁၄ ခန်းဇရပ်မှ အစပြုခဲ့ခြင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးတွင်လည်း ၁၄ ခန်းဇရပ် ပြာကျခဲ့ရပြန်သည်။ နောက်တော့ တတ်နိုင်သူများ ကောင်းမှုကုသိုလ်ဖြင့် ယခင်အတိုင်း ပြန်လည်ပေါ်ပေါက်လာ၏။

၁၄ ခန်း ဇရပ်သမိုင်းကား တခမ်းတနားရေးဖွဲ့မှသာ ပြည့်စုံပေမည်။ ၁၄ ခန်းသမိုင်းက မန္တလေးနိုင်ငံရေး သမိုင်းလည်း ဖြစ်ချေ၏။

၁၄ ခန်းဇရပ်ကြီးအတွင်းတွင် နာမည်ကျော် ပန်းချီဆရာကြီး ဦးချစ်မြ၏ နိပါတ်တော် ဆီဆေးပန်းချီကားကြီးများ ရှိသည်။ အောင်ခြင်းရှစ်ပါး အပါအဝင် ဗုဒ္ဓဝင်ကို ရေးဆွဲထားသည့် လက်ရာကောင်းများ ဖြစ်၏။ ထို့ပြင် တောင်စောင်းတန်း ဘယ်လိုမှ အစားပြန်မရနိုင်တာက ငယ်ဘဝများပဲဖြစ်ပါသည်။ ငယ်ဘဝဟူသည်ကား အားလုံးအတွက် ချိုမြိန်ဖွယ်ရာချည်းပဲ ဖြစ်စေမှာပေါ့။ ရင်ခုန်ဖွယ်၊ လှိုက်မောဖွယ်၊ တသဖွယ်။ အရင်ကလို အုတ်ဝန်မင်း ဝင်းထဲသွားပြီး‘နေ့ခင်းကြောင်တောင် ခြင်ထောင်ထောင်၊ မမိုးအေးနှင့် ကိုသန်းဆောင်’ဟု အော်ဟစ်နောက်ပြောင်ချင်ပါသေးသည်။

အရင်ကလိုဘုရားဝင်းထဲက ဘုတလင်ဇရပ်ဘေးမှာ ဂိုးကျဉ်းကြေး ဘောလုံးကစားချင်ပါသေးသည်။

အရင်ကလို ဘုရားပွဲရောက်လျှင် တိတ်တခိုးချစ်ရသူနောက် တကောက်ကောက်လိုက်ရင်း ကျိုက်ထီးရိုးဘုရားအကွယ်မှာ လူအုပ်ကြားပျောက်သွားတော့ ရင်မောကျန်ရစ်ချင်ပါသေးသည်။

အရင်ကလို‘မေတ္တာ’အငြိမ့်ကို ဖိနပ်ဖင်ခုထိုင်ကာ အပြီးထိ ကြည့်ရင်း မြတ်သာ၊ ခါတ်စံ၊ ကျောက်နီတို့၏ပြက်လုံးများကို အပူအပင်မရှိတသောသော ရယ်မောချင်ပါသေးသည်။

အရင်ကလို ဘုရားပွဲဈေးတန်းက ခဲတံချောင်းနှင့်အကြော်ဝယ်ပြီး အပေါင်းအသင်းတစ်စုနှင့် အလုအယက်စားချင်ပါသေးသည်။

အိမ်တော်ရာသားတို့ရေ၊ နောက်နှစ် ဘုရားပွဲရောက်ရင် ဖိတ်ပါဦးကွယ်။

***(“တောင်မြောက် အရှေ့အနောက်ထောင့်မတ်မန္တလေး” ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# မုံရွာတက္ကသိုလ်အနောက်ဘက်လမ်း ကတ္တရာစတင်ခင်းလျက်ရှိ



**မုံရွာ ဇန်နဝါရီ ၂၄**

မြို့တော်အဂ်ါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးအတွက် မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် ကျူးကျော်ဆိုင်များအား ရှင်းလင်းခဲ့သည်။ ဖယ်ရှားခံရသော ကျူးကျော်ဆိုင်ရှင်များကို မုံရွာတက္ကသိုလ်အနောက်ဘက် တက္ကသိုလ်ပတ်လမ်းတွင် ဆိုင်ခန်းအသစ်များ ချထားပေးကာ ဇန်နဝါရီ ၂၂ ရက်မှစတင်၍ ကတ္တရာ လမ်းခင်းကျင်းနေပြီဖြစ်ရာ ၁၀ ရက်နှင့်အပြီး ခင်းပေးသွားမည်ဖြစ်ကြောင်း မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းထံမှ သိရသည်။

"တက္ကသိုလ်အနောက်ဘက်က ပတ်လမ်းမှာ ဆိုင်ခန်း ၅၈ ခန်းကို မဲနှိုက်ပြီး ကျတဲ့နေရာမှာ ဆိုင်ခန်းတွေ တည်ဆောက်နေပြီ။ စောစောက ဇန်နဝါရီ ၂၀ ရက် နောက်ဆုံးထားပြီး ဆိုင်ခန်းဖွင့်လှစ်ရောင်းချတာ၊ ဆိုင်ခန်းတည်ဆောက်တာမရှိဘူးဆိုရင် ကော်မတီက ပြန်လည်သိမ်းယူဖို့ ရှိပေမယ့် စလုပ်ခါစမှာ အခက်အခဲရှိတယ်ဆိုတဲ့ သက်ညှာမှုနဲ့ လာမယ့်ဇန်နဝါရီ၂၆ရက်ကို နောက်ဆုံးရက်အဖြစ် ပြင်လိုက်ပါတယ်။ ၂၆ ရက်မှာ ဆိုင်ခန်းမဖွင့်သေး၊ မဆောက်သေးရင် ပြန်သိမ်းမယ်လို့တော့ စီစဉ်ထားပါတယ်။ ဒုတိယအကြိမ်မဲနှိုက်ပြီး အဲဒီလမ်းပေါ်မှာပဲ ၄၅ ဆိုင်ချထားပေးဖို့ကိုလည်း စီစဉ်နေပါတယ်။ ဖယ်ရှားခံရတဲ့ ကျူးကျော်ဆိုင်သက်သက်ကိုပဲ နေရာပေးမှာပါ" ဟု ဦးကျော်မျိုးဝင်းက ရှင်းပြသည်။

ဆိုင်ခန်းချပေးထားသော ၅၈ နေရာတွင်လက်ရှိ ဇန်နဝါရီ၂၃ ရက်တွင် တည်ဆောက်ထားသည်မှာ ၁၀ ဆိုင်ပင်မပြည့်သေးသလို ဆိုင်ဖွင့်ထားသည်မှာ သုံးဆိုင်ခန့်သာတွေ့ရသေးပြီး လက်ရှိတွင် လမ်းခင်းနေသည့်အတွက် ဆိုင်ဖွင့်ရန် အခက်တွေ့နေသည်မှာ မှန်သော်လည်း ဆိုင်ခန်းတည်ဆောက်၍ရရန်နှင့် နိမ့်နေသော မြေနေရာမြေဖို့နိုင်ရန်အတွက် ခင်းနေသောလမ်းကို ဖွင့်ပေးထားကြောင်း တွေ့ရသည်။ လက်ရှိကတ္တရာခင်းနေသည်မှာ အရှည်ပေ ၁၉၅၀ ရှိကျောက်ကာလမ်းမှ တက္ကသိုလ်အနောက်ပေါက် ဗန္ဓုလလမ်းအထိ အကျယ် ၁၂ ပေကို ခန့်မှန်းကုန်ကျငွေကျပ်သိန်း ၂၀၀ ခန့်ဖြင့် ၁၀ ရက်အတွင်း အပြီးခင်းနေခြင်းဖြစ်ကြောင်း သိရသည်။

ကတ္တရာ လမ်းချောခင်းပြီးပါက လျှပ်စစ်မှတာဝန်ရှိသူများနှင့် ချိတ်ဆက်ကာလမ်းမီးတိုင်များကို ချက်ချင်းတိုင်ထောင်ဆောင်ရွက်ကာခင်းကျင်း ရောင်းချမည့်ဆိုင်များအနေဖြင့် လျှပ်စစ်မီးကို လက်ရှိ မုံရွာညဈေးတန်းကိုပေးသည့် လျှပ်စစ်သွယ်ယူစနစ်အတိုင်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

## ဆင်ခြေထောက်ရောဂါကာကွယ်ဆေး အိမ်တိုင်ရာရောက်တိုက်ကျွေးမည်

**ပေါင် ဇန်နဝါရီ ၂၄**

ပေါင်မြို့နယ် ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံးကာကွယ် ဆေးတိုက်ကျွေးခြင်း(မြို့နယ်အဆင့်)လုပ်ငန်းအသိပေးရှင်းလင်းတင်ပြခြင်းအခမ်း အနားကို ဇန်နဝါရီ၂၃ ရက်က မြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပခဲ့သည်။ အခမ်း အနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်စုစုဟန်က ကာကွယ်ဆေးတိုက်ကျွေးရခြင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ စုံညီစွာတက်ရောက်ခဲ့ကြပြီး မြို့နယ်အတွင်း နေထိုင်သူပြည်သူလူထု ဆင်ခြေထောက်ရောဂါကင်းဝေးစေရန် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ လူမှုအဖွဲ့အစည်းများပူးပေါင်း၍ ဆင်ခြေထောက်ရောဂါကာကွယ်ဆေးများကို အိမ်တိုင်ရာရောက် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် တစ်ပြိုင်တည်း တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်မောင်ဝေ(ပေါင်)**

## ငွေချည်(၉)ချည်မျှင်ရှည်ဝါစိုက်တောင်သူများ အဆင်ပြေ

**ကျွန်းလှ ဇန်နဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် မိုးနှောင်းငွေချည်(၉)ချည်မျှင်ရှည်ဝါစိုက်တောင်သူများ ဈေးကောင်းရ၍အဆင်ပြေကြောင်း သိရသည်။

"ကျွန်တော်မိုးနှောင်းဝါတစ်ဧကစိုက်ပျိုးထားပါတယ်။ တစ်ဧကကို ဝါမျိုးစေ့သုံးပိဿာ စိုက်ပျိုးပြီး မျိုးစေ့တစ်ပိဿာငွေကျပ် ၁၅၀၀ ပေးရပါတယ်။ တစ်ဧကမျိုးဖိုး၊ ထွန်ယက်ခ၊ မြေသြဇာဖိုး၊ ဆေးဖိုး၊ ပေါင်းသင်ခ၊ ဝါကောက်ခ ငွေကျပ် တစ်သိန်းခွဲကုန်ကျပါတယ်။ ယခုအခါဝါပွင့်များ ကောက်ယူနေပြီး တစ်ဧကလျှင် ပိဿာချိန် ၄၀၀ ကျော် ထွက်ရှိပါတယ်။ ဝါတစ်ပိဿာငွေကျပ် ၁၃၀၀ ဈေးဖြင့် အိမ်အရောက်လာဝယ်တဲ့အတွက်တစ်ဧကငွေကျပ် ၃၅၀၀၀၀ ကျော်အမြတ်ရရှိပါတယ်"ဟု အင်းကောင်းကျေးရွာနေဝါစိုက်တောင်သူဦးတင်မြင့်က ပြောပြသည်။

အဆိုပါဝါစိုက်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရွေးချယ်ပေးခြင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် လက်တွေ့စိုက်ပျိုးပြသခြင်းနှင့် သဘာဝဓာတ်မြေသြဇာသုံးစွဲနည်းတို့ကို ပညာပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူးဒေါ်လှကြိုင်က ပြောကြားသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# ဘဲစာကုန်ကြမ်းရှားပါး၍ ကုန်ကျစရိတ်မြင့်မည်ကို ဘဲမွေးမြူသူများစိုးရိမ်နေ



**ရေး ဇန်နဝါရီ ၂၄**

မွန်ပြည်နယ် ရေးမြို့နယ်ရှိ ဘဲဥမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူမှာ ၂၀၁၅ - ၂၀၁၆ခုနှစ်က လုပ်ကိုင်နေသူ ၃၀ ဝန်းကျင်ခန့်သာရှိရာမှ ယနေ့အချိန်အခါတွင် ဘဲဥမွေးမြူရေးလုပ်ကိုင်သူ ၅၀ ဝန်းကျင်အထိရှိလာသည်။ ဘဲမွေးမြူသူမြင့်တက်လာ၍ ဘဲ အကောင် ရေတစ်သိန်းကျော်မှာ ပျမ်းမျှတစ်နေ့တာ ဘဲဥ ၇၀ ရာခိုင်နှုန်းထွက်ရှိနေကြောင်း သိရသည်။

"ဘဲမွေးခြံတစ်ခြံကို အနည်းဆုံးဘဲစာတွေအပါဝင် ငွေကျပ်သိန်း ၆၀ လောက် ရင်းနှီးမြှုပ်နှံထားရပါတယ်။ လတ်တလောမှာ ဘဲစာဖြစ်တဲ့ ပင်လယ်ငါးကုန်ကြမ်းဈေးအပေါ် မူတည်ပြီး အမြတ်အစွန်းတွေရရှိကြပေမယ့် ဒီလာမယ့်နှစ်မှာ ဘဲစာကုန်ကြမ်းရှားပါးပြတ်လပ်မှုနဲ့ ကြုံလို့ ကြက်စာ၊ ကဏန်း၊ ခရုခြောက်နဲ့ အစားထိုးခဲ့ရင် ကုန်ကျစရိတ်မြင့်မားပြီး အရှုံးပေါ်မှာလည်း စိုးရိမ်နေပါတယ်"ဟု ခမင်းဆိပ်ကျေးရွာနေ ဘဲဥမွေးမြူလုပ်ကိုင်နေသူ ဦးခင်မောင်အေးက ပြောသည်။

ပြီးခဲ့သည့်နှစ်များတွင် ဘဲဥလက်လီ တစ်လုံးလျှင် ငွေကျပ် ၁၂၀ ဈေးကောင်းရရှိကာ ယခုနှစ် ဘဲဥဈေးမှာ ၁၀၇ ကျပ်အထိသာ ရရှိသည်။ ဈေးကွက်အတွင်း ဘဲဥဝင်ရောက်မှုများတွင် ဝယ်လိုအားနှင့် ရောင်းလိုအားက ပုံမှန်ရှိသော်လည်း အရောင်းအဝယ်က အေးလျှင် ဈေးနှုန်းကကျဆင်းကာ ဝယ်လိုအားမြင့်တက်လာလျှင် ဈေးနှုန်းက မြင့်တက်လာသည်။ အဓိက ခမင်းဆိပ်ရွာမှ ထွက်ရှိနေသော ဘဲဥများကိုလည်း ရေးမြို့နယ်အပြင် မော်လမြိုင်၊ ရန်ကုန်ဈေးကွက်အထိ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **နေမျိုးထွဋ် (ရေး)**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇန်နဝါရီ ၁၀ ရက်မှ ၁၇ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

*(ယမန်နေ့မှအဆက်)*

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၃၄ | ဆရာဦးအေးချစ် EEAC (မြန်မာပြန်) | မြန်ဆန်လွယ်ကူ ရုပ်ပြအင်္ဂလိပ်စကားပြော(၁) | ၅၀၀၀ိ/- | ပြည်မြန်မာစာပေ |
| ၃၅ | ခင်မောင်ဌေး(ပညာရေး) | ရှုထောင့်ပြောင်းမှ မြင်ကွင်းပြောင်းနိုင်မည်နှင့် ၈၈၈ အမှတ်တရပုံရိပ်များ | ၃၀၀၀ိ/- | ရန်အောင်စာပေ |
| ၃၆ | စိမ်းမြမြ | ကျွန်မဆရာဝန်ကတော် | ၄၀၀၀ိ/- | ရှင်မတောင်စာပေ |
| ၃၇ | ချစ်ဦးညို | မဟာသေနာပတိ | ၃၅၀၀ိ/- | လင်္ကာဒီပစာပေ |
| ၃၈ | ချစ်ဦးညို | နေမင်း လမင်းသိန်းရာထောင် | ၄၅၀၀ိ/- | လင်္ကာဒီပစာပေ |
| ၃၉ | နိုင်မြင့် | ဒိုက်ငြိလှေကလေးများနှင့် မဂ္ဂဇင်းဝတ္ထုရှည်များ | ၃၀၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၄၀ | ဒေါက်တာထွန်းဝင်း | HR မန်နေဂျာတို့အတွက်လက်တွေ့ဗျူဟာများ | ၂၄၀၀ိ/- | သရဖီဝင်းထွန်းစာပေ |
| ၄၁ | ဒေါက်တာထွန်းဝင်း | စင်ကာပူနိုင်ငံကိုအနှစ် (၂၀)အတွင်း ကျော်တက်နိုင်သော မူလတန်းကလေးများ အခြေပြုဗျူဟာနှင့်အခြားဗျူဟာများ | ၂၀၀၀ိ/- | သရဖီဝင်းထွန်းစာပေ |
| ၄၂ | ဒေါက်တာထွန်းဝင်း | အစိုးရ NGO ကုမ္ပဏီတို့တွင်ပေါ်လစီရေးဆွဲခြင်း | ၂၄၀၀ိ/- | သရဖီဝင်းထွန်းစာပေ |
| ၄၃ | အောင်မြိုင်(မစိုးရိမ်စာသင်သား) | ဘယ်သူ့မှာတာဝန်ရှိသလဲ | ၂၅၀၀ိ/- | အလှပန်းစာပေ |
| ၄၄ | ကြည်ဝင်း(ဟင်္သာတ) | သံသပိတ်ကြီးနှင့် ဂမ္ဘီရဝတ္ထုတိုများ | ၁၅၀၀ိ/- | ကျော်မွှေးစာပေ |
| ၄၅ | ဂုဏ်ထူးပဒေသာစာပေ | ပုလဲရောင်အထက်တန်းအဆင့်စာစီစာကုံးများ အမှတ်(၃) | ၁၅၀၀ိ/- | ရွှေပဒေသာစာပေ |
| ၄၆ | ဂုဏ်ထူးပဒေသာစာပေ | ပတ္တမြားရောင်အထက်တန်းအဆင့်စာစီစာကုံးများ အမှတ်(၂) | ၁၀၀၀ိ/- | ရွှေပဒေသာစာပေ |
| ၄၇ | မင်းလူ | အသာပြာလုလင်နှင့် ယမကာလုလင် | ၃၅၀၀ိ/- | ရွှေနှလုံးသားစာပေ |
| ၄၈ | ဇေယျာလင်း | အိုင်အိုးဝါးနေ့ရက်များ (ကဗျာ/စာပေခရီးစဉ်) | ၃၀၀၀ိ/- | နှစ်ကာလများစာပေ |
| ၄၉ | ကျော်မိုးလွင် | အရိပ်အရောင်ရက်စွဲများ | ၂၀၀၀ိ/- | နှစ်ကာလများစာပေ |
| ၅၀ | ယူတီကေ | မရှိမဖြစ်ဥပဒေ | ၂၅၀၀ိ/- | Future Publishing |
| ၅၁ | တင်စိန်(ဆေး-၁) | တွေးမိတွေးရအပိုင်း(၁) | ၂၅၀၀ိ/- | |
| ၅၂ | မမိုးမြေ | စာဖတ်ချင်အောင်ဘယ်လိုရေးခဲ့ကြသလဲ | ၂၅၀၀ိ/- | ယဉ်မျိုးစာပေ |
| ၅၃ | လူမွန်(ပခုက္ကူ) | ကလေးတို့ရဲ့ရတနာပုံပြင်ကဗျာများ | ၁၂၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၅၄ | မောင်ကြယ်စင် (ရန်ကုန်တက္ကသိုလ်) | ရာထူးဝင်ခွင့်(၂၀၁၇-၂၀၁၈) | ၃၅၀၀ိ/- | ကြယ်စင်စာပေ |
| ၅၅ | ဆုပြည့်စုံထွန်း | ကသစ်ဝိုင်ဆရာတော်ဘုရားကြီး | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၅၆ | ဂျာနယ်ကျော်မမလေး | စာပေခရီးသည် | ၁၈၀၀ိ/- | စိတ်ကူးချိုချို |
| ၅၇ | | ကောသလအိပ်မက် ၁၆ ချက် | ၁၂၀၀ိ/- | စိတ်ကူးချိုချို |
| ၅၈ | မောင်ခေတ်ထွန်း | ပြောလေမှားလေရယ်ရလေ | ၁၀၀၀ိ/- | စိတ်ကူးချိုချို |
| ၅၉ | မြတ်ငြိမ်း | ထူးချွန်ခြင်းဆိုသည်မှာ မတော်တဆဖြစ်လာခြင်း အလျဉ်းမဟုတ် | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၆၀ | စောဦး | တစ်မိုးသောက်သော် | ၂၅၀၀ိ/- | စိတ်ကူးချိုချို |
| ၆၁ | မောင်မောင်မြင့်(မန္တလေး) | မောင့်ရင်ထဲကပုံရိပ်များ | ၂၀၀၀ိ/- | စိန်တိုက်စာပေ |
| ၆၂ | မမသဒ္ဒါမောင် | မောင်နှင့်အတူ | ၁၇၀၀ိ/- | ရွှေပဒေသာစာပေ |
| ၆၃ | မိုးစက်ပွင့် | ခရေတွေရနံ့မပြယ်သရွေ့ | ၃၀၀၀ိ/- | ရွှေပဒေသာစာပေ |
| ၆၄ | ကြယ်စင်မှူးဝေ | အချစ်တံလျှပ်-အချစ်နွေကန္တာ | ၁၆၀၀ိ/- | ရွှေပဒေသာစာပေ |
| ၆၅ | လုံမ | ကြင်နာချင်တယ် | ၁၅၀၀ိ/- | ရွှေပြည်သိမ်းစာပေ |
| ၆၆ | ရွှေဖိုးခေါင် | မိုးကျရွှေကိုယ်မင်းမြှောင်မိစ္ဆာ မိတ္တီလာဝင်းထိန် | ၃၀၀၀ိ/- | B Media Wash (ဝေဖန်သည်ဝေဖန်ခံသည်) |

# မိုးညှင်းအကျဉ်းထောင်သို့ စေတနာရှင်လူမှုကူညီရေးအဖွဲ့(မိုးညှင်း) ခြုံစောင်များလှူဒါန်း



**မိုးညှင်း ဇန်နဝါရီ ၂၄**
ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့ တောင်ဘက် ရှစ်မိုင်ခန့်အကွာ ဆယ်မိုင်ကျေးရွာအနီး မိုးညှင်းအကျဉ်းထောင်သို့ ဇန်နဝါရီ ၂၀ ရက်က မိုးညှင်းမြို့မှ စေတနာရှင် လူမှုကူညီရေးအဖွဲ့(မိုးညှင်း)မှ ငွေကျပ် သိန်း ၃၀ ကျော် တန်ဖိုးရှိ ခြုံစောင်များကို လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ လူမှုကူညီရေးအဖွဲ့သည် ဇန်နဝါရီ ၂၉ ရက်ပါ Facebook စာမျက်နှာပေါ်တွင် ရေးသားဖော်ပြခဲ့သော Kyaw Khing ၏ မိုးညှင်းအကျဉ်းထောင်၏ အကျဉ်းသားများ ခြုံစောင်များ လောက်ငမှုမရှိသောကြောင့် အအေးပတ်သေဆုံးသူများရှိနေသဖြင့် စေတနာအလှူရှင်များ လိုအပ်နေကြောင်း ရေးသားဖော်ပြချက်ကြောင့် မိုးညှင်းမြို့မှ စေတနာအလှူရှင်များက စုပေါင်း၍ ငွေကျပ် သိန်း ၃၀ကျော်တန်ဖိုးရှိ ခြုံစောင်များကို လှူဒါန်းနိုင်ခဲ့သည်။

"လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ခြုံစောင်ဟောင်းလေးတစ်ထည်လောက် မရှိကြဘူးလား ခေါင်းစဉ်နှင့် မိုးညှင်းအကျဉ်းထောင်ရှိ အကျဉ်းသားတွေ ကချင်ပြည်နယ်၏ ကြမ်းတမ်းသော ရာသီဥတုဒဏ်ကြောင့် ခြုံစောင်နဲ့အခင်းတွေ လိုအပ်နေပါတယ်။ အစိုးရက စီစဉ်ပေးသော်လည်း နေရာလိုအပ်ချက်ဆိုတာ နေရာအနှံ့ နိုင်ငံအနှံ့ရှိနေတတ်ပါတယ်။ ကျွန်တော်တို့သည် ခံစားတတ်သော နှလုံးသားနဲ့ ဖြစ်တည်သောလူသားတွေဖြစ်တဲ့အတွက် သူတို့ရဲ့အချမ်း ဒဏ်ခံစားနေရတာကို စဉ်းစားနားလည်နိုင်တာမို့ လူမှုရေးပရဟိတစိတ်လေးနဲ့ မိမိတို့အိမ်မှာရှိတဲ့ စောင်အဟောင်းလေး တစ်ထည် မျှဝေပေးကြပါဟု မေတ္တာရပ်ခံပါရစေ၊ စောင်တစ်ထည်ဟာ ကျွန်တော်တို့အတွက် တန်ဖိုးသိပ်မကြီးလှပေမယ့် အခုလိုကြမ်းတမ်းတဲ့ ရာသီဥတုမျိုးမှာ အကျဉ်းသား တစ်ယောက်အတွက်ကတော့ အသက်တမျှ တန်ဖိုးကြီးလှပါတယ်"ဟု ဇန်နဝါရီ ၁၉ရက် ညက Kyaw Khing အမည်ရှိ Facebook စာမျက်နှာတွင် ရေးသားခဲ့ကြောင်း သိရသည်။

မိုးညှင်းပရဟိတအဖွဲ့မှ ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီက မိုးညှင်းမေတ္တာမွန် လူမှုကူညီရေးအသင်း၊ မေတ္တာလေညင်း လူမှုကူညီရေးအသင်း၊ ပီတိသွေး သွေးလှူရှင်အသင်း၊ မိုးညှင်းမြို့ပရဟိတလူငယ်များအဖွဲ့၊ မိုးညှင်းအသည်းဖောင်ဒေးရှင်းနှင့် ဒေသခံစေတနာရှင်များက မိုးညှင်းမြို့အရှေ့ကျောင်းကြီးအတွင်း စုစည်းပြီး မိုးညှင်းမြို့ အလှူရှင်များ လှူဒါန်းထားကြသော စောင်များနှင့် အဝတ်အထည်၊ လူမှုကူညီရေးယာဉ် ၁၀ စီး၊ ပရဟိတအဖွဲ့ယာဉ် ငါးစီး စုစုပေါင်းယာဉ် ၁၅ စီး ဒေသခံပြည်သူ ၁၀၀ ကျော်တို့က မိုးညှင်းအကျဉ်းထောင်သို့ သွားရောက်ကာ ထောင်မှူးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **နီတိုး**

# မှုခင်းအသိပညာပေးယာဉ်ဖြင့် ကျောင်းသား ကျောင်းသူများအား ကျူချောင်ကျေးရွာ၌ အသိပညာပေးဟောပြော

**ရန်ကုန် ဇန်နဝါရီ ၂၄**
မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျူချောင်ကျေးရွာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၁၉ ရက်က ကျောင်းသား ကျောင်းသူများအား ကျိုက်ထိုမြို့မရဲတပ်ဖွဲ့က မှုခင်းအသိပညာပေးယာဉ်ဖြင့် အသိပညာပေးပြသခဲ့ရာ ကျောင်းသား ကျောင်းသူများ စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

မူးယစ်အန္တရာယ်နှင့်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအသိပညာပေးခြင်းကို ကျိုက်ထိုမြို့နယ် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး မြင့်ဌေးနှင့် နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဇော်လွင်တို့က လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့်အတူ လူကုန်ကူးရာ၌ လူငယ်များ မသိနားမလည်မှုအပေါ်အခွင့်ကောင်းတစ်ရပ်အနေဖြင့် ဆွဲဆောင်စည်းရုံးတတ်ပုံနှင့် မူးယစ်အစဆေးလိပ်သောက်သုံးခြင်းစသည့်ဟောပြောမှုတို့နှင့် လူငယ်အချင်းချင်း မူးယစ်ဆေးဖြင့် ဆွဲဆောင်စည်းရုံးကာ ကျောင်းသား ကျောင်းသူများထံ ချဉ်းကပ်သွေးဆောင်တတ်ပုံတို့ကို ဓာတ်ပုံများနှင့်တကွ အသိပညာပေးရှင်းလင်းခဲ့ရာ စိတ်ဝင်တစားနားထောင်ခဲ့ကြပြီး ကျောင်းသားများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားဟောပြောခဲ့ကြောင်း သိရသည်။

မှုခင်းအသိပညာပေးယာဉ်ဖြင့် ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူ ၁၆၀ အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်နှင့် ဌာနဆိုင်ရာများ၊ ကျိုက်ထိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်သိန်းဦး၊ စခန်းမှူး ဒုတိယရဲမှူးမြင့်ဌေးနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား မှုခင်းကျဆင်းရေးနှင့် လူကုန်ကူးမှုပပျောက်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိလိုက်နာရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက်မှုခင်းအသိပညာပေးခြင်းတို့ကို ပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။ **(၁၆၄)**

# ကျန်းမာရေးအသိပညာပေးဟောပြော

**တောင်ငူ ဇန်နဝါရီ ၂၄**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ငူခရိုင်ရုံး ကျန်းမာရေးဦးစီးဌာန တောင်ငူမြို့နှင့် ခရိုင် အမှတ်(၁၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စုတို့ပူးပေါင်း၍ ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၃ ရက်က ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအိအိမင်းနောင်က ဆင်ခြေထောက်ရောဂါဖြစ်ပွားမှု မရှိစေရန်အတွက် ကာကွယ်ရမည့်နည်းလမ်းများနှင့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ အမှတ်(၁၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု ဒုတိယရဲမှူး အုန်းကျော်က ဆိုင်ကယ်မောင်းနှင်ရာတွင် ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများအကြောင်းကို လည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရသည်။ **ရွှေဝင်း (ပြည်)**

# မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်မှု ကွင်းဆင်းဆောင်ရွက်

**ပြည် ဇန်နဝါရီ ၂၄** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မြစိမ်းရောင်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် ပြည်မြို့နယ် အရှေ့ပေါက်တောအုပ်စု အရှေ့ပေါက်တောကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအား မြစိမ်းရောင်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဇန်နဝါရီလ တတိယပတ်တွင် ကွင်းဆင်းကြီးကြပ်မှုများ ဆောင်ရွက်ခဲ့သည်။ အဆိုပါ အရှေ့ပေါက်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မှုကြောင့် ကျေးရွာနေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ **(ခရိုင် ပြန် / ဆက်)**

# ကိုယ်တိုင်ပြုလုပ်နိုင်သော ဘိလပ်မြေအုတ်များ တွင်ကျယ်စွာအသုံးပြုမှု များပြားလာ

**မြင်းမူ ဇန်နဝါရီ ၂၄**
ယခင်က အုတ်များကို အုတ်ဖိုများမှထွက်ရှိသောမြေအုတ်(အုတ်နီခဲ)များကိုသာ



အဓိက ထားသုံးစွဲလာရာမှ ယခုအခါ ကုန်ကျမှုသက်သာစွာ ကိုယ်တိုင်ထုတ်လုပ်ရန်လွယ်ကူသော ဘိလပ်မြေအုတ်များ တွင်ကျယ်စွာပြုလုပ်သုံးစွဲလျက်ရှိသည်ကို စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်အတွင်း တွေ့ရသည်။

"ကျွန်တော်တို့အခုကိုယ်တိုင်ထုတ်တော့ အကုန်အကျသက်သာတယ်။ ထင်းလောင်စာ အသုံးပြုစရာမလိုဘူး။ အုတ်တစ်ချပ်အတွက်အပြီးအစီး ၅၈ ကျပ်ပဲ ကျတယ်။ အုတ်တစ်ဖိုဈေးတွက်မယ်ဆိုရင် ငါးသိန်းရှစ်သောင်းရှိတယ်။ လုပ်အားခ မပါဘူး။ အပြင်မှာဝယ်ရတဲ့ အုတ်ဈေးကအိမ်အရောက် ၁၀၅ ကျပ်ဆိုတော့ အုတ်တစ်ဖို (ဆယ်သိန်းငါးသောင်း)ကျတယ်။ အခုဆို ကျွန်တော်တို့နယ်တစ်ခုလုံး ကိုယ်တိုင်ရိုက် ဘိလပ်မြေအုတ်တွေနဲ့ အဆောက်အအုံတွေ၊ ရေကန်အုတ်တံတိုင်း စတာတွေအတွက် သုံးနေကြပါပြီ"ဟု ကိုယ်တိုင်အုတ်ရိုက်လုပ်ငန်းလုပ်ကိုင်နေသူ ကံသာကွက်သစ်မှ ကိုအောင်သောင်းက ပြောပြသည်။

ထို့အပြင် အုတ်တစ်ချပ်လျှင် ငွေကျပ် ၂၀ နှုန်းဖြင့် လုပ်အားခရယူနေကြသဖြင့် ဒေသခံအလုပ်သမားများ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိပြီး လောင်စာ (ထင်း) အသုံးမပြုရသဖြင့် သစ်ပင်သစ်တောပြုန်းတီးမှုမရှိ၍ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးရာရောက်ကြောင်း ဒေသခံများထံမှ သိရသည်။
**အောင်စိုးဇေ (မြင်းမူ)**

# ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကျင်းပ

**ချောင်းဦး ဇန်နဝါရီ ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ရွှေဒါးကျကျေးရွာ မြန်မာဆယ်မားအူလ်ဒုံစီမံကိန်းကော်မတီကကြီးမှူးကျင်းပသော ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ်အဖြစ် ချစ်ကြည်ရေးဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို ရွှေဒါးကျကျေးရွာ မူလွန်ကျောင်း အားကစားကွင်း၌ ဇန်နဝါရီ ၂၂ရက်က ကျင်းပခဲ့သည်။

အဆိုပါ ချစ်ကြည်ရေးဖိတ်ခေါ် ဘောလုံးပြိုင်ပွဲတွင် ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမျိုး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဆန်းတို့က အမှာစကားပြောကြားသည်။

ရွှေဒါးကျကျေးရွာ မြန်မာဆယ်မားအူလ်ဒုံစီမံကိန်းကော်မတီက ကြီးမှူးကျင်းပသည့် ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ်အဖြစ် ချစ်ကြည်ရေးဖိတ်ခေါ် ဘောလုံးပြိုင်ပွဲတွင် အသင်းခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ပြီး ပထမဆုကို ငွေကျပ် ၇၀၀၀၀၊ ဒုတိယ ဆုကို ငွေကျပ် ၅၀၀၀၀ နှင့် တတိယဆုကို ဘောလုံးအင်္ကျီဝတ်စုံများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။
**(မြို့နယ် ပြန် / ဆက်)**

# လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများသင်တန်းဖွင့်

**မန္တလေး ဇန်နဝါရီ ၂၄**
မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဇန်နဝါရီ ၂၃ ရက်က နံနက်ပိုင်းက လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းအမှတ်စဉ်(၂၄) ဖွင့်လှစ်ခဲ့သည်။

အဆိုပါအခမ်းအနား၌ တိုင်းဒေသကြီး ဦးစီးမှူး ဦးကျင်မောင်က စားသောက်ကုန်တွင် ဓာတုဗေဒဓာတ်ကြွင်း အာနိသင်ပါဝင်မှုလျော့နည်းရန် ပညာပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဓာတ်ကြွင်းအာနိသင်လျော့နည်းရန် သီးနှံများ ခူးဆွတ်ချိန်နှင့်ကပ်၍ ပိုးသတ်ဆေးမဖျန်းသင့်ကြောင်း၊ ဓာတ်ကြွင်း အာနိသင်ပါဝင်နေပါက စားသုံးသူများ၏ ကျန်းမာရေးကို ထိခိုက်မှုဖြစ်ပေါ်စေသဖြင့် ဘေးအန္တရာယ်လုံခြုံစိတ်ချရေးကို အလေးထား၍ ပိုးသတ်ဆေးကို စနစ်တကျသုံးစွဲရမည်ဖြစ်ကြောင်း၊ ပိုးသတ်ဆေးကို ကိုင်တွယ်ရာတွင် သတ်မှတ်ထားသော ဝတ်စုံ၊ လက်အိတ်တို့ဖြင့် ဆေးများကို ကိုင်တွယ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆိုပါပိုးသတ်ဆေးများကို ရောင်းချရာတွင် ပိုးသတ်ဆေးရောင်းချခွင့်လိုင်စင်ရှိမှသာ ရောင်းချခွင့်ပြုမည်ဖြစ်ကြောင်း၊ ရောင်းချရာတွင် မြန်မာစာသားဖြင့် ရေးသားဖော်ပြထားသော မှတ်ပုံတင်ထားသည့် ပိုးသတ်ဆေးများကိုသာ ရောင်းချရမည်ဖြစ်ကြောင်း၊ ဤသင်တန်းမှ ပို့ချပေးသော နည်းပညာများကို အခြားသောပြည်သူများထံသို့ ဆက်လက်ဖြန့်ဖြူးပို့ချပေးသွားရမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှပို့ချပေးသော ပိုးသတ်ဆေးဥပဒေနှင့် လုပ်ထုံးလုပ်နည်းပညာရပ်များကို အခြေခံကာ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

အဆိုပါသင်တန်းသို့ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ သင်တန်းသား သင်တန်းသူ ၁၈၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ သီးနှံ ကာကွယ်ရေးပညာရှင်များမှ သင်တန်းပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**



# ဗိုလ်လုပွဲတက်ဖို့ ကြိုးစားမယ့်မန်ယူ၊ တိုက်စစ်မြှင့်ပြီး အနိုင်ယူမယ့် ဟားလ်စီးတီးတို့ရဲ့ လိဂ်ဖလား အကြိုဗိုလ်လုပွဲ ဒုတိယအကျော့



လိဂ်ဖလားအကြိုဗိုလ်လုပွဲရဲ့ ဒုတိယအကျော့ပွဲစဉ်ဖြစ်တဲ့ ဟားလ်စီးတီးနဲ့ မန်ယူပွဲစဉ်ကို ဇန်နဝါရီ ၂၆ ရက်မှာ ကစားမှာ ဖြစ်ပါတယ်။ နည်းပြသစ်မော်ရင်ဟို လက်ထက်မှာ ယခုနှစ်အတွက် ဖလားတစ်လုံးရယူဖို့ လက်တစ်ကမ်းအလိုကိုရောက်ရှိနေပြီဖြစ်တဲ့ အကောင်းဆုံးအနေအထားကို အခွင့်အရေးတစ်ရပ်အဖြစ် မလွဲမသွေဆုပ်ကိုင်ရယူတော့မှာဖြစ်ပါတယ်။ ဒါပေမယ့် မန်ယူရဲ့ကစားအားက မှန်းဆရခက်ခဲပြီး ခြေအတက်အကျ ပုံမှန်ဖြစ်နေပေမယ့် တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းနှုန်းကတော့ သံသယဖြစ်စရာ ကောင်းနေတာတော့ အမှန်ပါပဲ။

ဒီနှစ်သင်းရဲ့ လက်ရှိအနေအထားကိုကြည့်ရင် ပထမအကျော့ လိဂ်ဖလားအကြိုဗိုလ်လုပွဲအဖြစ် ဒီနှစ်ဇန်နဝါရီ ၁၀ ရက်က မန်ယူရဲ့ အိုးထရက်ဖို့ဒ်ကွင်းမှာ ကစားတဲ့အခါ မန်ယူက နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရခဲ့ပါတယ်။ ဒီရလဒ်က မန်ယူအသင်းအတွက် နောက်တစ်ဆင့်ဖြစ်တဲ့ ဗိုလ်လုပွဲတက်ရောက်နိုင်တဲ့အထိ စိတ်အေးရတဲ့ အနေအထားမျိုးမရှိတာတော့ အမှန်ပါပဲ။

မန်ယူအသင်းဟာ ကစားအားကောင်းတဲ့ အသင်းဖြစ်ပြီး နိုင်ပွဲရယူမှု ပြင်းပြတဲ့ စိတ်ဓာတ်ရှိနေပေမယ့် ပြိုင်ဘက်အသင်းရဲ့ ဖိအားပေးမှုအောက်ရောက်ရင် အမှားအယွင်းတွေ လုပ်တတ်တဲ့ အစဉ်အလာတွေရှိထားပါတယ်။ အသင်းငယ်တွေနဲ့တွေ့ရင် အကြိတ်အနယ် ကစားရတတ်တဲ့ မန်ယူကစားသမားတွေရဲ့ စိတ်ပိုင်းဆိုင်ရာ ခံစားမှုကို ပြောင်းလဲရမှာဖြစ်ပါတယ်။ ဒါ့အပြင် တစ်ဖက်အသင်းတိုက်စစ်မှူးတွေရဲ့ အစုအဖွဲ့လိုက်နဲ့ အရှိန်အဟုန်ပြင်းပြင်း တိုက်စစ်ဆင်လာရင် မန်ယူခံစစ်ဟာ ပျာယာခတ်ပြီး ပြိုကွဲသွားတတ်တာကိုလည်း အလေးထားပြုပြင်ရမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ကစားသမားအခင်းအကျင်းပါပဲ။ မန်ယူမှာ ခြေစွမ်းနိမ့်တဲ့ ကစားသမားတွေမရှိပါဘူး။ အသက်အရွယ်အလိုက် ခြေစွမ်းကောင်းတွေပိုင်ဆိုင်ထားတဲ့အသင်းဖြစ်တာမို့ နည်းပြရဲ့ ဗျူဟာက အရေးကြီးပါတယ်။ ပြိုင်ဘက်အသင်းရဲ့ ခြေစွမ်းကိုလိုက်ပြီး မိမိကစားသမားတွေရဲ့ ကွင်းလယ်၊ တိုက်စစ်အတွဲတွေဟာ အစပ်တည့်နေရမှာ ဖြစ်ပါတယ်။ ဒီလို ကစားသမားခင်းကျင်းမှု မှန်ကန်ခဲ့ရင် မန်ယူရဲ့ ခြေစွမ်းဟာ ပြိုင်ဘက်တိုင်း ထိတ်လန့်ရတဲ့ စွမ်းဆောင်မှုတွေဖြစ်ပေါ်ခဲ့တယ်ဆိုတာ အတိတ်က ပွဲစဉ်အချို့မှာ ထုတ်ဖော်ပြသခဲ့ပြီး ဖြစ်ပါတယ်။

အခု ဟားလ်စီးတီးနဲ့ ပွဲစဉ်မှာ မန်ယူနည်းပြမော်ရင်ဟိုရဲ့ တိုက်စစ်မှာ ထုံးစံအတိုင်းမိုဗစ်၊ ကွင်းလယ်မှာ ပေါ့ဂ်ဘာတို့နဲ့ အထိုင်ချပြီးကျန်တဲ့ ကစားသမားတွေကို ခြံရံစေမှာလားဆိုတဲ့ ရှိရင်းစွဲ အတွေးအခေါ်ဟောင်းနဲ့ ခင်းကျင်းလာမလားဆိုတာကလည်း စောင့်ကြည့်ချင်စရာဖြစ်နေပါတယ်။ မိုဗစ်ရဲ့ အားထုတ်မှုနဲ့ ပေါ့ဂ်ဘာရဲ့ စွမ်းဆောင်မှုတွေ ဘယ်လိုဆိုတာ ပြိုင်ဘက်အသင်းက နည်းပြတွေ နောကျေနေပြီဖြစ်ပါတယ်။

လောလောဆယ်မှာ မိုဗစ်ကို ထိန်းချုပ်ထားလိုက်ရင် မန်ယူတိုက်စစ်ဟာ ထုံအ သွားသလိုမျိုး ရိုးစင်းတဲ့ ဗျူဟာနဲ့ ဟားလ်စီးတီးတို့ အိမ်ကွင်းမှာပွဲထွက်လာမှာ မဟုတ်ပါဘူး။ ဒီနှစ် လိဂ်ဖလားပွဲမှာ နှစ်သင်းစလုံးအတွက် ဒီပွဲဟာ နောက်ဆုံးပွဲပါပဲ။ ဒီပွဲမှာ ရှုံးတဲ့အသင်းဟာ နှုတ်ဆက်လမ်းခွဲရမယ့်အဖြစ်နဲ့ ကြုံတွေ့ရမှာမို့ ဟားလ်စီးတီးတို့ သေချာပေါက် တိုက်စစ်ဖွင့်ပြီး ရဲရဲဝံ့ဝံ့ ထိုးဖောက်ကစားပါလိမ့်မယ်။

ဟားလ်စီးတီးရဲ့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ရလဒ်ပိုင်းကို ကြည့်ရင် ချယ်လ်ဆီး၊ မန်ယူနဲ့ ဝက်စ်ဘရွန်းတို့ကို ရှုံးပြီး ကျန်နှစ်ပွဲဖြစ်တဲ့ ဘုန်းမောက်နဲ့ ဆွမ်ဆီးကိုတော့ နိုင်ပွဲရခဲ့ပါတယ်။ အသင်းလိုက် ကြိုးစားအားထုတ်မှု အပိုင်းမှာ ဟားလ်စီးတီးတို့က ရာနှုန်းပြည့်နီးပါးလစ်ဟာမှု မရှိပါဘူး။ အထူးသဖြင့် တိုက်စစ်မှူးတွေဟာ ပြိုင်ဘက်ခံစစ်ကြောင်းကို ရဲရဲဝံ့ဝံ့ထိုးဖောက်ဖြတ်ကျော်နိုင်သူတွေဖြစ်သလို ဂိုးရအောင်လည်း သွင်းယူနိုင်တဲ့သူတွေ ဖြစ်ပါတယ်။ ဟားလ်စီးတီးတို့က နောက်ဆုံးငါးပွဲမှာ ခြောက်ဂိုး သွင်းယူထားနိုင်သလို ပေးဂိုးက ရှစ်ဂိုးအထိရှိထားပါတယ်။ မန်ယူတို့က နောက်ဆုံးငါးပွဲကစားခဲ့ရာမှာ တိုက်စစ်မှူးတွေက စုစုပေါင်း ၁၀ ဂိုးသွင်းနိုင်ခဲ့ပြီး ပေးဂိုးက နှစ်ဂိုးရှိခဲ့ပါတယ်။ လက်ရှိခြေစွမ်းအရ မန်ယူဟာ အသင်းလိုက်ရော၊ တစ်ဦးချင်းပါ အားသာချက်ရှိနေပေမယ့် ဟားလ်စီးတီးရဲ့ တိုက်စစ်ဖွင့် ကစားမှုကြောင့် မန်ယူတို့နိုင်ရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။ ။

**မိုးမြင့်လင်းလက်**

# ကော်စတာနဲ့ ကာလရှည်လက်တွဲသွားမည်ဟု နည်းပြကွန်တီပြောကြား

ချယ်လ်ဆီးနဲ့ ဟားလ်စီးတီးတို့ ကစားတဲ့ပွဲမှာ ချယ်လ်ဆီးက နှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့ပြီး အဲဒီပွဲမှာ ကော်စတာဟာ ဒီရာသီမှာ ချယ်လ်ဆီးအတွက် ၁၅ ဂိုးမြောက်ဂိုးကို သွင်းယူပေးနိုင်ခဲ့တာကြောင့် ကော်စတာနဲ့ ကာလရှည်လက်တွဲသွားမယ်လို့ ချယ်လ်ဆီးနည်းပြ ကွန်တီက ကော်စတာကို ချီးကျူးစကားဆိုခဲ့ပါတယ်။ စပိန်နိုင်ငံသား ကော်စတာဟာ ချယ်လ်ဆီးကနေ တရုတ်ကလပ်အသင်းကို ပြောင်းရွှေ့လိမ့်မယ်လို့ ဝေဖန်မှုတွေ ထွက်ပေါ်လာပြီးနောက် ကော်စတာက ဂိုးတွေသွင်းယူခဲ့ပြီး ကွန်တီက ချီးကျူးခဲ့တာဖြစ်ပါတယ်။ ကော်စတာဟာ အကောင်းဆုံးခြေစွမ်းပြကစားနေတဲ့ ကစားသမားဖြစ်တယ်လို့ ကွန်တီက ဆိုပါတယ်။



တရုတ်ကလပ်က ငွေပုံအောပြီး ခေါ်ယူမယ့်အနေအထား ရှိတာကြောင့် ကော်စတာဟာ အသင်းကထွက်ခွာဖို့ ရေပန်းစားနေသူတစ်ဦးလည်းဖြစ်ပြီး ဒီအတွက် ကွန်တီနဲ့ ကော်စတာတို့ကြား အဆင်မပြေမှုတွေ ရှိနေတယ်လို့လည်း ဝေဖန်ပြောဆိုတာတွေ ရှိနေပါတယ်။ ဒါပေမယ့် နည်းပြ ကွန်တီကတော့ ဒီဝေဖန်မှုတွေလည်း အဆုံးသတ်သွားလိမ့်မယ်လို့ ပြောဆိုထားပါတယ်။

**❋ ကောင်းမြတ်သူ-စုစည်းသည်။ ❋**

# အကောင်းဆုံးဘောလုံးသမားဆု ချီးမြှင့်ခြင်းခံရတဲ့ ရွန်းနီ

ဝိန်းရွန်းနီဟာ စနေနေ့က စတုတ်နဲ့ကစားခဲ့တဲ့ပွဲမှာ မန်ယူရဲ့ကလပ်အသင်းစံချိန်တင် ဂိုးကို သွင်းယူခဲ့ပါတယ်။ ရွန်းနီရဲ့ ဒီဂိုးဟာ မန်ယူအတွက် ဂိုး ၂၅၀ မြောက် သွင်းယူပေးခဲ့တဲ့ ဂိုးဖြစ်ပြီး ဆာဘော်ဘီချာလ်တန်က မန်ယူအတွက် သွင်းပေးခဲ့တဲ့ ဂိုးစံချိန်ကို ကျော်ဖြတ်ခဲ့တာဖြစ်ပါတယ်။ ဒီဂိုးအတွက် မန်ယူအသင်းခေါင်းဆောင် ရွန်းနီကို အားကစားကလောင်ရှင်များအသင်း(FWA)က ချီးမြှင့်တဲ့ အကောင်းဆုံးဘောလုံးသမားဆုကိုလည်း ရရှိခဲ့ပါတယ်။ ဒီဆုကို ဆွတ်ခူးနိုင်တဲ့အတွက် မန်ယူနဲ့ အင်္ဂလန်အသင်းအတွက် သူ့ရဲ့ခြေစွမ်းဟာ ပိုပြီးကောင်းလာလိမ့်မယ်လို့ ရွန်းနီက ဆိုပါတယ်။

ရွန်းနီဟာ အသက် ၁၆ နှစ်အရွယ်ကတည်းက အဲဗာတန်အသင်းနဲ့အတူ လူသိများခဲ့တဲ့ တိုက်စစ်မှူးတစ်ယောက်ဖြစ်ပါတယ်။ သူဟာ မန်ယူအသင်းအတွက် စံချိန်တင် ၂၅၀ မြောက်ဂိုးကို စတုတ်နဲ့ပွဲမှာ သွင်းယူပေးနိုင်ခဲ့ပြီးတော့ ရရှိခဲ့တဲ့ အားကစားကလောင်ရှင်များအသင်းရဲ့ အကောင်းဆုံးကစားသမားဆုဟာ သူ့အတွက် ပဉ္စမမြောက် ဆွတ်ခူးနိုင်ခဲ့တဲ့ဆုဖြစ်ပါတယ်။




# ကာလအတန်ကြာ ပိတ်ပင်ခံရဖွယ်ရှိတဲ့ အာစင်ဝင်းဂါး

အာဆင်နယ်နဲ့ ဘန်လေတို့ ကစားခဲ့တဲ့ပွဲမှာ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးဟာ ကွင်းအတွင်းမှ ထုတ်ပယ်ခံရပြီးနောက် ကာလအတန်ကြာအောင် ပိတ်ပင်မှုကို ဆက်လက်ရင်ဆိုင်ရမယ်လို့ ဆိုပါတယ်။ အဲဒီပွဲမှာ အာဆင်နယ်က ဘန်လေကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့ပေမယ့် ဝင်းဂါးကတော့ ဒိုင်လူကြီး ဂျွန်မော့ဆင်က ကွင်းအတွင်းမှ ထုတ်ပယ်တာကို ခံခဲ့ရပါတယ်။ အသက် ၆၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဝါရင့်နည်းပြဝင်းဂါးဟာ မျက်နှာမသာမယာနဲ့ ကွင်းအတွင်းက ထွက်ခွာခဲ့ရပါတယ်။ ကွင်းလယ်ဒိုင်လူကြီးက ပွဲပြီးဖို့ ရှစ်မိနစ်အလိုမှာ အာဆင်နယ်ကစားသမား ဂရင်းနစ်ရှန့်ဝါကို နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခဲ့ခြင်းနဲ့ ဘန်လေအတွက် ပယ်နယ်တီပေးခဲ့ခြင်းကို ဝင်းဂါးက စောဒကတက်ခဲ့တာကြောင့် ကွင်းလယ်ဒိုင်လူကြီးက ဝင်းဂါးကို ကွင်းအတွင်းမှ ထွက်နိုင်စေခဲ့တာဖြစ်ပါတယ်။ ပွဲအပြီးမှာ ဝင်းဂါးဟာ ဘောလုံးကွင်းအဝင်ပေါက်ကစောင့်ပြီး ဒိုင်လူကြီးကို နှစ်ကြိမ်တိုင် တွန်းတိုက်မှု ထပ်မံပြုလုပ်ခဲ့တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ဝင်းဂါးဟာ ဒိုင်လူကြီးတစ်ဦးဖြစ်တဲ့ အန်ထော်နီတေလာကိုလည်း မချေမငံပြောဆိုခဲ့တယ်လို့ ဆိုပါတယ်။

## ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနီယပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၄**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ရှိ ရေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်ကြီး၏ တပို့တွဲလ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို စေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ဖေဖော်ဝါရီ ၄ ရက်မှ ၁၂ ရက်အထိ ကိုးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနီယပွဲတော်တွင် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ နာရီ ၈၀ ကြာ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ရွှေသင်္ကန်းကပ်လှူပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ ထမနဲထိုးပွဲ၊ စတုဒိသာကျွေးမွေးလှူဒါန်းပွဲ၊ မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲ၊ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ ဇာတ်သဘင်နှင့် ပျော်ပွဲရွှင်ပွဲများ ပါဝင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားနိုင်ရန် စေတီတော်ဂေါပကအဖွဲ့က ဆပ်ကော်မတီများဖွဲ့ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့စွာ ကြည်ညိုဖူးမြော်နိုင်ရေးအတွက် ရွှေကြိုတဲများဆောက်လုပ်ပြီး တည်းခိုနိုင်ရေး စီစဉ်ထားသည့်အပြင် မြန်မာပြည်တစ်ဝန်းမှ ၁၂ ပွဲဈေးသည်များ လာရောက်ရောင်းချနိုင်ရေးအတွက် ဈေးဆိုင်ခန်းပေါင်း ၂၀၀၀ ကျော် ဆောက်လုပ်၍ စနစ်တကျ နေရာချထားပေးလျက်ရှိကြောင်း သိရသည်။ ထို့အပြင် ဘုရားဖူးလာ



အမျိုးသားများအား စေတီတော်အထက်ပစ္စယံသို့ စိစစ်ခွင့်ပြု၍ တက်ရောက်ဖူးမြော်နိုင်စေရန် စီစဉ်ထားပြီးဖြစ်ကြောင်း ဂေါပကအဖွဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**သန်းဝင်း(သန်လျင်)**

## လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်ရန် ဆွေးနွေး

**ကြံခင်း ဇန်နဝါရီ ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းကာ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်း လူထုဗဟိုပြုစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဒုတိယနှစ်စီမံကိန်းစက်ဝန်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းအရ ကျေးရွာအုပ်စု ၃၀၊ ကျေးရွာပေါင်း ၂၅၅ ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲခြင်းနှင့် အုပ်စုအဆင့် အစည်းအဝေးများကိုလည်း ပြုလုပ်လျက်ရှိရာ ဇန်နဝါရီ ၂၀ ရက်က ဆုံလဲအုပ်စု ပေါက်တိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စု စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီနှင့် ကျေးရွာခွဲပေါင်း ၁၉ ရွာမှ ကော်မတီဝင် ၁၀၀ ကျော် ပါဝင်၍ ကျေးရွာအုပ်စုအဆင့် အစည်းအဝေးကို ကျင်းပခဲ့ပြီး ဦးစားပေးဆောင်ရွက်ရန် လိုအပ်နေသည့် ကျေးရွာများနှင့် ဦးစားပေးဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းခွဲ ၁၅ ခုတို့ကို ရွေးချယ်ခဲ့ကြကြောင်း မြို့နယ်စီမံကိန်းတာဝန်ခံထံမှ သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

## ဗိုလ်ကြွန်ဘိခ်(ခေါ်)ဗိုလ်ဆွန်ပက် ပုံတူပန်းပုရုပ်တုကို တာရှန်းကျေးရွာတွင် ယာယီထားရှိ

**ဖလမ်း ဇန်နဝါရီ ၂၄**

နယ်ချဲ့ဗြိတိသျှတို့အား ဘိုးဘွားပိုင်နယ်မြေမှ တွန်းလှန်တိုက်ခိုက်ရာ၌ ချင်းလူမျိုးတို့၏ သမိုင်းတွင်သာမက မြန်မာ့သမိုင်းတွင်ပါ ထင်ရှားကျော်ကြားသည့် နယ်ချဲ့တော်လှန်ရေးခေါင်းဆောင် ချင်းအမျိုးသား ဗိုလ်ကြွန်ဘိခ်(ခေါ်) ဗိုလ်ဆွန်ပက်၏ ရုပ်တုကို ဗိုလ်ကြွန်ဘိခ်၏ ဇာတိမြေ ဖလမ်းမြို့တာရှန်းကျေးရွာသို့ သယ်ဆောင်လာရာ ဖလမ်းမြို့၌ တာရှန်းယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကများဖြင့် လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

အဆိုပါရုပ်တုကို မြန်မာနိုင်ငံ နယ်ပယ်အသီးသီးမှ ထင်ပေါ်ကျော်ကြားသော လူပုဂ္ဂိုလ်ကြီးများ၏ ပုံတူပန်းပုရုပ်တုများကို လက်ရာမြောက်စွာ ထုလုပ်လေ့ရှိသော ပန်းပုဆရာ ကျော်ကျော်မင်းက ထုလုပ်ပေးခြင်းဖြစ်သည်။ ပန်းပုရုပ်တုသည် အမြင့် ၂၈ လက်မ၊ ရင်ဘတ်အကျယ် ၁၆ ဒသမ ၅ လက်မနှင့် ၄ုက်တောင်မွှေး အရှည် ၂၄ လက်မရှိကြောင်း သိရသည်။

"ချင်း တိုင်းရင်းသားလူမျိုးတွေရဲ့ စိတ်ထဲမှာ ဗိုလ်ကြွန်ဘိခ်ဆိုတာ တွေ့မြင်နိုင်အောင်လို့ပါ။ ကျွန်တော်တို့ ကြားကြားနေတဲ့ ဗိုလ်ကြွန်ဘိခ်ဆိုတာ ဒါလားဆိုပြီး မြင်လို့ရအောင်ပါ။ အရင်တုန်းက ဗိုလ်ကြွန်ဘိခ်ပုံမဟုတ်တဲ့ ခတ်ပုံကို ပြက္ခဒိန်တွေထုတ်ကြတော့ လူအတော်များများက ဗိုလ်ကြွန်ဘိခ်မဟုတ်တဲ့ပုံကို ဗိုလ်ကြွန်ဘိခ်ဆိုပြီး အမြင်မှားလာကြတယ်။ အဲဒီအတွေးအမြင်တွေ ပြောင်းလဲနိုင်အောင်လို့ အခုလို ကိုယ်တစ်ပိုင်းပန်းပုရုပ်တုကို ထုလုပ်ရခြင်းဖြစ်တာပါ" ဟု ရုပ်တုဖြစ်မြောက်ရေး စီစဉ်သူ ချင်းသမိုင်းသုတေသီ ဆလိုင်းဇန်ကျုံးလျန်က ပြောသည်။



အဆိုပါရုပ်တုကို ဖလမ်းမြို့သို့ သယ်ဆောင်လာခဲ့ရာတွင် တာရှန်းရွာသားများနှင့် တာရှန်းယဉ်ကျေးမှုအဖွဲ့သားများက ဖလမ်းမြို့အဝင်မှ ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြပြီး ရုပ်တုကို လက်ခံ၍ ရိုးရာအကများဖြင့် ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ထို့နောက် ရုပ်တုအား ဗိုလ်ကြွန်ဘိခ်၏ မွေးရပ်ဇာတိဖြစ်သည့် တာရှန်းကျေးရွာသို့ ဆက်လက်သယ်ဆောင်ကြပြီး တာရှန်းရွာသားများက ထုံးတမ်းဓလေ့ သေနတ်ပစ်ဖောက်ခြင်းနှင့် ရိုးရာအကများဖြင့် ဖျော်ဖြေကြိုဆို လက်ခံယူကာ တာရှန်းကျေးရွာ၌ ယာယီထားရှိထားကြောင်း သိရသည်။

အဆိုပါရုပ်တုကို သူရဲကောင်း ဗိုလ်ကြွန်ဘိခ်၏ မွေးရပ်ဇာတိမြေ တာရှန်းကျေးရွာတွင် ယာယီထားရှိပြီး မကြာမီ ကျင်းပတော့မည့် ဖလမ်းမြို့ (၁၂၅) နှစ်ပြည့် ပွဲတော်နှင့် ချင်းအမျိုးသားနေ့ အခမ်းအနား ကျင်းပသည့်နေရာတွင် လူအများကြည့်ရှုနိုင်ရန် ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း၊ ရုပ်တုကို အမြဲထားရှိမည့် နေရာကိုမူ ဖလမ်းမြို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ ဆွေးနွေးညှိနှိုင်း၍ အတည်ပြုမည်ဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

## စစ်ပွဲရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**မန်တုံ ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ် မန်စပ်ကျေးရွာတွင် ရောက်ရှိခိုလှုံလျက်ရှိသော မန်အီကျေးရွာမှ စစ်ပွဲရှောင်ပြည်သူများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနက ကျန်းမာရေး ပြုစုစောင့်ရှောက်ပေးခြင်းကို ဇန်နဝါရီ ၂၀ ရက်နှင့် ၂၁ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာတွင် စစ်ဘေးရှောင် အိမ်ထောင်စု ၄၂ စုအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့ပေးသော တန်ဖိုးငွေကျပ် ၃၂ သိန်းကျော်တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများကို မန်တုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးနှင့် မန်တုံမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဒုတပ်ရင်းမှူး ဦးခင်ဇော်တို့က စစ်ဘေးရှောင်ပြည်သူများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် မန်တုံမြို့နယ် ပြည်သူ့ဆေးရုံမှ တွဲဖက်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ချစ်ဝင်းလေးနှင့် ကျန်းမာရေးဝန်ထမ်းများက စစ်ရှောင်ပြည်သူများနှင့် မန်စပ်ကျေးရွာမှ ဒေသခံ ရွာသူရွာသား ၂၂၃ ဦးအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများအဖွဲ့သည် ဇန်နဝါရီ ၂၁ ရက်တွင် နားကော်ကြီးကျေးရွာသို့ ဆက်လက်သွားရောက်ပြီး ကျန်းမာရေးချို့တဲ့သူ ပြည်သူ ၁၀၀ ခန့်အား ဆေးဝါးများ အခမဲ့ကုသပေးခဲ့ကာ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များကို မှတ်တမ်းများကောက်ယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထို့အပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## သတင်းတိုများ

### မူခင်းကျဆင်းရေးနှင့် လုပ်ငန်းခွင်တွင် အန္တရာယ်ကင်းရေးပညာပေးဟောပြော

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အမှတ်(၉) ဖအောင်ဝဲရပ်ကွက်ရှိ ခေါ်ပိန်စု အခြေခံပညာမူလတန်းလွန်ကျောင်း၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒိုက်ဦးမြို့မရဲစခန်းနှင့် အခြေခံဆိုင်ကယ်ကယ်ရီ သယ်ယူပို့ဆောင်ရေးလုပ်သမားအဖွဲ့အစည်းတို့ ပူးပေါင်း၍ မူခင်းကျဆင်းရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၂ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် ပဲခူးတိုင်းဒေသကြီး အလုပ်သမားအဖွဲ့အစည်း ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအကြောင်း အမှာစကားပြောကြားပြီး မြို့မရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူးအောင်နိုင်နှင့် ရဲအုပ်ကျော်သူအောင်က မူခင်းကျဆင်းရေးနှင့် ဒုရဲအုပ်တင်စိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း ဟောပြောခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

### အမြန်လမ်းတွင် ယာဉ်အရှိန်မထိန်းနိုင်၍ လမ်းဘေးကွန်ကရစ်တုံးများကို ဝင်တိုက်

မိတ္ထီလာမြို့နယ်အတွင်း ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၇၆/၂)နှင့် (၂၇၆/၃) အကြား၌ ကားတစ်စီးက လမ်းဘေးကွန်ကရစ်တုံးများကို တိုက်မိမှု ဇန်နဝါရီ ၂၂ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ မန္တလေးမှ နေပြည်တော်ဘက်သို့ ယာဉ်မောင်းကျော်မိုးဟိန်း မောင်းနှင်လာသော အိမ်စီး MARK-II ယာဉ်ငယ်မှာ နောက်ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ တံတားကာရံထားသော ကွန်ကရစ်တုံးများကို တိုက်မိခဲ့ခြင်းဖြစ်ကာ ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင်ပါသူ သုံးဦးတွင်(မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ပြီး ယာဉ်မောင်း ကျော်မိုးဟိန်းအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

## ယင်းနက်တိုင်းရင်းသားကျေးရွာ၌ စာဖတ်ရှိန်မြှင့်တင်ရေး ကွင်းဆင်းဆောင်ရွက်

**ပင်လုံ ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့နယ်ရှိ ယင်းနက်လူမျိုးများနေထိုင်ရာ ကျုံရုံးကျေးရွာမှ တိုင်းရင်းသားများ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အသိပညာများ တိုးပွားလာစေရန်ရည်ရွယ်၍ ကျေးရွာစာကြည့်တိုက်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးလှုပ်ရှားမှုများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ခွဲရုံးမှ



ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေနှင့် ဝန်ထမ်းများ ဇန်နဝါရီ ၂၂ ရက်က ကွင်းဆင်းပြုလုပ်ခဲ့သည်။

"ယင်းနက်လူမျိုးတွေက စာတတ်သူနည်းတယ်။ လူဦးရေ နှစ်ထောင်နီးပါးရှိတယ်။ ဘိုးဘွားစဉ်ဆက် နေလာကြတာ။ ကျောင်းသားရာကျော်မှာ အထက်တန်းကျောင်းသား ၂၀ နီးပါး ရှိတယ်။ လူကြီးတွေက လူငယ်တွေကို စာများများတတ်စေချင်တာ၊ လူငယ်တွေ စာများများဖတ်စေချင်တယ်။ ကျွန်တော်တို့လို မပင်ပန်းစေချင်ဘူး။ တိုးတက်စေချင်တယ်။ ပင်လုံမြို့နယ်မှာ ယင်းနက်တိုင်းရင်းသား ဒီတစ်ရွာပဲ ဘိုးစဉ်ဘောင်ဆက်နေလာတာပါ။ နိုင်ငံတော်က စာကြည့်တိုက်လေးလုပ်ပေးတာ ကျေးဇူးတင်တယ်"ဟု ကျေးရွာ ရပ်မိရပ်ဖ ဦးလွန်းဖျစ်က ပြောသည်။

ယင်းနက်တိုင်းရင်းသားများသည် ယခင်က ဘိန်းစိုက်ပျိုးခြင်းဖြင့် အသက်မွေးခဲ့ကြပြီး ယခုအခါ မူးယစ်ဆေးဝါး၏ဆိုးကျိုးကို ကျေးလက်သို့ဆင်း၍ အသိပညာပေးခြင်း၊ စာကြည့်တိုက်ဖွင့်လှစ်ပေးခြင်းတို့ဖြင့် အလင်းရောင်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဘိန်းစိုက်ပျိုးမှုကို စွန့်လွှတ်ခဲ့ကြပြီး ရာသီအလိုက်သီးနှံများ စိုက်ပျိုးခြင်းဖြင့် အသက်မွေးလျက်ရှိသည်။

ထို့အပြင် ပညာ၏တန်ဖိုးကို သိရှိလာကြပြီး ကျေးရွာနေလူငယ်များ ပညာတတ်မှသာ ကျေးရွာဖွံ့ဖြိုးတိုးတက်လာမည်ကို သိရှိလာကြသည့်အတွက် ကျေးလက်နေတိုင်းရင်းသားများ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အသိပညာ ဗဟုသုတများ တိုးပွားလာစေရန် အနာဂတ်အတွက် အမြင်ကျယ်လာသော ရွာခံလူကြီးများနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၁၆၄)**

# ဝမ်းချုပ်သူအတွက် တုတ်ကောက်တစ်ချောင်း

ကြည်လွင်မြင့်(မုဒြာ)

မြတ်ဆရာပူဇော်ပွဲတစ်ခုတွင် အသက် ၇၅ နှစ်ဝန်းကျင်ရှိ ဆရာကြီးနှစ်ဦး ဆုံမိကြသည်။ တစ်ဦးက ပိန်ပိန်ပါးပါး ကျန်းမာရေးကောင်းသည်။ ကျန်တစ်ဦးက ဝဝဖိုင့်ဖိုင့် ကျန်းမာရေးသိပ်မကောင်း။ သူတို့နှစ်ဦး တပည့်များ၏ အကန်တော့ခံကြပြီးနောက် စပ်မိစပ်ရာ စကားပြောဖြစ်ကြသည်။

**ဆရာကြီး(ပိန်)။** ။ခင်ဗျားကို မတွေ့တာ ကြာပြီဗျာ။ အခု ပြန်တွေ့တော့ ရုတ်တရက် မှတ်တောင်မမှတ်မိဘူး။ ခင်ဗျား ဒီကျောင်းရောက်ခါစရက်တွေကိုကျွန်တော် မှတ်မိသေးတယ်။ ကျွန်တော်က ခင်ဗျားအရင် တစ်နှစ်ကတည်းက ဒီကျောင်းရောက်နေတာလေ။ အဲဒီတုန်းက ပိန်ပိန်၊ အသားဖြူဖြူ။ သွက်သွက်လက်လက်နဲ့ ရန်ကုန်မြို့ကနေ နယ်မြို့လေးကို ပထမဆုံးတာဝန်ကျလို့ ရောက်လာတာ။ ခင်ဗျားမိဘများက ကားလေးနဲ့ လိုက်ပို့ကြတာ။ နယ်မှာ အစားအသောက်ဆင်းရဲမှာစိုးလို့ ယူလာလိုက်တဲ့ စားစရာနဲ့ အသုံးအဆောင်တွေလည်း မနည်းဘူးနော် ။ ကျုပ်တို့က မြို့မ အဆင့်ရှိတဲ့ အထက ကျောင်းခွဲလေး။ ဒီမှာ ခင်ဗျား နှစ်နှစ်ကြာ တာဝန်ထမ်းသွားခဲ့တာ မှတ်မိနေတယ်ဗျာ။

**ဆရာကြီး(ဝ)။** ။အေးဗျာ ကျွန်တော်ကတော့ ခင်ဗျားကို မြင်မြင်ချင်း မှတ်မိပါတယ်။ ငယ်ငယ်တုန်းကအတိုင်း ပိန်ပိန်ရှည်ရှည်၊ သွက်သွက်လက်လက်ရှိနေတဲ့အတွက် မပြောင်းမလဲ ကျောင်းတုန်းကအတိုင်းပါလားလို့ ထင်မိတယ်ဗျာ။ ခင်ဗျားက အခုလည်း ဒီမြို့မှာပဲလား။ ကျွန်တော်ကတော့ ဒီမြို့မှာ နှစ်နှစ်တာဝန်ထမ်းပြီး ရန်ကုန်ပြန်ရောက်၊ နောက်ထပ် တစ်နှစ်လောက်ကြာတော့ ကျောင်းဆရာအလုပ်က ထွက်လိုက်တယ်ဗျာ။ တကယ်တော့ ထွက်ရမယ့်အကြောင်းကလည်း ပေါ်လာတာ။ ဖခင်ကြီးက ရုတ်တရက်လေဖြတ်သွားတော့ အလုပ်ကိုဦးစီးဖို့က ကျုပ်က သားအကြီးဆိုတော့ တာဝန်ယူဖို့ ဖြစ်လာတာပေါ့ဗျာ။ တကယ်တော့ ပညာရေးတက္ကသိုလ်ကို အမှတ်မီလို့သာ တက်ခဲ့ပေမယ့် ကျုပ်က နဂိုကတည်းက ကျောင်းဆရာအလုပ်ကို သိပ်စိတ်ပါတာမဟုတ်ဘူးလေ။ ကျုပ်တို့မျိုးရိုးကလည်း ဆန်ကုန်သည်မျိုးရိုး၊ ပွဲရုံလုပ်ငန်းကိုပဲ နားလည်တယ်ဆိုပါတော့ဗျာ။ စီးပွားရေးလောကထဲ ရောက်သွားတော့လည်း ကျောင်းဆရာလခဆိုတာ ဘာမှမဟုတ်ပါလားလို့ ကျုပ်အစကထင်မိတယ်။ သေစာရှင်စာ လောက်ရတဲ့လခနဲ့ တုံးလုံးစာတောင်မရှိတဲ့ လစာငွေလေးနဲ့ လုပ်နေကြတာ မိုက်လို့ပဲ။ ငါစောစောထွက်မိတာ မှန်တယ်လို့ ထင်မိသေးတယ်။

**ဆရာ(ပိန်)။** ။အခုရောဗျာ အဲဒီအတွေးက။

**ဆရာ(ဝ)။** ။အခုတော့ ဒီဆရာကန်တော့ပွဲမှာ ပြန်ဆုံရတဲ့ ဆရာတို့တွေကိုကြည့်ပြီး ဒီအတွေးဟာ လုံးဝမှားတယ်ဆိုတာ သိလာရတယ်။ လူ့ဘဝရဲ့အဓိပ္ပာယ်နဲ့ ချမ်းသာခြင်းအစစ်အမှန်ကိုလည်း သိလာရတယ်ဗျာ။

**ဆရာ(ပိန်)။** ။ဆရာရေ ကျွန်တော်တို့ကတော့ ဒီမြို့လေးက မိဘဇာတိဆိုတော့ အခြားမြို့လည်း မပြောင်းတော့ဘူး။ အထက်တန်းဆရာဘဝနဲ့ပဲ ပင်စင်ယူ။ သားသမီး တွေအားလုံးကလည်း ဝန်ထမ်းတွေဖြစ်ပြီး တခြားမြို့တွေနယ်တွေရောက်နေကြပြီ။ မြို့ထဲက ဈေးနဲ့နီးတဲ့ မိဘအိမ်ကို ရောင်းချပြီး မြို့သစ်မှာ ခြံကျယ်ကျယ်လေးဝယ် သီးနှံပင်လေး ဘာလေးစိုက်ပျိုးပြီး ပင်စင်စားဘဝကို အေးအေးဆေးဆေးအချိန်ကုန်ဖို့ စဉ်းစားထားပါတယ်။ လောဘလည်း မရှိပါဘူး။ ကျန်းမာဖို့အတွက် မနက်တစ်ခါ၊ ညနေတစ်ခါ လမ်းလျှောက်ထွက်တယ်။ ဒါနဲ့ပဲ ကျန်းမာနေတယ်ထင်တာပါပဲဗျာ။ ကံကောင်းချင်တော့ ထူးထူးခြားခြား ရောဂါကြီးကြီးမားမားလည်း ဒီနေ့အထိတော့ မရှိသေးပါဘူးဗျာ။



**ဆရာ(ဝ)။** ။အဲဒါပြောတာပေ့ါဆရာ။ ဒီနယ်မြို့လေးမှာ ကျန်းမာနေကြတဲ့ ဆရာတို့ကို တွေ့လိုက်ရတဲ့အခါ ချမ်းသာခြင်းအတွက်ပဲ ဘဝတစ်လျှောက်လုပ်ခဲ့မိတဲ့ ကျွန်တော့်ရဲ့အတွေးအခေါ်တွေဟာ ပြောင်းသွားတယ်ဆိုတာကိုပေါ့။ အခု ကျွန်တော့်မှာက အဝလွန်ပြီး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်းရောဂါတွေ ရှိတဲ့အပြင် မနှစ်ကစပြီး ဆီးချိုရောဂါပါဝင်လာလို့ ထမင်းကိုတောင် အတိုင်းအတာနဲ့ စားနေရတဲ့ဘဝ ရောက်နေပြီ။ နေ့စဉ် ကျွန်တော်သောက်နေရတဲ့ ဆေးတွေကလည်း ၁၀ မျိုးလောက်ရှိတယ်။ နေ့စဉ် နှစ်ကြိမ် သွေးပေါင်ချိန်၊ ဆီးချိုတိုင်း၊ ဆရာဝန်ကလည်း နှစ်ပတ် တစ်ကြိမ်ပြ စစ်ဆေးနေရသဗျ။ ဆရာတို့ ကျန်းမာနေတဲ့သူတွေ တွေ့ရတော့ အားရသဗျား။ အခုအချိန်မှာ ဆရာတို့ဘဝမျိုး ရမယ်ဆိုရင် ကျုပ်ရဲ့စည်းစိမ်အကုန်နဲ့တောင် လဲလိုက်ချင်ပါတယ်ဗျာ။

**ဆရာ(ပိန်)။** ။ဆရာရေ ဆရာက အဲသည်လိုပြောတော့လည်း စိတ်မကောင်းဖြစ်မိသဗျ။ အဓိကကတော့ကျုပ်တို့နယ်မြို့လေးတွေမှာက ဆရာတို့ ရန်ကုန်မြို့ကြီးထက် လေကောင်းလေသန့် ရှူရသဗျာ။ ကားစီးသွားစရာ နေရာကလည်း မရှိတော့ နေ့စဉ် နိစ္စဓူဝ ကိစ္စကြီးငယ်ရှိရင် လမ်းလျှောက်ပြီးသွားရသဗျ။ လမ်းလျှောက်ခြင်းအကျိုးက ကျန်းမာရေးကို ကောင်းစေတယ်လို့ စာထဲမှာဖတ်ဖူးတယ်။ နောက်ထပ်အကျိုးကတော့ ဝမ်းမှန်စေတာပဲဗျ။ ဝမ်းတစ်လုံးကောင်း ခေါင်းတစ်လုံးမခဲ ဆိုတာလိုထင်ပါ့။ ကျွန်တော့်မှာ ခေါင်းကိုက်ရောဂါဆိုတာ ဒီနေ့အထိ မရှိသေးဘူးဆရာရေ။

**ဆရာ(ဝ)။** ။ဆရာပြောတာ အမှန်ပါဆရာ။ ကျွန်တော် ရောဂါတွေမဖြစ်ခင်က မူလအစကပွဲရုံမှာ အလုပ်များအထိုင်များပြီး ဝမ်းချုပ်ရာက စခဲ့တာပဲ။ ဝမ်းချုပ်တာမှ တော်ရုံဝမ်းနုတ်ဆေးနဲ့ကို မတိုးတော့ဘူး။ သူများတွေ ငါးလုံးစားရင် ဝမ်းနှစ်ကြိမ် သုံးကြိမ်သွားတဲ့ ဝမ်းနုတ်ဆေးကို ကျုပ် ကိုးလုံးဆယ်လုံးစားမှ တစ်ကြိမ်ပဲ သွားတယ်။ နေ့စာက အချိန်မမှန်။ ညစာတွေ ဧည့်ခံပွဲတွေမှာ အသောက်အစားကလည်း နည်းနည်းရှိ။ အဆီအအိမ့်တွေ အစားများ၊ အရသာရှိတာတွေ အစားများနဲ့။ နောက်ဆုံးတော့ လူကလည်း အခုပုံအတိုင်း ဝလာတော့တာပါပဲ။

**ဆရာ(ပိန်)။** ။ဆရာပြောတော့မှ ဆရာကြီးရွှေဥဒေါင်းရေးတဲ့ ဝမ်းချုပ်ခြင်းသည် ရောဂါတို့၏ မူလအစဖြစ်လေသလောဆိုတဲ့ ဆောင်းပါးစာကို ကျွန်တော်သွားသတိရမိတယ်ဗျာ။ ဝမ်းမချုပ်အောင် ဘာမှမလုပ်နဲ့။ မနက်တစ်ခါ ညနေတစ်ခါ လမ်းလျှောက်ကြည့်ပါလားဆရာ။ လျှောက်နိုင်သမျှ လျှောက်ပေါ့။

**ဆရာ(ဝ)။** ။ လမ်းလျှောက်ဖို့ ကြိုးစားကြည့်ဖူးတယ် ဆရာရေ။ ကျွန်တော့်ဒူးတွေက မခိုင်တော့ဘူး။ အထူးသဖြင့် ဘော်ဒီဝိတ်ကို မသယ်နိုင်တော့ဘူး။ ဒူးနာတာနဲ့ ကျွန်တော် လမ်းမလျှောက်နိုင်တာကြာပြီ။

**ဆရာ(ပိန်)။** ။ဆရာ ဒီအတိုင်း မလျှောက်နိုင်ဘူးဆိုလို့တော့ ထိုင်နေလို့တော့မဖြစ်ဘူး။ ဆရာကြိုးစားပြီး လျှောက်ကြည့်ပါ။ ဒူးနာရောဂါဆိုတာ ပိန်တာ၊ ဝတာချည်းတော့ မဆိုင်ဘူး ဆရာကြီး။ အသက်အရွယ်တစ်ခုရောက်လာရင် ဒူးနာလာတာပဲ။ ကျီးပေါင်းရောဂါလို့ ခေါ်တာပေါ့ဗျာ။ သစ်ပင်များရင့်လာရင် အပွေးတွေတက်လာသလိုပေါ့။ ဒူးဆစ်နဲ့ ဂုံညင်းတစ်ဝိုက်မှာ ကျီးပေါင်းတွေတက်လာပြီး ပွတ်တိုက်မိတော့ နာတဲ့သဘောပါ။ နာတာကို ပေပြီးလျှောက်မှ ကျီးပေါင်းက သက်သာနိုင်တယ်။

**ဆရာ(ဝ)။** ။ ဆရာတို့ ပိန်တဲ့လူလည်း ဒူးနာတာပဲလား။ ဒါကြောင့် ဆရာ့လက်ထဲမှာ တုတ်ကောက်ကိုင်ထားတာကို။

**ဆရာ(ပိန်)။** ။ဆရာရေ တုတ်ကောက်က အမှန်တော့ မလိုတော့ပါဘူး။ အကျင့်ပါနေလို့ ကိုင်ထားတာပါ။ နောက်တစ်ခုက လမ်းမှာ ခွေးလေခွေးလွင့်များ တွေ့ရင်လည်း မောင်းလို့ရသဗျ။ ဒါပေမယ့် လွန်ခဲ့တဲ့ နှစ်နှစ်ကဆိုရင်တော့ ဒီတုတ်ကောက်က လိုသဗျ။

**ဆရာ(ဝ)။** ။ လွန်ခဲ့တဲ့ နှစ်နှစ်က ဘာများဖြစ်လို့ပါလဲဆရာ။

**ဆရာ(ပိန်)။** ။ ဒီလိုဆရာရေ။ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်က ကျုပ်က အငြိမ်မနေတတ်တော့ ခြံထဲက ပန်းအိုးနဲ့သီးပင်စားပင်လေးတွေကို ရေလောင်း၊ နေရာရွှေ့လုပ်ရင်း နံဘေးက ရေသွယ်မြောင်းထဲ ခြေချော်ကျသဗျ။ ဒူးတစ်ဖက်နာသွားတာ ဆေးခန်းပြ၊ ဆေးစည်းနဲ့ တစ်လလောက် လမ်းမလျှောက်နိုင်ဘူး။ နာတဲ့ဒူးတစ်ဖက်ကို ညှာပြီးလျှောက်ရင်းနဲ့ ကျန်တဲ့ဒူးတစ်ဖက်ကပါ လိုက်နာလာသဗျ။ အဲဒါနဲ့ နေ့စဉ်လမ်းလျှောက်တဲ့ အလုပ် ပျက်သွားခဲ့တယ်။ ခင်ဗျား ပြောသလိုပဲ လမ်းမလျှောက်နိုင်တာနဲ့ ပထမဆုံး ဝင်လာတဲ့ရောဂါက ဝမ်းချုပ်တာပဲဗျို့။ ဝမ်းချုပ်ရာကစပြီး လူက နေမကောင်း၊ ထိုင်းမှိုင်း၊ အစားအသောက်မဝင် ဆက်တိုက်ဖြစ်လာတော့တာပဲ။

**ဆရာ(ဝ)။** ။ နောက်တော့ ဘယ်လို ပြန်ကောင်းလာသလဲ။

**ဆရာ(ပိန်)။** ။ အခု ကျွန်တော့်လက်ထဲမှာကိုင်လာတဲ့ တုတ်ကောက်ပေါ့ဆရာ။ ဟုတ်တယ်။ ဒီတုတ်ကောက်အားကိုးနဲ့ ကျွန်တော့်ဒူးနာ ပြန်ကောင်းလာတာဆရာရေ။

**ဆရာ(ဝ)။** ။ ဟုတ်လား၊ ဆေးစွမ်းတဲ့ တုတ်ကောက်ပဲ။ ဆရာ့တုတ်ကောက် ကျွန်တော့်ကို ခဏငှားပေးပါလား။

**ဆရာ(ပိန်)။** ။ မငှားပါဘူးဗျာ၊ အပြီးအပိုင်ပေးလိုက်ချင်တာပါ။ ဆရာယူသွားပါ။ ကျွန်တော်က အခု မလိုအပ်တော့ဘူးလေ။

**ဆရာ(ဝ)။** ။ ဆရာရေ စာတွေဖတ်တော့ လွန်ခဲ့တဲ့နှစ်က ကွယ်လွန်သွားတဲ့ ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်တွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်တဲ့ Apple ကွန်ပျူတာကုမ္ပဏီကြီးရဲ့ CEO စတိ(ဗ်)ဂျော့ မသေခင်ပြောခဲ့တဲ့ သံဝေဂစကားကို သွားသတိရမိတယ်။ သူဟာ ကင်ဆာရောဂါဝေဒနာကိုခံစားနေရင်း ဆေးရုံပေါ်မှာ အထူးကြပ်မတ်ကုသတဲ့ အခန်းထဲမှာ ရေးခဲ့တဲ့အမှာစကားပါ။

ဘယ်လောက်ပင်ချမ်းသာပေမယ့် အခုအချိန်မှာ သူ့အသက်ဆက်ဖို့ တပ်ထားရတဲ့ စက်ကိရိယာတွေက လင်းနေတဲ့ အစိမ်းရောင်မီးပွင့်လေးတွေနဲ့ တီတီနဲ့မြည်နေတဲ့ နှလုံးခုန်စက်ရဲ့ အချက်ပေးသံကလွဲလို့ သူ့ပတ်ဝန်းကျင်မှာ ဘယ်သူမှ ရှိမနေတော့တဲ့အခါမှာ တွေးမိတာက...လူတွေက ကောင်းနေတဲ့ အချိန်မှာ မဖတ်ခဲ့တဲ့ စာအုပ်တစ်အုပ်ရှိတယ်။ အဲဒါက ကျန်းမာရေးဆိုတဲ့ စာအုပ်ပဲတဲ့။ အမှန်တော့ အဆင့်အတန်းတစ်ခုရောက်အောင် စီးပွားရှာခဲ့ပြီးပြီဆိုရင် ကျန်တဲ့အချိန်မှာ ကျန်းမာရေးကိုဂရုစိုက်ပြီး နေ့စဉ်ကျန်းမာအောင် နေထိုင်စားသောက်ဖို့ကိုပဲ ဂရုပြုသင့်တယ်လို့ သူကဆိုလိုပါတယ်။ စတိ(ဗ်)ဂျော့ဟာ ကင်ဆာရောဂါနဲ့ ကွယ်လွန်သွားတော့ အသက်က ၅၆ နှစ်ပဲ ရှိသေးတယ်။ နှမြောစရာအလွန်ကောင်းတဲ့ ပညာရှင်သူဌေးကြီးပါ။

**ဆရာ(ပိန်)။** ။ ဆရာကြီးလည်း စိတ်မလျှော့ပါနဲ့။ ကျန်းမာရေးလိုက်စားတယ်ဆိုတာ အခါနှောင်းတယ်လို့မရှိပါဘူး။ အို၊ နာ၊ သေ ဆိုတဲ့သုံးမျိုးမှာ (အို) နဲ့ (သေ) ကို ဘယ်သူမှ ရှောင်လွှဲလို့မရဘူး။ အဲ (နာ)တာကတော့ ကျန်းမာရေးလိုက်စားတဲ့သူတွေက ထိုက်သင့်သလောက် ရှောင်လွှဲလို့ရနိုင်ပါတယ်။ ဆရာကြီး အခု လမ်းမလျှောက်နိုင်ဘူးမဟုတ်လား။ ရောဂါကြီးတွေကို ဘေးဖယ်ထား၊ ဝမ်းချုပ်တဲ့ရောဂါကိုတော့ ကျွန်တော့်တုတ်ကောက်လေးက ကူညီနိုင်ပါလိမ့်မယ်။ ကျွန်တော်က ကျန်းမာရေးလက်ဆောင်အနေနဲ့ ဒီတုတ်ကောက်လေးကို လက်ဆောင်ပေးလိုက်ချင်ပါတယ်၊ ယူသွားစမ်းပါဗျာ။

**ဆရာ(ဝ)။** ။ ကျေးဇူးကြီးလှပါတယ် ဆရာရယ်၊ ကျွန်တော် ဒီတုတ်ကောက်လေးအားပြုပြီး လမ်းလျှောက်ပြန်ကျင့်ပါမယ်။

## စလင်းမြို့၌ ဆိုင်ကယ်မောင်းလိုင်စင်များ နေ့ချင်းပြီး ကွင်းဆင်းပြုလုပ်ပေး

**စလင်း ဇန်နဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းမှ ပြည်သူများအတွက် ဆိုင်ကယ်မောင်းလိုင်စင်များကို မင်းဘူးခရိုင် ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဇန်နဝါရီ ၂၂ ရက်က ကွင်းဆင်းလာရောက်၍ နေ့ချင်းပြီး စိစစ်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ဆိုင်ကယ်မောင်းလိုင်စင် လာရောက်ပြုလုပ်သူများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ မင်းဘူးခရိုင် ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှူး ဦးသန်းနိုင်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောခဲ့ကာ ဆက်လက်၍ ဆိုင်ကယ်မောင်းလိုင်စင် လျှောက်ထားသူများ သတ်မှတ်ယာဉ်စစ်ကွင်းတွင် လက်တွေ့ဆိုင်ကယ်မောင်းနှင်စီးနင်းမှုကို စစ်ဆေးပြီး အောင်မြင်သူများအား လိုင်စင်များ ပြုလုပ်ပေးခဲ့ရာ စုစုပေါင်း ဒေသခံပြည်သူ ၄၅၆ ဦးအား လိုင်စင်များ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**



လိုင်စင်လျှောက်ထားသူတစ်ဦးအား ဆိုင်ကယ်မောင်းနှင်မှု လက်တွေ့စစ်ဆေးနေစဉ်

## မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ချောင်းကူးသစ်သားတံတားဖွင့်ပွဲကျင်းပ

**ပင်လည်ဘူး ဇန်နဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ကဒူးဒေသ မော်လင်ကျေးရွာ၌ လူထုဗဟိုပြု စီမံကိန်းမှ ထောက်ပံ့ငွေဖြင့် ဆောက်လုပ်ခဲ့သော အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လှူတော်ရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့သော ကျေးရွာချောင်းကူး မောင်းကော်တံတား ဖွင့်ပွဲကို ဇန်နဝါရီ ၂၂ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ကို လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ငွေ ကျပ် ၂၁၅ သိန်းနှင့် ပြည်သူများထည့်ဝင်ငွေ ကျပ် ၉၄ သိန်းဖြင့် စုပေါင်းဆောက်လုပ်ပြီး သွပ်မိုး၊ အုတ်ကာ၊ နှစ်ထပ်ကျောင်းဆောင်ဖြစ်သည်။ ကျောင်းဆောင်အဆောက်အအုံသစ်ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဖြိုးသူမောင်၊ မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းလွင်ဦးနှင့် မော်လင်ကျေးရွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝေဝေလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ကျေးရွာချောင်းကူး မောင်းကော်သစ်သားတံတားကို လှူတော်ရန်ပုံငွေ ကျပ် ၁၅ သိန်းနှင့် ပြည်သူများ စုပေါင်းထည့်ဝင်ငွေ ကျပ် ၂၅ သိန်းဖြင့် ဆောက်လုပ်ခြင်းဖြစ်ကာ တံတားမှာ အရှည် ၉၆ ပေ၊ အကျယ် ၆ ပေရှိကြောင်း သိရသည်။ မောင်းကော်သစ်သားတံတားကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

**မျိုးလွင်(ပြန်/ဆက်)**

# ဒေသသုံး တိုင်းရင်းသားဘာသာ စကားပြောသင်တန်းဖွင့်

**လွိုင်လင် ဇန်နဝါရီ ၂၄**
ရှမ်းပြည်နယ်တွင် တိုင်းရင်းသားမျိုးနွယ်စု များစွာရှိပြီး တိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ ဒေသသုံး ဘာသာစကားများဖြင့် အများဆုံးပြောဆိုကြရာ ဒေသတွင်းရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသသုံးတိုင်းရင်းသား ဘာသာစကားကို တတ်ကျွမ်းပါက ပိုမိုအဆင်ပြေစွာ လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ ရှမ်းဘာသာစကားပြောသင်တန်းကို ဇန်နဝါရီ ၂၃ ရက်က လွိုင်လင်မြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး သင်တန်းခန်းမ၌ ဖွင့်လှစ်ခဲ့သည်။



သင်တန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လွိုင်လင်မြို့နယ် ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီတို့ ပူးပေါင်းဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ သင်တန်းဖွင့်ပွဲတွင် လွိုင်လင်မြို့ သာသနာ့ဝေပုလ္လ ဓာတ်တော်ကျောင်း ဦးစီးပဓာန နာယကဆရာတော် နိုင်ငံတော်သံဃနာယက ဒုတိယဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တပညာနန္ဒကဩဝါဒ မိန့်ကြားပြီး လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က အမှာစကားပြောကြားကာ သင်တန်းကို ဆက်လက်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ဒေသသုံး ရှမ်းတိုင်းရင်းသားဘာသာစကားပြောသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၈၄ ဦး တက်ရောက်ကြကာ သင်တန်းကို ဖေဖော်ဝါရီ ၃ ရက်အထိ နေ့စဉ် ညနေ ၃ နာရီမှ ၄ နာရီခွဲအထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။
**မိုးလွင်ဦး(လွိုင်လင်)**

# ကျေးရွာချင်းဆက်လမ်းပေါ်တွင် ချောင်းကူးကွန်ကရစ်တံတား တည်ဆောက်

**ရွှေဘို ဇန်နဝါရီ ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်း နှမစားရစ်-လိပ်ချင်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ယိုယွင်းနေသော ချောင်းကူးသစ်သားတံတားနေရာတွင် ကွန်ကရစ်တံတားသစ်ကို ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၅၂ သန်းဖြင့် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ကွန်ကရစ်တံတားသစ်ကို လက်ရှိ သစ်သားတံတားဟောင်းဘေးတွင် တည်ဆောက်နေခြင်းဖြစ်ပြီး တံတားသစ်သည် အရှည်ပေ ၇၀၊ အကျယ် ၁၂ ပေရှိမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိအသုံးပြုနေသော သစ်သားတံတားဟောင်းမှာ သက်တမ်းကြာမြင့်နေပြီဖြစ်သည့်အတွက် ဒေသထွက်ကုန်စည်များ သယ်ယူသွားလာရာတွင် အန္တရာယ်ရှိနေပြီဖြစ်ကြောင်းနှင့် ယခု တံတားအသစ်ကို ဆောက်လုပ်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ကွန်ကရစ်တံတားသစ် တည်ဆောက်နေမှုကို ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်သန်းနှင့် မြို့နယ်ဦးစီးအရာရှိ(နည်းပညာ) ဒေါ်မာမာသက်တို့က ဇန်နဝါရီ ၂၃ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းအရည်အသွေး ကောင်းမွန်စွာနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရန် မှာကြားခဲ့ကြောင်း သိရသည်။
**ခင်ဦးစိုးဝေ**



# လိုင်စင်မဲ့ယာဉ်နှစ်စီးအပါအဝင် တရားမဝင်ကုန်ပစ္စည်းများ ရေပူစစ်ဆေးရေးစခန်းက ဖမ်းဆီးရမိ

**လားရှိုး ဇန်နဝါရီ ၂၄**
ငါးနှစ်ကြာ ပိတ်ထားခဲ့ပြီးနောက် ပြန်လည်ဖွင့်လှစ်ခဲ့သော သိန်းနီ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းသို့ ဖြတ်သန်းဝင်ရောက်လာသော မော်တော်ယာဉ်များကို တာဝန်ကျအဖွဲ့စုံက ပူးပေါင်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိရာ ဇန်နဝါရီ ၂၂ ရက်က လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း တာဝန်ကျယာဉ်ထိန်းရဲတပ်ဖွဲ့ထံမှ သိရသည်။

ထို့အတူ မူဆယ်မြို့မှ လားရှိုးမြို့ဘက်သို့လာသော ကုန်တင်ကွန်တိန်နာယာဉ်များပေါ်မှ တရားမဝင်သယ်ဆောင်လာသော ပန်းသီးနှင့် သစ်သီးများ၊ တရားမဝင်သယ်ဆောင်လာသော ဝက်ဆီဖတ်များနှင့် ခရီးသည်ပို့ဆောင်ရေး ယာဉ်ငယ်တစ်စီးပေါ်မှ တရားမဝင်သယ်ဆောင်လာသော ကုန်ပစ္စည်းမျိုးစုံကိုလည်းကောင်း၊ လူသုံးကုန်ပစ္စည်းမျိုးစုံကိုလည်းကောင်း စစ်ဆေးတွေ့ရှိရသဖြင့် တရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင်လာသော မော်တော်ယာဉ်ကိုးစီးနှင့်အတူ သိမ်းဆည်းရမိသော ကုန်ပစ္စည်းများကို လားရှိုးမြို့ရှိအကောက်ခွန်ဦးစီးဌာနသို့ ပို့အပ်သိမ်းဆည်းထားကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။



သိန်းနီ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းကို ဖြတ်သန်းမည့်မော်တော်ယာဉ်များ

သိန်းနီ ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလအတွင်းမှစ၍ တရားဝင် ပိတ်သိမ်းထားခဲ့ပြီးနောက် ငါးနှစ်အကြာ ၂၀၁၇ ဇန်နဝါရီ ၁၆ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ တရားမဝင်ကုန်စည်ဝင်ထွက်မှု ထိန်းချုပ်နိုင်ရေးနှင့် ကန့်သတ်တားမြစ်ကုန်ပစ္စည်းများ၊ လက်နက်ခဲယမ်းနှင့် မူးယစ်ဆေးဝါးများ နိုင်ငံအတွင်း ဝင်ရောက်လာမှု မရှိစေရေး၊ သစ်တောနှင့် သယံဇာတများ၊ ကျွဲ၊ နွားများ ပြည်ပသို့ တရားမဝင်တင်ပို့နေမှုများကို တားဆီးထိန်းချုပ်နိုင်ရေးအတွက် ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သိန်းနီ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းကို ၁၉၉၇ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနသို့ တရားဝင်လွှဲပြောင်းလုပ်ဆောင်ခဲ့ကာ ယခု ပြန်လည်ဖွင့်လှစ်ရာတွင် အကောက်ခွန်ဦးစီးဌာနက တာဝန်ယူပြီး ရဲတပ်ဖွဲ့၊ သစ်တော၊ လဝက၊ နယ်စပ်ကုန်သွယ်ရေး စသည့်အဖွဲ့ပေါင်း ၁၁ ဖွဲ့က ဝန်ထမ်းအင်အား ၈၂ ဦးဖြင့် နေ့စဉ် တာဝန်ယူစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။
**မမ(လားရှိုး)**

# မြစ်သာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားပေးစက်များ စတင်လည်ပတ်မောင်းနှင်

**နေပြည်တော် ဇန်နဝါရီ ၂၄**
နိုင်ငံတော်တွင် နှစ်စဉ်မြင့်တက်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ကွပ်ကဲမှုအောက်ရှိ မြစ်သာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားပေးစက်နှစ်လုံးအား ဇန်နဝါရီ ၉ ရက်တွင် ဝန်အား ၂၀ မဂ္ဂါဝပ်စီဖြင့် စတင်လည်ပတ်မောင်းနှင်ကာ စုစုပေါင်း ၄၀ မဂ္ဂါဝပ်ကို နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ လျှပ်စစ်ဓာတ်အား အောင်မြင်စွာ ပို့လွှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။
**(သတင်းစဉ်)**

## မှုခင်းသတင်းတိုများ

### တရားမဝင်ရွှေတူးဖော်နေသူအား ဆက်စပ်ပစ္စည်းများနှင့်အတူဖမ်းမိ

ကချင်ပြည်နယ် ရွှေကူမြို့နယ် စီသောင်ကျေးရွာအုပ်စုနှင့် စီမော်ကျေးရွာအုပ်စုအတွင်းရှိ စက္ကလာချောင်းဘေး၌ တရားမဝင် ရွှေတူးဖော်လုပ်ကိုင်နေသူတစ်ဦးအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဇန်နဝါရီ ၂၀ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ညွှန်ကြားချက်အရ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ မြို့နယ်အင်ဂျင်နီယာ ဦးအောင်မြင့်မြတ်၊ ရွှေကူမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဟိန်းဝေဇင်လတ်နှင့် တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က စက္ကလာချောင်းဘေး၌ သွားရောက်ရှာဖွေစဉ် မန်စီမြို့နေ မင်းအောင်(၃၇ နှစ်)အား ရွှေတူးဖော်ရာတွင် အသုံးပြုသည့် တရုတ်နိုင်ငံလုပ် ၂၅ ကောင်အင်ဂျင်တစ်လုံးအပါအဝင် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းမိခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပစ္စည်းများ၏ ပိုင်ရှင်ဖြစ်သူမှာ မိုးကင့်ကျေးရွာနေ ဒေါ်ပြား(၃၂ နှစ်) ဖြစ်ကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရသဖြင့် မင်းအောင်နှင့် ဒေါ်ပြားတို့အား ရွှေကူမြို့မရဲစခန်း၌ အမှုဖွင့်ထားပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

### အမြန်လမ်းပေါ်၌ လိုက်ထရပ်တစ်စီး ဘီးပေါက်ပြီး တိမ်းမှောက်

ဒိုက်ဦးမြို့နယ်အတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ် မိုင်တိုင်အမှတ် (၆၈/၆) နှင့် (၆၈/၇) အကြား၌ လိုက်ထရပ်ယာဉ်တစ်စီး ဘီးပေါက်ရာမှ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှု ဇန်နဝါရီ ၂၂ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဇော်ဝမ်း မောင်းနှင်လာသော လိုက်ထရပ်ယာဉ်သည် ဝဲနောက်ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကာ ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင်ပါသော ယာဉ်မောင်းပါ အမျိုးသားရှစ်ဦးနှင့် အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၂၀ အနက် အမျိုးသားသုံးဦးနှင့် အမျိုးသမီးကိုးဦးတွင် (မစိုးရိမ်ရ)ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား အုတ်ရှစ်ကုန်းအမြန်လမ်းရဲတပ်ဖွဲ့စခန်းပိုင် ယာဉ်ဖြင့် မြို့ချောင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ယာဉ်မောင်း ဇော်ဝမ်းအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
**သန်းဦး(လေးမျက်နှာ)**

### ဆိုက်ကားကို နောက်မှ ဆိုင်ကယ်က တိုက်မိ၍ လူတစ်ဦးသေဆုံး

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စု သာယာကွင်းကျေးရွာအနီး၌ ဇန်နဝါရီ ၂၀ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ သာယာကွင်းကျေးရွာအနီး ပုသိမ်-မုံရွာကားလမ်းပေါ်၌ ဒွေးကိုဦး စီးနင်းလာသော ဆိုက်ကားကို နောက်မှ ဇော်မင်းထွန်း(ခ)ဇော်လေး မောင်းနှင်လာပြီး နောက်တွင် ဆန်းဝင်း(ခ)ဖိုးခွား လိုက်ပါလာသည့် ဆိုင်ကယ်က ဝင်တိုက်မိခြင်းဖြစ်ကာ ယာဉ်တိုက်မှုကြောင့် ဒွေးကိုဦးနှင့် ဇော်မင်းထွန်း(ခ)ဇော်လေးတို့တွင် (မစိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့ပြီး ဆန်းဝင်း(ခ)ဖိုးခွားမှာ (စိုးရိမ်ရ)ဒဏ်ရာများရရှိကာ ရန်ကုန်ဆေးရုံကြီးသို့ပို့ဆောင်၍ ဆေးကုသမှုခံယူနေစဉ် ဇန်နဝါရီ ၂၂ ရက်က သေဆုံးသွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်မောင်းနှင်သူ ဇော်မင်းထွန်း(ခ)ဇော်လေးအား လှည်းဆိပ်ရဲကင်းစခန်းမှူး ရဲအုပ်ညွှန့်အောင်က တရားလိုပြုလုပ်၍ ကျောင်းကုန်းမြို့မရဲစခန်း၌ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။
**ဝင်းကြိုင်(ပြန်/ဆက်)**

### တရားမဝင်သယ်ဆောင်လာသော ပိတောက်တုံးများဖမ်းမိ

ရန်ကုန်မြောက်ပိုင်းခရိုင် ဥက္ကံမြို့နယ်အတွင်း၌ တရားမဝင်သယ်ဆောင်လာသော ပိတောက်သား သစ်များကို ဇန်နဝါရီ ၂၃ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဝင်းနှင့် တိုက်ကြီးမြို့နယ် သစ်တောဦးစီးအရာရှိ ဦးဇော်သက်တို့ ဦးဆောင်သော သစ်တောဝန်ထမ်းများနှင့် ဥက္ကံနယ်မြေရဲစခန်းမှ ဒုရဲအုပ် လှိုင်မင်းထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ သစ်တောရဲဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၃ ရက်က ဥက္ကံမြောက်ဘိနယ် ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ်(၆၆)၌ ယာဉ်မောင်း ဇော်ဝဏ္ဏမောင်းနှင်လာသည့် နှစ်ဆန်း ၁၂ ဘီးယာဉ်ကို ရှာဖွေရာ ယာဉ်ပေါ်မှ တရားမဝင်သယ်ဆောင်လာသော ပိတောက်တုံး ၅၅ တုံး(အလေးချိန် ၅ ဒသမ ၆၂၅၄ တန်)ကို တွေ့ရှိသဖြင့် သစ်တောဦးစီးဌာနသို့ သယ်ယူသိမ်းဆည်းထားပြီး သစ်တောဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။
**ထွန်းလှိုင်(မြိုင်)**

# ပြည်ထောင်စုနေ့ကျင်းပမည့် ရှမ်းပြည်နယ် ပင်လုံကျောက်တိုင်ပန်းခြံအား တစ်မူထူးခြားစွာပြင်ဆင်

**သော်တာနမ့်စန်၊ ဓာတ်ပုံ-သန်းစိုး**



ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် ပင်လုံမြို့သည် မြန်မာပြည်၏ သမိုင်းဝင်မြို့လေးတစ်မြို့ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင် အထက် ပေ ၄၄၄၀ အမြင့်တွင် တည်ရှိ၍ ပင်လုံစာချုပ်လက်မှတ်ရေးထိုးရာ၊ ပင်လုံကျောက်တိုင်စိုက်ထူထားရာ သမိုင်းပုံရိပ်တို့ စုဝေးရာမြို့လေးတစ်မြို့အဖြစ် ရှိနေပါသည်။

၁၉၉၁ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ကျောက်တိုင်ပရဝဏ်အား ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်တွင် ကာရံထားသည့်အတိုင်း အုတ်တံတိုင်းကာရံ ပြုပြင်ခဲ့သည်။ ဆက်လက်၍ပြုပြင်ဆောင်ရွက်ခဲ့ရာ(၃၂၀×၄၁၀)ပေအကျယ်တွင် ပန်းခြံကို လှပသပ်ရပ်စေရန် ပြင်ဆင်လျက်ရှိသည်။ ၃ ဒသမ ၈၇ ဧက အကျယ်ရှိသောမြေနေရာတွင် ပင်လုံကျောက်တိုင် ပန်းခြံနေရာဖြစ်သော ၀ ဒသမ ၇၀ ဧကဋ္ဌ ကလေးကစားစရာများ၊ ကွန်ကရစ်လမ်းနှင့် ကွန်ကရစ်ထိုင်ခုံတို့ကို ပင်လုံမြို့နယ်စည်ပင်သာယာရေး ဌာနမှ တည်ဆောက်ထားပြီးဖြစ်သည်။

ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသော လူထုကိုယ်စားလှယ်ခေါင်းဆောင် ၂၃ ဦး၏ Monument Planter Wall တို့နှင့် အပန်းဖြေကလေးကစားကွင်းတွင် လာရောက်အပန်းဖြေ ဆော့ကစားကြသည့် ကလေးသူငယ်တို့ဖြင့် နေ့စဉ်စည်ကားလျက်ရှိသည်။ ပင်လုံကျောက်တိုင် ပန်းခြံသို့ ပြည်တွင်းပြည်ပဧည့်သည်များ လေ့လာကြည့်ရှုမှုများလာခဲ့ရာ အီသီယိုပီးယား၊ ဂျပန်၊ ကိုရီးယားအပါအဝင် ပြည်ပမှ နိုင်ငံခြားဧည့်သည်များ လာရောက်လေ့လာလျက်ရှိနေသည်။ တောင်ကြီးမှ နှစ်နာရီခွဲသာကားစီး၍ ရောက်ရှိနိုင်သော ပင်လုံမြို့သို့ နိုင်ငံခြားသားဧည့်သည်များ လာရောက်လေ့လာလည်ပတ်နိုင်သည်နှင့်အမျှ ဒေသအတွက် စီးပွားရေးအခွင့်အလမ်းများ ပွင့်လန်း စေမည်ဖြစ်သည်။ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပင်လုံကျောက်တိုင်ပန်းခြံကို ဖွင့်လှစ်လျက်ရှိသည်။

ပြည်ထောင်စုနေ့အား အထူးစည်ကားစွာကျင်းပမည်ဖြစ်သည့်အတွက် ပင်လုံကျောက်တိုင်ပန်းခြံကို ပြုပြင်မွမ်းမံမှုများဆောင်ရွက်နေသော လွိုင်လင်ခရိုင် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးခင်စောက "ပန်းခြံသန့်ရှင်းရေးနဲ့ ပန်းအလှအတွက် ပြုပြင်ဖန်တီးထားပါတယ်။ ဖေဖော်ဝါရီ ၁၀ ရက် နေ့မှာ အစမ်းလေ့ကျင့်မယ်။ တစ်ခုတိုက်ဆိုင်တာက ပင်လုံ ကျောက်တိုင်နဲ့ တစ်ဆက်တည်းရှိတဲ့ မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်အနေကဇာတင်ပြီး ဓမ္မာရုံက ဘုရားအနေကဇာတင်တာကို ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှာ ကျင်းပမှာပါ။ နောက်ပြီး မိုင်းဖုန်းဆရာတော်တည်ထားခဲ့တဲ့ ဘုရားထီးတင်ပွဲရှိမယ်။ ၁၂ ရက်နေ့မှာ ပြည်ထောင်စုနေ့ကျင်းပပြီးတော့ ၁၃ ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်း ၁၀၂ နှစ်ပြည့် မွေးနေ့ကို ကျင်းပမယ်လို့ သိရတယ်"ဟု ပင်လုံကျောက်တိုင် ပန်းခြံအတွင်း ပြည်ထောင်စုနေ့အတွက် ကြိုတင်ဆောင်ရွက်နေမှုတို့ကို ရှင်းပြသည်။

> **ပင်လုံစာချုပ်တွင်လက်မှတ် ရေးထိုးခဲ့ကြသော လူထု ကိုယ်စားလှယ်ခေါင်းဆောင် ၂၃ ဦး၏ Monument Planter Wall တို့နှင့် အပန်းဖြေ ကလေးကစားကွင်းတွင် လာရောက်အပန်းဖြေ ဆော့ကစားကြသည့် ကလေးသူငယ် တို့ဖြင့် နေ့စဉ်စည်ကားလျက်ရှိ**



နှစ်(၇၀)ပြည့် ပြည်ထောင်စုနေ့အား ပင်လုံမြို့ရှိ ပင်လုံကျောက်တိုင်တွင် ကျင်းပမည်ဖြစ်ရာ မြို့ခံပြည်သူနှင့် တိုင်းရင်းသားတို့က ဝမ်းသာပီတိဖြစ်လျက် ရှိနေပါသည်။ ဆက်လက်၍ ပြည်ထောင်စုနေ့အတွက် ပန်းခြံ၏အလှကို ပြင်ဆင်ဆောင်ရွက်မှုကိုကြီးကြပ်နေသော ဦးခင်စောက ပန်းခြံအတွင်းရှိ မြက်ခင်းပြင်တွင် ပျော်ပါးစားသောက်မှုများရှိသည့်အတွက် မြက်နှင့်ပန်းပင်များ ပျက်စီးသောကြောင့် မြက်ခင်းပေါ်မနင်းရန်တားမြစ်ထားရကြောင်း၊ ပင်လုံကျောက်တိုင်ပန်းခြံဧရိယာသည် ၃ ဒသမ ၈၇ ဧကသာရှိ၍ ထပ်မံတိုးချဲ့ရန်မြေနေရာမရှိတော့ကြောင်း၊ ပြည်ထောင်စုနေ့ပြီးစီးပါက ပန်းခြံ၏ လိုအပ်ချက်များကို နိုင်ငံတကာအမြင်ဖြင့် လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပင်လုံကျောက်တိုင်နှင့် စေတီဝင်းနေရာသည် ၁၉ ဧက ကျယ်ဝန်းပြီး ယခင်ကကျောက်တိုင်နေရာမှာ သစ်ပင်ချုံနွယ်များဝန်းရံလျက်ရှိကာ ပင်လုံကားလမ်းမှ ကျောက်တိုင်ပန်းခြံရှေ့စေတီနေရာအထိ လူနေအိမ်များဖြင့် ပြည့်လျက်ရှိသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၏ သမိုင်းဝင်နေရာဖြစ်သောကြောင့် ကျောက်တိုင်နှင့် ပန်းခြံကို ပြင်ဆင်တိုးချဲ့ရန် အိမ်ရာများအား မြို့သစ်ဘက်သို့ ရွှေ့ပြောင်းနေရာချထားခဲ့သည်။ ၂၀၀၂ ခုနှစ်က ကျောက်တိုင်ဝင်းအတွင်းတွင် ရွှေတိဂုံစေတီတော် တည်ထားကိုးကွယ်ရန် မြေနေရာအား ရွေးချယ်ခဲ့ပြီး ပန္နက်တော်တင်နှင့် ရတနာရွှေအုတ်မြစ်စီအခမ်းအနားတို့ကို ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ကျင်းပခဲ့သည်။

ကျောက်တိုင်အနီးတွင်ရှိသော ညောင်ပင်ခြေရင်းတွင် ဗိုလ်ချုပ်အောင်ဆန်း အနားယူစာဖတ်ခဲ့သည်ဟူသောစာတန်းနှင့်အတူ ပက်လက်ကုလားထိုင်တစ်လုံးချထားပြီး ညောင်ပင်တစ်ဖက်တွင် ကော်စားပွဲခုံတစ်လုံးထားရှိကာ အမွှေးတိုင်ထွန်းညှိထားသည်ကို တွေ့ရပါသည်။ ပြည်ထောင်စုကျောက်တိုင်ဖြစ်သော ပင်လုံကျောက်တိုင်အနီး၏ ညောင်ပင်ခြေရင်းတွင် ပက်လက်ကုလားထိုင်တစ်လုံးချထား၍ ဗိုလ်ချုပ်စာဖတ်ခဲ့သောနေရာဟု ဆိုရာ သမိုင်းဝင် အထောက်အထားများနှင့် ကိုက်ညီရန်လိုအပ်မည်ဟု ယူဆမိပါသည်။ သမိုင်းဝင်တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုပြသခဲ့သော တောင်တန်းမြေပြန့် ပူးပေါင်းရေးစာချုပ်ချုပ်ဆိုခဲ့ရာ နေရာဖြစ်သောကြောင့် လာရောက်လည်ပတ်သူတို့မှာ စည်းကမ်းရှိစွာ လေ့လာအပန်းဖြေခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ် မှုကိုပြသခဲ့သော ပင်လုံစာချုပ် လက်မှတ်ရေးထိုးရာ ပင်လုံကျောက်တိုင်အား လေးစားဂုဏ်ပြုရာ ရောက်စေမည်ဖြစ်သည်။

မြန်မာပြည်လွတ်လပ်ရေးရရန် တိုင်းရင်းသားခေါင်းဆောင်များ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ တောင်တန်းမြေပြန့် ပေါင်းစည်းရေး ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သော အောင်မြေဖြစ်သည့်အတွက် သန့်ရှင်းလှပသောမြို့၊ ခေတ်မီ သပ်ရပ်အဆင့်မြင့်သော ပန်းခြံတစ်ခုအဖြစ် ထားရှိရမည့် နေရာလည်းဖြစ်သည်။

ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် ပြည်ထောင်စုနေ့အား အစိုးရသစ်လက်ထက်တွင် ပင်လုံမြို့ရှိ ပင်လုံကျောက်တိုင်ပန်းခြံတွင် ကျင်းပပြုလုပ်မည်ဖြစ်၍ ပင်လုံမြို့ခံတို့နှင့်အတူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများက ဝမ်းသာပီတိ ဂုဏ်ယူစိတ်လှုပ်ရှားလျက်ရှိနေကြပါသည်။ သို့ဖြစ်၍ ပင်လုံကျောက်တိုင်ပန်းခြံအား ယခုနှစ် ပြည်ထောင်စုနေ့တွင် ပိုမိုလှပတင့်တယ်စေရန် တစ်မူထူးခြားစွာဖြင့် လွိုင်လင်ခရိုင်နှင့် မြို့နယ်စည်ပင်သာယာမှ အင်တိုက်အားတိုက်ဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သော ပြည်ထောင်စုနေ့အား ကြိုဆိုလျက် ခေတ်မီလှပသော ပန်းခြံနှင့်ဂုဏ်ယူဖွယ် ပင်လုံကျောက်တိုင်၏ တစ်မူထူးခြားစွာ ပြင်ဆင်ဆောင်ရွက်နေမှုအား တင်ပြလိုက်ရပါသည်။

# တရုတ်နိုင်ငံမှ အဝယ်များမှုကြောင့် ဖရဲဈေးနှစ်ဆမြင့်တက်

**ညောင်လေးပင် ဇန်နဝါရီ ၂၄**



နှစ်စဉ်ဆောင်းရာသီရောက်တိုင်း တရုတ်နိုင်ငံဘက်သို့ ဖရဲများ တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ်တွင် တရုတ်နိုင်ငံမှ အဝယ်များမှုကြောင့် ညောင်လေးပင်မြို့နယ်၌ ဖရဲဈေးနှစ်ဆမြင့်တက်ကာ ဖရဲစိုက်တောင်သူများ စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဖရဲသီးအလုံး အကြီးအသေးပေါ် မူတည်ကာ ဈေးကွာဟမှုရှိသည်။ ယမန်နှစ်က ဖရဲတစ်ကီလိုလျှင် တရုတ်နိုင်ငံသုံးငွေအနိမ့်ဆုံး တစ်ယွမ်မှ နှစ်ယွမ်အထိသာ ရောင်းချခဲ့ရပြီး ဖရဲဈေးမကောင်းသောကြောင့် တောင်သူများအရှုံးပေါ်ခဲ့သော်လည်း ယခုနှစ်တွင်မူ တရုတ်ငွေကြေး သုံးယွမ်မှ ငါးယွမ်အထိ ရောင်းချနေရသဖြင့် ဈေးကောင်းရလျက်ရှိကြောင်း ဘိုင်းဒါးကျေးရွာမှ ဖရဲစိုက်တောင်သူတစ်ဦးက ပြောသည်။

ယခုကဲ့သို့ ဈေးကောင်းရနေခြင်းမှာ ဖရဲသီးများ အဓိကထားစိုက်ပျိုးလျက်ရှိသည့် အထက်အညာဒေသတွင် စိုက်ပျိုးဖြစ်ထွန်းမှု မအောင်မြင်ခြင်း၊ တရုတ်နှင့် ဗီယက်နမ်တို့တွင်လည်း စိုက်ခင်းများပျက်စီးခဲ့ခြင်းကြောင့် ဖြစ်နိုင်ကြောင်း ကျွမ်းကျင်သူတချို့က သုံးသပ်ကြသည်။ **ပိန်းဇလုပ်-သိန်းညွန့်**

# ကားကြီးဝင်းအနီးစွန့်ပစ်ခံရသော ရက်သားကလေးငယ် မကွေးဆေးရုံတင်ထားရ

**မကွေး ဇန်နဝါရီ ၂၄**

မကွေးကားကြီးကွင်းမြောက်ဘက်ပေါက် အောင်မင်္ဂလာအင်ဂျင်နှင့် စက်ပစ္စည်း အရောင်းဆိုင် မျက်နှာချင်းဆိုင် ဆီးပင်အောက်(မဲထီးလမ်းဘေး)၌ စွန့်ပစ်ခံရသော ချက်ကြိုးမကြွေသေးသည့် ရက်သားကလေးငယ်(ကျား)တစ်ဦးအား ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက မကွေးပြည်သူ့ဆေးရုံကြီးသို့ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် တင်ထားရကြောင်း သိရသည်။

"နံနက် ၇နာရီ ၁၅ မိနစ်မှာ ကလေးတစ်ဦးကို စွန့်ပစ်ထားတာတွေ့လို့ အရောင်းဆိုင် ဝန်ထမ်းတစ်ဦးက သဒ္ဓါရှင်ရုံးကို အကြောင်းကြားတယ်။ အသင်းဥက္ကဋ္ဌနဲ့အဖွဲ့တွေသွားတော့ ကလေးက ကိုယ်အပူချိန်ကျပြီး အေးစက်နေတယ်။ နှုတ်ခမ်းတွေ ပြာနှမ်းနေတယ်။ နယ်မြေရဲစခန်းကိုသတင်းပို့ပြီးဆေးရုံကို ချက်ချင်းပို့လိုက်ရတယ်။ အသက်အန္တရာယ်စိုးရိမ်ရတဲ့ အနေအထားတော့ မရှိတော့ဘူး။ အသားဝါတော့ဝင်နေတယ်ထင်တယ်"ဟု သဒ္ဓါရှင် ရှင်သန်မှုကူညီရေးအသင်းမှ တာဝန်ရှိသူဦးနေမိုးဆွေကျော်ကပြောသည်။

မကွေးပြည်သူ့ဆေးရုံ သားဖွားမီးယပ်ဆောင်အပေါ်ထပ် မွေးကင်းစကလေးများထားသည့် နေရာတွင် ကလေးအား ခတ်ကင်ထားရပြီး သဒ္ဓါရှင်အဖွဲ့၏ ဆက်သွယ်မှုအရ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ချိုလတ်နှင့် လူမှုဝန်ထမ်းဦးစီးဌာန တာဝန်ရှိသူများ လာရောက်ကြည့်ရှုခဲ့ကြကြောင်း၊ ကုသမှုကုန်ကျစရိတ်နှင့် အာဟာရနို့မှုန့်အတွက် ဆေးရုံမှတာဝန်ယူထားကြောင်း သိရသည်။

"ကလေးကဆေးရုံမှာစောင့်ရှောက်မှုခံယူနေဆဲပါ။ ကျန်းမာရေးစိတ်ချရပြီဆိုရင် ကလေးပြုစုရေးကိုလွှဲပြောင်းအပ်နှံပြီး မိဘမဲ့ကလေးပြုစုရေးကျောင်းက မူလတန်းထိ တာဝန်ယူမှာပါ။ ဆက်လက်ပြီးသက်ဆိုင်ရာ မိဘမဲ့ဂေဟာတွေက ပြုစုစောင့်ရှောက်သွားမှာပါ"ဟုတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ချိုလတ်က ပြောသည်။ **ဇေယျာတု(မကွေး)**

# ဗမ္ဗူရတနာစက္ခုဒါနပရဟိတမှ အခမဲ့မျက်စိစမ်းသပ်ကုသ

**ဒိုက်ဦး ဇန်နဝါရီ ၂၄**

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)မှ ဗမ္ဗူရတနာစက္ခုဒါနပရဟိတက အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ခြင်းကို ဇန်နဝါရီ ၂၁ ရက်က ဗမ္ဗူရတနာကျောင်း၌ပြုလုပ်ရာ ရန်ကုန်မြို့ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဌေးဌေးလွင် ဦးဆောင်သော ဆရာဝန်အဖွဲ့က လူနာပေါင်း ၃၈၇ ဦး စမ်းသပ်ခဲ့ပြီး ခွဲစိတ်ရမည့် လူနာ ၁၀၅ ဦးကို ၄.၂.၂၀၁၇ ရက်တွင် ၆၀ ၊ ၄.၃.၂၀၁၇ ရက်တွင် ၄၅ ဦးအား ခွဲစိတ်ပေးမည်ဖြစ်ပြီး ကျန်လူနာများကို မျက်မှန်ပြုလုပ်ပေးခြင်း၊ ဆေးဝါးအခမဲ့ပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# ကလေးငယ်များ ပျော်ရွှင်မှုကို ဖန်တီးပေးနိုင်သော လူမှုအခြေပြုစာကြည့်တိုက်

**ရန်ကုန် ဇန်နဝါရီ ၂၄**



တာမွေမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ဇန်နဝါရီ ၂၀ ရက်က ကလေးငယ်များ စိတ်ပျော်ရွှင်စေရန် ကစားနည်းများ ပြုလုပ်ခြင်းနှင့် စာဖတ်ခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ကျောင်းနေအရွယ် ကလေးငယ်များ စာကြည့်တိုက်ကို ရင်းနှီးစေရန်နှင့် ပျော်ရွှင်စရာနေရာအဖြစ် ထင်မှတ်စေရန်အတွက် ကလေးငယ်များအကြိုက် ပျော်ရွှင်စရာကစားနည်းများ၊ ကလေးငယ်များ နှုတ်စွမ်းရည် မြင့်မားစေရေးအတွက် မိတ်ဆက်စကားဝိုင်းများ၊ ရောင်စုံစက္ကူများနှင့် ဆန်းသစ်တီထွင်မှုများကို မြို့နယ်ဦးစီးမှူး ဒေါ်လှလှမြင့်က သင်ကြား ဆောင်ရွက်ပေးခဲ့သည်။ စာကြည့်တိုက်သို့ စာအုပ်လာရောက်ငှားရမ်းသည့် အသင်းဝင်များက ကလေးငယ်များ စာကြည့်တိုက်တွင် ပျော်ရွှင်နေသည်ကိုတွေ့ရ၍ စိတ်ကြည်နူးမိကြောင်း၊ ကလေးငယ်များ ပျော်ရွှင်ပြီး စာအုပ်စာပေများ လေ့လာဖတ်ရှုနေသည်ကို တွေ့ရ၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ စာကြည့်တိုက်များသည် ပြည်သူများ နှင့် ကလေးငယ်များအတွက် အပန်းဖြေရာ လူမှုအခြေပြု စာကြည့်တိုက်များ ဖြစ်လာနိုင်ကြောင်း ပြောကြားသည်။ **လှလှ**

# ဓာတုဆေးဝါးများပါဝင်သည့် အစားအစာများ ထုတ်လုပ်ရောင်းချမှုမရှိစေရေး စစ်ဆေး

**ကျုံပျော် ဇန်နဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ပြည်သူများအတွက် ဘေးအန္တရာယ်ဖြစ်စေသော ခွင့်မပြုဓာတုဆေးဝါးများပါဝင်သည့် အစားအစာများ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် စားသုံးမိခြင်းများ မရှိစေရန်အတွက် မြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်မှုကော်မတီက ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၂၃ ရက်က အထောင်မြို့ စည်ပင်သာယာဈေးရှိ ဈေးဆိုင်များတွင် ခွင့်မပြုဆိုးဆေးပါဝင်သော မုန့်နှင့် သုံးစွဲရန် မသင့်ကြောင်း ကြော်ငြာထားသည့် တားမြစ်ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ မရှိကို စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထို့ပြင် စားသုံးသူရေးရာဦးစီးဌာနက စာသင်ကျောင်းများ၊ ကျေးရွာများသို့ လိုက်လံ၍ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါ ရရန်အခွင့်အရေးများနှင့် ပတ်သက်သည်များအား ဟောပြောခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# မိတ္ထီလာမြို့ ဘဝသစ်မျက်မမြင် ပညာသင်ကျောင်းအတွက် စေတနာရှင် အလှူရှင်များ လိုအပ်လျက်ရှိ

**မိတ္ထီလာ ဇန်နဝါရီ ၂၄**

မိတ္ထီလာမြို့ မြောက်ဘက် ၁၀ မိုင်အကွာ ရန်ကုန်-မန္တလေး ကားလမ်းပေါ်၌ ရှမ်းတဲလေတပ်ရှိသည်။ ရှမ်းတဲလေတပ်နှင့် မျက်နှာချင်းဆိုင် ညောင်ကန်ကျေးရွာအုပ်စု၊ ဓမ္မပါလကျေးရွာ၌ ဘဝသစ်မျက်မမြင်ပညာသင်ကျောင်းရှိသည်။ အဆိုပါကျောင်းကို မျက်မမြင်ဆရာ ဦးတင်မိုး (၄၄ နှစ်) က အုပ်ချုပ်သည်။ မျက်မမြင်ဆရာ ဦးတင်မိုးမှာ အင်္ဂလိပ်မေဂျာဖြင့် ၂၀၀၈ ခုနှစ်တွင် ဘွဲ့ရခဲ့သည်။

ဘဝသစ်မျက်မမြင်ပညာသင်ကျောင်းကို ဆရာဦးတင်မိုးက ၂၀၁၄ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ဘဝတူမျက်မမြင်ကျောင်းသား ကျောင်းသူများအား အသက်မွေးဝမ်းကျောင်းပညာများ၊ အတန်းပညာများ တတ်မြောက်၍ မိမိတို့ဘဝ ရပ်တည်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။ မျက်မမြင်ကျောင်း မြေနေရာ တစ်ဧကခွဲကို ဂျာမနီနိုင်ငံမှ အလှူရှင် MS. MIRIAM က ငွေကျပ်သိန်း ၆၀ ပေး၍ ဝယ်ယူလှူဒါန်းခြင်းဖြစ်သည်။

ယခုအခါ ဘဝသစ်မျက်မမြင်ကျောင်း၌ အမျိုးသမီး ခုနစ်ဦးနှင့် အမျိုးသား ၂၈ ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၃၅ ဦးရှိကာ စာပေပညာ၊ အနုပညာ၊ လက်မှုပညာများ သင်ကြားပေးသည်။ အနှိပ်ပညာဖြင့် ရရှိသောဝင်ငွေကို ကျောင်းရန်ပုံငွေအဖြစ် ရပ်တည်နေရပြီး ယခု မျက်မမြင် ၁၀ တန်းကျောင်းသားတစ်ဦးနှင့် နဝမတန်းကျောင်းသားတစ်ဦးတို့ရှိကြကြောင်း သိရသည်။

လူသိနည်းနေသော အဆိုပါကျောင်းကို အလှူခံ၍ရသောငွေဖြင့် အမျိုးသားဆောင်၊ အမျိုးသမီးဆောင်၊ ဝန်ထမ်းဆောင်၊ စာသင်ဆောင်နှင့် စားသောက်ဆောင်များကို ငွေကျပ်သိန်း ၁၂၀ ကျော် အကုန်အကျခံ၍ တည်ဆောက်ထားသည်။ မျက်မမြင်ကျောင်းသား ကျောင်းသူများ၏ စားဝတ်နေရေးအတွက် မိတ္ထီလာမြို့ပေါ်ရှိ လူမှုရေးအသင်းများ၊ အလှူရှင်များက ငွေပဒေသာပင်စိုက်ထူ၍လည်းကောင်း၊ လစဉ်အလှူရှင်များနှင့် နယ်လှည့်၍ အလှူခံကာ ရပ်တည်နေရကြောင်း၊ မိတ္ထီလာမြို့ ဘဝသစ်မျက်မမြင်ပညာသင်ကျောင်း ဖွင့်လှစ်ထားသည်မှာ နှစ်နှစ်ကြာပြီဖြစ်ပြီး လူမှုဝန်ထမ်းဦးစီးဌာနသို့ အသိအမှတ်ပြုလွှာ တင်ပြထားကြောင်းသိရသည်။



မျက်မမြင်ကျောင်းသား ကျောင်းသူများ၏ တစ်နေ့ စားသောက်စရိတ်မှာ ငွေကျပ် ၅၀၀၀၀ ကျော် ကုန်ကျပြီး စားဝတ်နေရေးအတွက် အလှူရှင်များလိုအပ်လျက်ရှိရာ စေတနာရှင်များအနေဖြင့် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဖုန်း-၀၉-၄၀၂၅၂၇၀၉၄ နှင့် ၀၉-၇၉၈၈၆၉၂၀၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

**မီးဖိုမီးအသုံးပြုလျှင်**

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံးပါနှင့်။
၃။ မီးဖို မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့် အမိုးနံရံအကြား အပူခံ အကာအရံများထားပါ။
၅။ ဆီအိုးတည်ပြီး မမေ့ပါနှင့်။

**မီးသတ်ဦးစီးဌာန**

## ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ် ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၄**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အောင်သုခကျေးရွာရှိ ဒေသခံများ၏နေအိမ်များသို့ နေပြည်တော် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၏ ညွှန်ကြားမှု၊ ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းဝင်း၏ဦးဆောင်မှုဖြင့် ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးအောင်၊ ပတ္တာ ရဲစခန်းမှူး ရဲအုပ် ဝင်းရွှင်နှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်တင်မိုးဌေးပါဝင်သော ရဲတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၀ ရက်က ရင်နှီးစွာသွားရောက်တွေ့ဆုံ၍ ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ်ကို စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့တွေ့ဆုံရာတွင် မှုခင်းကျူးလွန်ကာကွယ်ရေးနှင့် မှုခင်းပညာပေးလက်ကမ်းစာစောင်များကိုဝေငှ၍ ပြည်သူများအနေဖြင့် ရဲတပ်ဖွဲ့အား အချိန်မရွေး ဆက်သွယ်အကြောင်းကြားနိုင်မည့် ဖုန်းနံပါတ်များကိုပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှလည်း နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေး၊ လောင်းကစားမှုများပပျောက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို လုပ်ဆောင်ပေးရန် ၂၄ နာရီအသင့် ရှိနေကြောင်း၊ ပြည်သူတို့ဘက်မှလည်း မိမိတို့ပတ်ဝန်းကျင်တွင် မှုခင်းများဖြစ်ပေါ်လာလျှင် ရဲတပ်ဖွဲ့သို့ အချိန်မရွေး ဆက်သွယ်အကြောင်းကြားပေးရန်လိုအပ်ကြောင်း၊ ပြည်သူများက ရဲတပ်ဖွဲ့အား အကူအညီပေးမှ သတင်းမှန်ရရှိမည်ဖြစ်ကြောင်း ပုဗ္ဗသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဌေးအောင်က ပြည်သူများအား ရှင်းလင်းပြောကြားသည်။

ထို့အပြင် နေပြည်တော်ရဲတပ်ဖွဲ့ဝင်များသည် နေပြည်တော်(၈)မြို့နယ်တွင် နေထိုင်သော အများပြည်သူနေအိမ်များသို့ တစ်အိမ်တက်ဆင်းသွားရောက်၍ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းပညာပေး လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များပေးဆောင်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ကျေးရွာရှစ်ရွာ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်မည်

**စဉ့်ကူး ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာ လျှပ်စစ်မီးရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မကုန်မီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စဉ့်ကူးမြို့နယ်အတွင်းရှိ မဟာဓာတ်အားလိုင်းနှင့် နှစ်မိုင်အကွာရှိကျေးရွာများဖြစ်သော ဆည်သည်(တောင်)၊ ဆည်သည်(မြောက်)၊ ချောင်းဝ၊ ညောင်ပင်ပု၊ ကံပျို၊ ပျဉ်းပင်၊ ရေပြာအိုင်နှင့် ရုံးပင်သာကျေးရွာတို့တွင် လျှပ်စစ်မီး သွယ်တန်းတပ်ဆင်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ACFR 95 11KV လိုင်းခုနစ်မိုင်၊ 11/0.4KVA ထရန်စဖော်မာရှစ်လုံး တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် တင်ဒါရရှိသည့် ကုမ္ပဏီမှတာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာကျေးရွာမီးလင်းရေးလုပ်ငန်းကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းကာ စတင်ဆောင်ရွက်နေပြီဖြစ်ရာ ယခုအခါ ကျေးရွာရှစ်ရွာအနက် ကံပျို၊ ပျဉ်းပင်၊ ရေပြာအိုင်နှင့် ရုံးပင်သာကျေးရွာလေးရွာတို့တွင် ကွန်ကရစ်ဓာတ်တိုင်များနှင့် 11KV လိုင်းကြိုးများ သွယ်တန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **ဝင်းမောင်(စဉ့်ကူး)**

## မိတ္ထီလာတွင် ပထမဆုံး လူစီးပါရာမိုတာ သရုပ်ပြပျံသန်းပြပွဲကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၂၄**

Mandalay RC and DIY Group နှင့် မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်မှ မောင်းသူမဲ့လေယာဉ်ဌာနတို့ပူးပေါင်း၍ မိတ္ထီလာတွင် ပထမဆုံး လူစီးပါရာမိုတာသရုပ်ပြပျံသန်းပွဲနှင့် RC လေယာဉ် သရုပ်ပြပျံသန်းပွဲကို ဇန်နဝါရီ ၂၂ ရက်က ယင်းတက္ကသိုလ်အနီး ကွင်းပြင်၌ ကျင်းပကြောင်း သိရသည်။



"Mandalay RC and DIY Group မှာ ကျွန်တော်က အဖွဲ့ဝင်ဆိုတော့ သူတို့အဖွဲ့နဲ့အတူ လာရောက်သရုပ်ပြ ပျံသန်းတာပါ။ အလားတူ ကျောက်မဲ၊ သီပေါ၊ ပြင်ဦးလွင်၊ မန္တလေးဘက်တွေမှာလည်း ပျံသန်းဖူးပါတယ်။ လူစီးပါရာမိုတာနဲ့ ပျံသန်းနိုင်ဖို့အတွက် ခုနစ်လ ရှစ်လလောက် လေ့ကျင့်ရပါတယ်။ ဒီစက်ကို ကိုယ်တိုင်တီထွင်ဖန်တီးတာဖြစ်ပြီး အင်တာနက်ကနေ လူစီးပါရာမိုတာတွေအကြောင်း အဓိကလေ့လာပြီးတော့ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ လေထဲမှာ အမြင့်ပေ ၆၀၀၀ ကျော်ကနေ ပေ ၁၀၀၀၀ လောက် ပျံသန်းဖူးပြီး ကြာမြင့်ချိန် ၂ နာရီလောက်အထိ နေခဲ့ဖူးပါတယ်။ ကျွန်တော့်အနေနဲ့ လူစီးပါရာမိုတာကို မြင့်မြင့်စီးတာထက် နိမ့်နိမ့်စီးတာက ပိုပြီး ပျော်ရွှင်စရာကောင်းပါတယ်"ဟု လူစီးပါရာမိုတာ သရုပ်ပြစီးနင်းပျံသန်းပြသူ ကိုကျော်စိုးအောင် (ခ) ကိုဖိုးလုံးက ပြောသည်။

လူစီးပါရာမိုတာသရုပ်ပြပျံသန်းပွဲတွင် ကိုကျော်စိုးအောင် (ခ) ကိုဖိုးလုံးနှင့်အတူ တပည့်ဖြစ်သူ ကိုမျိုးညွန့်က သရုပ်ပြပျံသန်းပြသခဲ့ပြီး မန္တလေးမြို့မှ Mandalay RC and DIY Group အဖွဲ့ဝင်များက မောင်းသူမဲ့လေယာဉ်ငယ်မျိုးစုံကိုသရုပ်ပြပျံသန်းပြသရာ မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကြည်သွင်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လေ့လာသူများက စိတ်ဝင်တစားကြည့်ရှုအားပေးကြကြောင်းသိရသည်။**ချမ်းသာ(မိတ္ထီလာ)**

## ရမည်းသင်းမြို့ရှိ လွတ်လပ်ရေးကျောက်တိုင်ကြီးအား ပြန်လည်ပြင်ဆင်

**ရမည်းသင်း ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဝင်းအတွင်း အရှေ့တောင်ထောင့်ရှိ လွတ်လပ်ရေးကျောက်တိုင်ကြီးကို ယခုအခါ ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်သည်။

ထိုသို့ လွတ်လပ်ရေးကျောက်တိုင်ကြီးအား ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ရမည်းသင်းမြို့ မြို့မိမြို့ဖများနှင့် အထက (၁) ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ ဦးဆောင်၍ ပြန်လည်ပြင်ဆင်ခြင်းဖြစ်ပြီး ပြင်ဆင်မှုအတွက် ကုန်ကျငွေကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဦးမြင့်ဦး (မျိုးမြင့်ခိုင်-ရွှေသန့်စင် လုပ်ငန်း-ရွှေစည်းခုံ ရပ်ကွက်) မှ လှူဒါန်းသည်ဟု သိရသည်။

အဆိုပါ လွတ်လပ်ရေးကျောက် တိုင်ကြီးမှာ ရမည်းသင်းမြို့၏ ထင်ရှားသောအဆောက်အအုံတစ်ခုဖြစ်ကာ မြန်မာနိုင်ငံအား နယ်ချဲ့လက်အောက်မှ လွတ်မြောက်သည့် အထိမ်းအမှတ်ကျောက်တိုင်ဖြစ်ကြောင်း လွတ်လပ်ရေးရစ ၁၉၄၈ ခုနှစ်တွင် မီးသတ်အစည်းအရုံးအား ဦးဆောင်နေသူ ရမည်းသင်းမြို့ကြည်တော်ကုန်းရပ်နေ ဦးဝိုင်းက ဦးစီးပြီး ရန်ပုံငွေကောက်ခံကာ ဆောက်လုပ်ခဲ့ကြောင်း၊ အဆိုပါလွတ်လပ်ရေးကျောက်တိုင်ကို ထောင့်လေးထောင့်ဖြင့် တည်ဆောက်ထားပြီး အမြင့်မှာ ၃၅ ပေရှိကြောင်း သိရသည်။ **အတ်ကလေး(ရမည်းသင်း)**

## ကော့မှူးမြို့နယ်တွင် စက်ချုပ်ပညာ သင်တန်းဖွင့်

**ရန်ကုန် ဇန်နဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြှင့်တင်နိုင်ရေး၊ ဆင်းရဲမှုလျှော့ချနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်ပညာသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၀ ရက်က ထမ္မနိုင်ကျေးရွာ ရွှေကျောင်းတိုက် ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်သည်။ အဆိုပါအခမ်းအနားတွင် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာအေးက အမှာစကားပြောကြားပြီး သင်တန်းသို့ သင်တန်းသူ ၃၀ တက်ရောက်ကာ သင်တန်းနည်းပြများက စာတွေ့လက်တွေ့ ၄၅ ရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

## ရန်ကုန်ဂေါက်အသင်း အသင်းသား/အသင်းသူများအား အသိပေးကြေညာခြင်း

၁။ ၂၆-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် Annual General Meeting ကို ရန်ကုန်ဂေါက်အသင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ယင်းနေ့၌ပင် ၂၀၁၇-၂၀၁၈ခုနှစ်အတွက် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ခြင်းကို Annual General Meeting၌ ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် အလုပ်အမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်လိုသူများသည် ၁၅-၂-၂၀၁၇ရက် နောက်ဆုံးထား၍ Admin Officeသို့ စာရင်းလာရောက်တင်သွင်းနိုင်ပါသည်။

၃။ အလုပ်အမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်လိုသူများသည် အောက်ဖော်ပြပါ စည်းကမ်းသတ်မှတ်ခြင်းနှင့်အညီ စာရင်းတင်သွင်းရမည်ဖြစ်ပါသည်။

(က) အသင်းသားသက်တမ်းတစ်နှစ်ပြည့်ပြီးဖြစ်ရမည်။

(ခ) အခြားအသင်းသားနှစ်ဦး၏ထောက်ခံချက်ပါရှိရမည်။

(ဂ) လျှောက်ထားသူသည် ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးအချက်အလက်ပြည့်စုံစွာဖော်ပြရမည်။(ကိုယ်ရေးပုံစံအား Admin Office တွင် ထုတ်ယူနိုင်ပါသည်။

(Yangon Golf Club၏သင်းဖွဲ့စည်းမျဉ်း အပိုဒ်(၃၃)အရ ဆောင်ရွက်ခြင်းဖြစ်ပါသည်။)

**ရန်ကုန်ဂေါက်အသင်း**




### အယူတော်ခံမှုဆိုင်ရာ ချိန်းဆိုသည့်ရက်ကို အယူတော်ခံတရားပြိုင်သို့ ကြားသိစေသည့်အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**

**သထုံခရိုင်တရားရုံးတော်၌**

**၂၀၁၆ခုနှစ်၊ တရားမအယူခံမှုအမှတ်-၅၄**

ဒေါ်ညွန့်ညွန့်သိန်း **နှင့်** ၁။ ဒေါ်ရီရီသိန်း

၂။ ဒေါ်နီနီသိန်း

၃။ ဒေါ်အေးအေးသိန်း

၄။ ဒေါ်စပယ်သိန်း

၅။ ဦးစိုးမိုးသိန်း

၆။ ဒေါ်ခင်စန်းဌေး

၇။ ဦးခင်မောင်ဝင်း

၈။ ဒေါ်ဇင်ဖြိုးခိုင်

၉။ ဦးထက်ဖြိုးလှိုင်

၁၀။ ဦးချစ်ဝင်း

၁၁။ ဒေါ်မြင့်မြင့်သန်း

၁၂။ ဒေါ်တင်သန်းဝင်း

၁၃။ ဒေါ်တင်မာဝင်း(ခ)ဒေါ်တင်မြင့်ဝင်း

၁၄။ ဦးဟန်ဝင်းထွန်း

၁၅။ ဒေါ်ခိုင်မိုးမိုးထွေး

၁၆။ ဦးတေဇာထွန်း

၁၇။ ဦးဆက်ကိုကိုထွန်း

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

ကချင်ပြည်နယ်၊ ဖားကန့်မြို့၊ မရိုကတောင်ရပ်ကွက် (ပြုံးပန်းဝေအလှပြင်ဆိုင်)နေ အမှတ်(၁၆) အယူခံတရားပြိုင် ဦးတေဇာထွန်းနှင့် အမှတ်(၁၇) အယူခံတရားပြိုင် ဦးဆက်ကိုကိုထွန်း (ယခုနေရပ်လိပ်စာမသိသူများ)အားသိစေရမည်။

၂၀၁၆ခုနှစ်၊ အောက်တိုဘာ ၂၀ရက်စွဲပါ သထုံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၃/၂၀၁၄ အမှုတွင်ချမှတ်ထားသော စီရင်ချက်နှင့်ဒီကရီကို အယူတော်ခံမှု။

ယခုအမှုတွင် သထုံမြို့နယ်တရားရုံးတော်မှ ချမှတ်သည့်စီရင်ချက်နှင့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်မှ မှတ်တမ်းတင်စာရင်းဖွင့်၍ ဤအယူခံမှုကို ၂၀၁၇၊ ဖေဖော်ဝါရီ ၁၃ရက် (၁၃၇၈ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ရက်)တွင် ဆိုင်ရန် ဤရုံးတော်မှချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ အယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးတော်သို့ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်၏ မျက်ကွယ်တွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့် ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့်၄၁၊ နည်းဥပဒေ ၂၂အရ ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၁၇ခုနှစ်၊ ဇန်နဝါရီ ၁၆ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သဇင်စိုး)**
**ဒုတိယခရိုင်တရားသူကြီး**
**သထုံခရိုင်တရားရုံး**

### ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက(၇)၊ သတ္တမတန်း(C)မှ မောင်ညီညီနိုင်၏ ဖခင်အမည်မှန်မှာ ဦးစော စေးလ်ဗား ၂/လကန(နိုင်)၀၄၃၅၂၆ ဖြစ်ပါကြောင်း။ **ဦးစောစေးလ်ဗား**

### အမည်ပြောင်း

လှိုင်ကော်မြို့၊ နဝမတန်း(C) မှ ဦးဝင်းမြင့်၏သမီး မအေးစန္ဒာဝင်းအား မအေးသန္တာဝင်းဟု ပြောင်းလဲခေါ် ပါရန်။ **မအေးသန္တာဝင်း**

### ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၂)၊ နဝမတန်း(က)မှ နန်းမြအေး၏ ဖခင်အမည်မှန်မှာ ဦးအုံးမောင် ၁၃/ဆဆန(နိုင်)၀၂၉၅၇၃ ဖြစ်ပါကြောင်း။ **ဦးအုံးမောင်**

### ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၂)၊ နဝမတန်း(င)မှ မောင်လှိုင်ကိုထက်၏ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဦး ၁၃/တကန(နိုင်)၀၈၃၈၅၂ ဖြစ်ပါကြောင်း။ **ဦးအောင်ဆန်းဦး**

### ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၂)၊ နဝမတန်း(င)မှ မမိုးမိုးအောင်၏ဖခင် အမည်မှန်မှာ ဦးအောင်မျိုးထွန်း ၉/မထလ(နိုင်)၂၃၅၂၉၇ ဖြစ်ပါကြောင်း။ **ဦးအောင်မျိုးထွန်း**

### ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၂)၊ နဝမတန်း(င)မှ မရွှေဇင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇင် ၁၃/တကန(နိုင်)၁၈၇၇၉၇ ဖြစ်ပါကြောင်း။ **ဦးကျော်ဇင်**

# မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၄**

မောင်တောဒေသ စုံစမ်းစစ်ဆေးရေး ကော်မရှင်အစည်းအဝေး (၃/၂၀၁၇) ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စုံစမ်းစစ်ဆေးရေး ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ကော်မရှင်အဖွဲ့၏ ကြိုးပမ်းအားထုတ်မှုကြောင့် အသေးစိတ်အစီရင်ခံစာ(မူကြမ်း)ကို စုစည်းရေးသားပြီး ဖြစ်ပါကြောင်း၊ အစီရင်ခံစာ၌ မိမိတို့ ကော်မတီက အဓိကဖော်ထုတ်စိစစ်ရမည့် လုပ်ငန်းကိစ္စရပ်(၈)ခုကို ခြုံငုံရေးသားထားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊

*စာမျက်နှာ ၅ ကော်လံ ၁* ✪



မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အစည်းအဝေး (၃/၂၀၁၇) ကျင်းပစဉ် (သတင်းစဉ်)

# အာဆီယံ ဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်း ဆီမီးဖိုင်နယ် တက်ရောက်

**ဖိုးသော်ဇင်**

**ဗန်ကောက် ဇန်နဝါရီ ၂၄**

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၆ အာဆီယံ ဖူဆယ်ပြိုင်ပွဲ အုပ်စု ဒုတိယနေ့ကို ယနေ့မွန်းလွဲပိုင်းကစ၍ ထိုင်းနိုင်ငံ၌ ဆက်လက်ကျင်းပရာ နှစ်ပွဲဆက်အနိုင်ရခဲ့သည့် မြန်မာဖူဆယ်အသင်းသည် ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ခြောက်ဂိုး-သုံးဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာဖူဆယ်အသင်းသည် အဖွင့်ပွဲတွင် လာအိုအသင်းကို ဂိုးပြတ်အနိုင်ရခဲ့သကဲ့သို့ ယခုပွဲတွင်လည်း ထပ်မံခြေစွမ်းပြကာ အင်ဒိုနီးရှားကို အနိုင်ယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရနေပြီး ဒုတိယပိုင်းတွင် နှစ်ဂိုးထပ်မံသွင်းယူခဲ့ခြင်းဖြစ်ကာ ဂိုးများကို ပြည့်ဖြိုးမောင်က လေးဂိုး၊ ငြိမ်းမင်းစိုးနှင့် စိုင်းပြုံးအောင်တို့က တစ်ဂိုးစီ သွင်းယူခဲ့သည်။ အုပ်စု(ခ) အခြားပွဲစဉ်တွင် မလေးရှားက လာအိုကို ၁၃ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး နှစ်ပွဲဆက်အနိုင်ရခဲ့သည့် မြန်မာနှင့် မလေးရှားအသင်းတို့မှာ ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဇန်နဝါရီ ၂၅ ရက် **(ယနေ့)**တွင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အုပ်စုပထမနေရာအတွက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် ပထမဆုံးယှဉ်ပြိုင်သည့် ၂၀၀၆ ပြိုင်ပွဲတွင် တတိယနေရာရရှိဖူးပြီး ယခုအကြိမ်မှသာ ဆီမီးဖိုင်နယ်သို့ ဒုတိယအကြိမ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

# တရုတ်နှစ်ကူးမီးပုံးအလုံး ၃၀၀၀ ထူးထူးခြားခြားချိတ်ဆွဲပြသ



**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဇန်နဝါရီ ၂၄**

ရန်ကုန်မြို့ လသာမြို့နယ်အတွင်း ကျင်းပရန် စီစဉ်ထားသော တရုတ်နှစ်သစ်ကူးပွဲတော်အတွင်း ကမ္ဘာ့နိုင်ငံများနည်းတူ ဆွဲဆောင်မှုအဖြစ် တရုတ်မီးပုံးအလုံးပေါင်း ၃၀၀၀ ကျော် ထူးထူးခြားခြား ချိတ်ဆွဲပြသထားကြောင်း လသာလမ်း ကွမ်တုံဘုရားကျောင်းမှ အမှုဆောင် ဦးသက်ဝေက ပြောသည်။

"ဒီနှစ်က နိုင်ငံတော်ကလည်း အများကြီးပံ့ပိုးထားပါတယ်။ နှစ်သစ်ကူး

*စာမျက်နှာ ၅ ကော်လံ ၆* ❍

## နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များသို့ ကြိုတင်ဆန္ဒမဲလက်မှတ်များ ပေးပို့မှုဆောင်ရွက်ခြင်းအား အသိပေးခြင်း

၂၀၁၇၊ ဇန်နဝါရီ ၂၄

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပသို့ ရောက်ရှိနေသော ကြိုတင်ဆန္ဒမဲပေးရန် ပုံစံ(၁၅) ဖြင့် တောင်းခံထားသည့် မဲဆန္ဒရှင်များအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာသံရုံးအသီးသီးသို့ အချိန်မီပေးပို့နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးမှ ကြိုတင်ဆန္ဒမဲလက်မှတ်များကို တာဝန်ခံ၍ ထုတ်ပေးမည့်သူများက ၁-၂-၂၀၁၇ ရက်နေ့မှ စတင်ပြီး ကြိုတင်ဆန္ဒမဲလက်မှတ်များတွင် လက်မှတ်ရေးထိုးခြင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တံဆိပ်တုံးရိုက်နှိပ်ခြင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်း/ လက်ခံခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ပြည်တွင်း ပြည်ပရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် မီဒီယာများအနေဖြင့် လာရောက်လေ့လာနိုင်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ထူးခြားသည့် ညအပူချိန်

**နေပြည်တော် ဇန်နဝါရီ ၂၄**

ထူးခြားသည့် ညအပူချိန်များမှာ ပူတာအိုမြို့နှင့် ဟားခါးမြို့တို့၌ ၃ ဒီဂရီစင်တီဂရိတ်စီနှင့် မချမ်းဘောမြို့၌ ၆ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

(မိုး/ဇလ)


